www.burmeseclassic.com

တက္ကသိုလ်စိန်တင်

၏

# ပုဂံရှုပုံတော်(၁)

နှင့်

# သူတို့အမြင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**စီစဉ်သူ**
ခွန်ဂျာမှိုင်း

**စာမူခွင့်ပြုချက်**
၉၃၁/၂၀၀၀(၁၂)

**မျက်နှာဖုံးခွင့်ပြုချက်**
၈၆၄/၂၀၀၁(၁၀)

**မျက်နှာဖုံးပန်းချီ**
ပန်းချီ ဦးမောင်မောင်သိုက်

**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း၊ နေလရောင် ပုံနှိပ်တိုက်
အမှတ်- ၉၆/ခ၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**
ပပစိုး၊ ဦးစိုးမြင့်

**စာအုပ်ရောင်းဈေး**
၁၀၀၀ (တစ်ထောင်) ကျပ်

တက္ကသိုလ်စိန်တင်

၏

# ပုဂံရှာပုံတော် (၁)
# နှင့်
# သူတို့အမြင်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အမှတ်စဉ် | ခေါင်းစဉ် | စာရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၁ | ပုဂံရှာပုံတော်အတွက် မှတ်ချက် | တက်တိုး | ၁ |
| ၂ | အချိုပေါ်မှာသကာ မလောင်းပါရစေနှင့် | ချစ်နိုင် (စိတ်ပညာ) | ၇ |
| ၃ | တက္ကသိုလ်စိန်တင်နှင့် ပုဂံရှာပုံတော် (၁) | ဦးစန်းဝင်း ပါမောက္ခချုပ် | ၁၂ |
| ၄ | နရသီဟပတေ့၊ မိဖုရားစောလုံ၊ မိဖုရားစော တက္ကသိုက်စိန်တင်နှင့် ကျွန်တော် | မြတ်ဆွေ | ၁၉ |
| ၅ | ခေါင်းဆောင်သူ အရည်အချင်းနှင့်ပုဂံ | ဦးရန်အောင် (မြန်မာသမားတော်) | ၂၄ |
| ၆ | ပုဂံရှာပုံတော်ကို ဖတ်ပြီးပါပြီ | လယ်တွင်းသားစောချစ် | ၂၇ |
| ၇ | ပုဂံရှာပုံတော် (၁) စာအုပ်အပေါ် ဝေဖန်ချက် | မင်းရွှေမင်း (အင်းစိန်) | ၃၁ |
| ၈ | ပြည်သူတွေထဲက ရှေးပုဂံ | ဒေါ်ခင်မာလွင် (ကထိက) | ၃၂ |
| ၉ | ပုဂံနှင့် တက္ကသိုလ်စိန်တင် | မင်းယုဝေ | ၃၄ |


www.burmeseclassic.com

www.burmeseclassic.com


| | | | |
|---|---|---|---|
| ၁၀ | ပုဂံရာပုံတော်နှင့် ကျွန်တော် | ချောင်းဆုံအုန်းသွင် | ၃၆ |
| ၁၁ | ပုဂံရာပုံတော် (သို့မဟုတ်) ရွှေထီးဆောင်းခဲ့သောခေတ်များကို ပြန်ပြောင်းကြည့်ခြင်း | ဒေါက်တာ မောင်မောင်ညို | ၄၅ |
| ၁၂ | ပုဂံရဲ့ အားမာန် | တော်ဘုရားလေး (အောင်ဇေ) | ၅၆ |
| ၁၃ | ကျေးဇူးတင်ပါသည် | ထီလာစိုးမြင့်ထယ် | ၆၂ |
| ၁၄ | ရာပုံတော်ကို ရှာဖွေခြင်း | ချစ်ဦးညို | ၆၅ |
| ၁၅ | မြန်မာတို့၏ ပုဂံ | မကြွယ်ကြွယ် | ၇၂ |
| ၁၆ | ပုဂံနှင့်ပတ်သက်ပြီး | မောင်တည်ငြိမ် | ၇၆ |
| ၁၇ | စာငတ်ပြေ | ကြော့မောင်မောင်ညွန့် | ၇၇ |
| ၁၈ | အံ့စရာမင်းခွေးချေး | ရွှေဘိုမိမိကြီး | ၇၈ |
| ၁၉ | ပုဂံနေဝင်ချိန်ရှုခင်း | ဒေါက်တာသက်လွင် | ၈၀ |
| ၂၀ | ရှာဖွေလေ တွေ့ရှိလေ | လေးမြိုင် | ၈၅ |
| ၂၁ | သမိုင်းဝတ္ထု | မောင်ကောင်းမြင့် | ၉၁ |
| ၂၂ | ပုဂံရာပုံတော် (၁) | အောင်ဝေး | ၉၇ |
| ၂၃ | စင်တင်စာအုပ်များ | လင်းယုန်မောင်မောင် | ၁၀၂ |
| ၂၄ | ပုဂံရာပုံတော်အညွှန်း | သုတေသီတစ်ဦး | ၁၁၂ |
| ၂၅ | ပုဂံပျက်စေသူအကြောင်း | မမြင့်ခိုင် | ၁၁၈ |


**အားလုံးကို ကျေးဇူးတင်ပါသည်။**
**အားလုံး၏ စေတနာကို လေးစားပါသည်။**

တက္ကသိုလ်စိန်တင်

www.burmeseclassic.com

www.burmeseclassic.com

## ၁။ ပုဂံရှာပုံတော်အတွက် မှတ်ချက်

### တက်တိုး

တက္ကသိုလ်စိန်တင်သည် လွန်ခဲ့သည့် နှစ်လလောက်က ကျွန်တော့်အိမ်သို့ သူ့ဇနီး 'စိမ့်' နှင့်အတူ ရောက်လာသည်။ ပြန်ခါနီးတွင် သူ၏ ပုဂံရှာပုံတော် (၁) စာအုပ် တစ်အုပ် ကန်တော့သည်။ ကျွန်တော်ကလည်း ဖတ်ပြီး ဆောင်းပါးတစ်ပုဒ်ရေးပေးမည်ဟု သူက မတောင်းဆိုဘဲနှင့် ပြောလိုက်သည်။

သူ့စာအုပ်ကို အနည်းငယ် လှန်လှောကြည့်ပြီးလျှင် ကျွန်တော့် စာအုပ်စင်ပေါ်တွင် အခြားစာအုပ်များနှင့်အတူ တင်ထားလိုက်သည်။ ကျွန်တော့်မှာ မျက်စိအားနည်းသဖြင့် စာများများ မဖတ်နိုင်ချေ။ သူ့စာအုပ်ကို နောက်မှ အချိန်ရတိုင်း ဖြည်းဖြည်းဖတ်မည်ဟု စိတ်မှာ ရည်ရွယ်ပြီးထားလိုက်သည်။ ဒီအသက်အရွယ်အထိ ကျွန်တော့်မှာ နေ့စဉ်နေ့တိုင်း အထူးသဖြင့် နံနက်ပိုင်းတွင် ဆောင်းပါးများ ရေး သည်။ နေ့လယ်ပိုင်းမှာလည်း နှစ်နာရီ သုံးနာရီ စာရေးသေးသဖြင့် လစဉ်ဆောင်းပါးများ အတော်များများ ရေးပေးရသောကြောင့် စာဖတ်ချိန် အတော်နည်းနေသည်။

မကြာခင် တက္ကသိုလ်စိန်တင် ရောက်လာပြန်သည်။ ဒီတစ်ခါတော့ 'စိမ့်' ပါမလာ။ သူက သူ၏ 'ဦးသန့်' အတ္ထုပ္ပတ္တိ နောက်တစ်ကြိမ် ရိုက်ထုတ်ဝေသော စာအုပ် တစ်အုပ် ကန်တော့သည်။ ထိုအခိုက်တွင် သူက သူ၏ 'ပုဂံရှာပုံတော်' နှင့် ပတ်သက်

www.burmeseclassic.com



သည့် ထင်မြင်ချက် ဝေဖန်ချက်တို့ကို စာရေးဆရာ အချို့ထံမှ မေတ္တာရပ်ခံ၍ ရယူနေရာ၊ သူ့အဖို့ နှစ်ယောက် သုံးယောက်လောက်သာ ကျန်တော့သည် ဆိုသည်။ ကျန်ခဲ့သူတွေထဲမှာ ကျွန်တော်ပါဝင်နေသည်။ မှန်ပေသည်။ ကျွန်တော်ကလည်း ကတိပေးခဲ့လေသည်။

'ငါ ပြောရဦးမယ်၊ မင်းစာအုပ်ကို ငါနည်းနည်း ဖတ်ပြီးထိုးထားတယ်။ လစဉ်ရေးရတဲ့ ဆောင်းပါးတွေနဲ့ အားတယ်လို့မရှိဘူး။ ငါကလည်း အဲဒီလို မအားဘဲ အမြဲရေးနေရတာကို မစွန့်နိုင်ဘူး။ မင်း စာအုပ်ကို နည်းနည်းဖတ်ကြည့်တော့ ဖတ်ဖို့ ကောင်းတဲ့စာအုပ်ပဲလို့ သိလိုက်ပါတယ်။ အခုတော့ မင်းက အပူကပ်လာတော့ငါ မင်းစာအုပ်ကို ကိုင်ရတော့မှာပေါ့။ ဆယ်ရက် ဆယ့်ငါးရက်တော့ အချိန်ပေးဦး' ဟု ပြောလိုက်ရသည်။

သူ ပြန်သွားပြီးနောက် ကျွန်တော် သူ့စာအုပ်ကို အလုပ်တစ်ခုအနေနှင့် တတ်နိုင်သမျှ အချိန်ပေးပြီး ဖတ်ပါသည်။ တစ်အုပ်လုံး ကုန်အောင် ဖတ်ပြီးမှ ကျွန်တော် 'မှတ်ချက်' ရေးပေးဖို့ ဆုံးဖြတ်ပြီးလျှင် ချိန်းရက်မတိုင်မီ ပြီးအောင် ဖတ်လိုက်ပါသည်။

'ပုဂံရှာပုံတော်' ဆိုသည့်အတိုင်း ပုဂံရာဇဝင် ကျမ်းကြီးများကို ဖတ်ပြီး ပုဂံသို့ သွား၍ လေ့လာခဲ့ပြီးမှ သူက 'ပုဂံရှာပုံတော်'ကို စ၍ ရေးသည်။ သူ၏ 'စာအုပ်ပြုစုသူ၏ အမှာ' နိဂုံးစာပိုဒ်တွင် ဤသို့ ဆိုထားသည်။

'ပုဂံရှာပုံတော် (၁) စာအုပ်သည် ယခုအခါ ချစ်သော စာဖတ်သူ၏ လက်သို့ ရောက်နေပါပြီ။ ထိုစာအုပ်တွင် အနော်ရထာ၏ အောင်လံတလူလူ လွှင့်ခဲ့သော နိုင်ငံတော်ကြီးကို နိဂုံးသတ်ရေး



ပေးခဲ့သော နရသီဟပတေ့မင်း၏ ဖြစ်ရပ် ဇာတ်လမ်းများကို ရေး၍ တင်ပြထားပါသည်။ တက္ကသိုလ်စိန်တင်သည် ပုဂံရှာပုံတော် စာအုပ်စာတွဲများကို ဆက်လက်ရေးသားရန် ကြံစည်အားထုတ်လျက် ရှိပါသည်။ နောင်လာမည့် စာအုပ်တွဲများတွင် ပုဂံ၏ ကြီးမြတ်ခြင်း၊ ပုဂံ၏ တင့်တယ်ခြင်း၊ ပုဂံ၏ ထည်ဝါခြင်းတို့နှင့်အတူ သမိုင်းဖြစ်ရပ်များကို ဝတ္ထုဟန်ဖြင့် ဆက်လက်ရေးသားတင်ဆက်သွားမည် ဖြစ်ကြောင်း အစီရင်ခံရပါသည်။'

သူ ဖော်ပြထားသည့်အတိုင်း 'ပုဂံရှာပုံတော် (၁)'တွင် အခန်း (၁) အဖြစ် 'သမိုင်းမှာ စွန်းထင်းခဲ့သော ကွမ်းတံတွေးတစ်ကွက်' ခေါင်းစီးတပ်၍ အိမ်ရှေ့မင်းသား သီဟသူနှင့် အမတ်ကြီး ရာဇသင်္ကြန်တို့၏ ပဋိပက္ခကို သီဟသူက အမတ်ကြီး၏ ဝတ်ရုံပေါ်သို့ ကွမ်းတံတွေး ထွေးချခြင်းဖြင့် စော်ကားလိုက်သဖြင့် နန်းတွင်း၌ ရုတ်ရုတ်သည်းသည်း ဖြစ်ရပ်ကို 'ဝတ္ထုဟန်' ဖြင့် ဖော်ပြလိုက်သည်။ နောက်ဆက်လာသော အခန်းတို့တွင်လည်း ဝတ္ထုဟန်ဖြင့် ဖော်ပြကာ ပုဂံရာဇဝင် နိဂုံးပိုင်းကို ရေးသားတင်ပြလိုက်သည်။

တက္ကသိုလ်စိန်တင်သည် ရာဇဝင်ကျမ်း၊ သမိုင်းကျမ်းတို့ကို ရေးသည် မဟုတ်ပေ။ သမိုင်း အခြေခံ ဝတ္ထုကို ရေးသည်သာ ဖြစ်၏။ သူသည် သူ့ရေးဟန်ဖြင့် သမိုင်းကြောင်းလည်း မပျက်စေဘဲ စာဖတ်ပရိသတ်အဖို့ စိတ်ဝင်စားဘွယ် ဝတ္ထုကို ရေးသဖြင့် သမိုင်းသုတေသီတို့နှင့် သမိုင်းကို ဝတ္ထုပုံစံဖြင့် ရေးသည်ကို မကြိုက်သူတို့က မကျေနပ် ဖြစ်မည်ဆိုလျှင် ဖြစ်နိုင်သည်။ သမိုင်းကို သမိုင်းပုံစံဖြင့် ပေးသည်ကိုသာ လိုလားသူတို့၏ မကျေနပ်မှုကို မည်သို့မျှ မဆိုသင့်ပေ။ သို့သော် တက္ကသိုလ်စိန်တင်သည် သမိုင်းဆရာမဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုဆောင်းပါးများကို ရေးသော စာရေးဆရာ ဖြစ်သည်။ စာရေးဆရာနှင့် သမိုင်းအစရှိသော အတတ်ပညာရှင်တို့နှင့် မတူပေ။ တစ်လမ်းစီ လျှောက်ကြသူများသာ ဖြစ်သည်။

ဤနေရာတွင် အကြောင်းသင့်၍ အတွေ့အကြုံကလေး တစ်ခုကို သာဓကအဖြစ် ဖော်ပြလိုပါသည်။ ကြာတော့ ကြာပါပြီ။ တစ်ခါက တက္ကသိုလ်တွင် သမိုင်းဘာသာရပ်နှင့် ပတ်သက်သည့် ဆွေးနွေးပွဲသို့ အကြောင်းအားလျော်စွာ ကျွန်တော်တက်ရောက်လေသည်။

ဆွေးနွေးပွဲတွင် သမိုင်းအကြောင်းချင်းရာ အချက်အလက်များကို ပီပြင်စွာ ရေးသားဖော်ပြရန်လိုကြောင်း သမိုင်းဆရာကြီး တစ်ယောက်က ပြောသည်။ သူက ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ ဂျာမနီအာဏာရှင် ဟစ်တလာက ရုရှားပြည် လီနင်ဂရက်မြို့ကို ဂျာမန် တပ်များဖြင့် ဝိုင်းထားသည်မှာ ရက်ပေါင်း ကိုးရာကြာလေသည်။ ထိုအကြောင်းချင်းရာကို စစ်ပြီးသည့်နောက် သမိုင်းဆရာ အချို့၏ စာအုပ်နှင့် စာရေးဆရာအချို့တို့၏ စာအုပ်တို့ ထွက်ပေါ်လာသည်။ ထိုစာအုပ်တွေထဲတွင် ရုရှားပြည် မော်စကိုမြို့ တက္ကသိုလ်မှ သမိုင်းပါမောက္ခတစ်ဦးရေးသော 'လီနင်ဂရက်မြို့ကိုတပ်များဝိုင်းထားခြင်း' (The Seige of Leningrad) နှင့် အမေရိကန်ဝတ္ထုရေးဆရာ 'ဟဲရစ္စင်-ဆဲလ်စ်ဘဲရီ' (Harrison Salisbury)၏ လီနင်ဂရက်မြို့မှာ ရက်ကိုးဆယ်ကြာ' (Nine hundred days in Leningrad)။ ထိုစာအုပ်နှစ်အုပ်ကို သမိုင်းပါမောက္ခက ညွှန်းပြီးလျှင် ရုရှားပါမောက္ခကြီး၏ စာအုပ် 'လီနင်ဂရက်မြို့ကို ဂျာမန်တပ်များ ဝိုင်းထားခြင်း'သည်သာလျှင် အရှိကိုအရှိတိုင်း ရေးသားဖော်ပြသဖြင့်



လက်ခံသင့်ကြောင်း၊ စာရေးဆရာ 'ဆဲလ်စ်ဘဲရီ' ၏ စာအုပ်မှာ သမိုင်းအကြောင်းချင်းရာ အချက်အလက်များကို ပြုပြင်ပြီး စိတ်ကူးရသည့် အဖြစ်အပျက်များကို ထည့်ထားသည်ဟု ဆိုလေသည်။

သူ့အနားမှာ ထိုင်နေသော ကျွန်တော်က 'ဆဲလ်စ်ဘဲရီ' ရဲ့ စာအုပ်က သမိုင်းကျမ်းမှ မဟုတ်တာ၊ ဝတ္ထုစာအုပ် ဖြစ်ပါတယ်။ သမိုင်းဝတ္ထုများ ရေးနည်းနဲ့ ရေးထားတာပါ။ သမိုင်းအချက်အလက်တွေကို သူ့အတိုင်း ဖော်ပြတာက သမိုင်းဆရာတို့ရဲ့ အလုပ်ပါ။ အတိအကျ အခိုင်အမာဖြစ်တဲ့အကြောင်းတွေကိုသာ ရေးတာပါ။ သုတစာပေသာ ဖြစ်ပါတယ်။ ဝတ္ထုက သုတနဲ့ရသ သမအောင် ရေးစပ်ပြီး ရေးတာပါ။ တခြားစီပါ'ဟု ပြောလိုက်ပါသည်။

သုတကို ရသနှင့် နှောပြီး မွမ်းမံလိုက်ခြင်းဖြင့် ခိုင်မာခြောက်သွေ့သော သမိုင်းအချက်အလက်များကို စာရေးဆရာက အခြေခံ၍ လူ့သဘာဝ၊ လူ့စရိုက်၊ လူ၏ တုန့်ပြန်ခံစားမှုများကို အလျဉ်းသင့်သလို ယုတ္တိတန်တန် ထည့်သွင်းပြီးလျှင် သမိုင်းဝတ္ထု (ရာဇဝင်ဝတ္ထု) မျိုးသည် ကမ္ဘာ့စာပေ အသီးသီးမှာ ရှိပါသည်။ ထို ယုတ္တိတန်တန် လှုပ်ရှားမှုတို့သည် လူသားတို့၏ သဘာဝဖြစ်သည်။ ထိုသဘာဝကို ယူ၍ စာရေးဆရာက ဇာတ်လမ်းဇာတ်ကွက်တို့နှင့် အလိုက်သင့်သည့် ဖန်တီးမှုန်းချယ်မှုပြုခြင်းသည် သင့်မြတ်ပေသည်။ ထိုအလုပ်မျိုးကို သမိုင်းဆရာတို့က မစွမ်းဆောင်နိုင်ချေ။ သူတို့က 'အရှိကို အရှိအတိုင်း' ဖော်ပြရမည်ဆိုလျှင် သူတို့ တွေ့ရှိသော အရှိအတိုင်းသည် ပြည့်စုံပါရဲ့လားဟု မေးလျှင် လွန်ရာမကျပေ။

ဥပမာ သီဟသူက သူညီလာခံ အခန်းတွင် ထပြန်သည် တွင် ရာဇသင်္ကြန် အမတ်ကြီးက အမှတ်မထင် နေလိုက်မိသည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝယဝုဒ္ဓိဂုဏ်ကို မထောက်ထားဘဲ ဝန်ကြီး၏ အဝတ်ပေါ်သို့ ကွမ်းတံတွေး ထွေးသွားသည့် အချက်သည် သေးငယ်သော အသွင်ရှိ၏။ သို့သော် ထိုဖြစ်ရပ်ကလေး၏ဂယက် နန်းတွင်း၌ မည်သို့ ရိုက်သွားသည်ဟူသော လူသားတို့၏ သဘာဝတစ်ရပ်ကို စာရေးဆရာက အသေးစိတ် ဖော်ပြခြင်းသည် အပြစ်ပါလားဟု မေးလျှင် ဘယ်သို့ ဖြေမှာလဲ။ စာရေးဆရာ၌ အသေးစိပ်ကို မွမ်းမံ ချယ်မှုန်းခွင့် ရှိပေသည်။

တက္ကသိုလ်စိန်တင်၏ 'ပုဂံရာပုံတော် (၁)' အတွက် ကျွန်တော့်မှတ်ချက် နိဂုံးချုပ်ရာတွင် တက္ကသိုလ်စိန်တင်ဘက်သို့ မျက်စောင်းတစ်ချက်ထိုးပြီး 'ဝတ္ထုဟာနဲ့ ရေးတယ်ဆိုပေမယ့် ဖြစ်ရပ်တွေထဲ၌ ပါဝင်သော ဇာတ်ကောင်တို့၏ လှုပ်ရှားမှု တုန့်ပြန်မှုတွေကို ဖော်ပြရင်း တက္ကသိုလ်စိန်တင်က ဝင်၍ ဝင်၍ စာဖတ်သူနှင့် စကားပြောခြင်းသည် ဝတ္ထုဟာန်ထက် ကွက်စိပ်ဟာန် မဆန်ဘူးလား' ဟု ပြုံး၍ မေးလိုက်ချင်ပါသည်။

သို့သော်....သို့သော်၊ ရင်းနှီးသည့်အလျောက် ပြောလိုက်ချင်သော်လည်း မပြောတော့ပါ။ စာရေးဆရာတိုင်းမှာ ကိုယ်ပိုင် 'ရေးဟာန်' ရှိသည်။ ယင်းသည် သူ၏ 'ဥစ္စာ' ဖြစ်သည်။ အခြားသူက မည်သို့မျှ ထိပါးဖို့ မသင့်ပေ။ 'သူ့ဟာန်နဲ့သူ ရှိပါစေ' ဟူ၍ နှလုံးသွင်းရပေလိမ့်မည်။

•

**တက်တိုး**

**၁၉၉၈ ခု၊ အောက်တိုဘာ (၄) ရက်၊ တနင်္ဂနွေနေ့**

## ၂။ အချိုပေါ်မှာ သကာ မလောင်းပါရစေနှင့်

**ချစ်နိုင် (စိတ်ပညာ)**

လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကျော်ကာလမှ စတင်၍ ကျွန်တော်တို့သည် စာပေဝါသနာရှင် ဖြစ်ခဲ့ကြပါသည်။ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် သတင်းစာ မကျန် စာဟူသမျှ အငန်းမရ ဖတ်လေ့ရှိပါ၏။ ကျွန်တော်တို့ စာဖတ်အား ကောင်းစမှာ ဆရာဇော်ဂျီ၏ ရာဇဝင်ဝတ္ထုရှည်ကြီးများ သတင်းစာ၌ ပါခဲ့ဖူးသည်ကို မှတ်မိပါသည်။ ဒဂုန်၊ နန္ဒစသည့် စာရေးဆရာကြီးများ၏ ရာဇဝင်ဝတ္ထုများ၊ ရွှေစကြာ၊ ရန်ကုန်ဘဆွေတို့၏ ရာဇဝင်နောက်ခံ မျိုးချစ်စိတ်ကို နိုးကြားစေသော ဝတ္ထုများသည် ကျွန်တော်တို့ကို စာရူးပေရူးဖြစ်အောင် ဆွဲဆောင်ခဲ့ကြပါ၏။ မောင်သက်နှောင်၊ မိုးဝေ၊ ရဲစိုး၊ နတ်နွယ်တို့၏ ဝတ္ထုများက ကျွန်တော်တို့ကို စာအုပ်ထဲ၌ မွေ့လျော် ပျော်ပိုက်တတ်အောင် လေ့ကျင့်ပျိုးထောင်ခဲ့ကြပါ၏။

ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ မဟာဆွေ၊ ပီမိုးနင်းမှသည် ၂ဆွလိုင်ဦး၊ မင်းသိခ်၊ ဂျူး စသည်တို့အထိ သာမန် စာဖတ်သူများ နှစ်ခြိုက်သမျှ လိုက်၍ ဖတ်ခဲ့ကြပါ၏။

ကျွန်တော်တို့ စာဖတ်အားကောင်းချိန်ကာလအတွင်း အလင်းယုန်မောင်မောင်၊ မိုးညိုစသည့် ပုဂ္ဂိုလ်တို့ ရေးသားသော အတ္ထုပ္ပတ္တိစာအုပ်များကိုလည်း ဖြတ်သန်းခဲ့ကြရပါ၏။ ရွှေဥဒေါင်း၊ မဟာဆွေ၊ ပီမိုးနင်း၊ ဒဂုန်ရွှေမျှား၊ မန်းတင်၊ သိပ္ပံမောင်ဝ၊ သိန်းဖေ

www.burmeseclassic.com

www.burmeseclassic.com



မြင့်၊ သခင်တင်မြ၊ ဗိုလ်မှူးချစ်ကောင်း၊ ဗိုလ်ဉာဏ်မောင်၊ ဗိုလ်ဗလ စသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိ မှတ်တမ်းများသည်လည်း ဖတ်၍ ကောင်းလှပါ၏။ လူထု ဦးလှ၏ ကျွန်တော် အစချီ အတ္ထုပ္ပတ္တိရုပ်ပုံလွှာများသည်လည်း စိတ်ဝင်စားဖွယ် ရှိခဲ့ပါ၏။

အတ္ထုပ္ပတ္တိစာပေများကို ကျွန်တော်တို့များစွာ စိတ်ပါဝင်စားခဲ့ကြသည်။ ဤစာအုပ်များထဲ၌ ပျော်မွေ့နေခဲ့စဉ် ချန်လှပ်ထား၍ မဖြစ်နိုင်သော စာရေးဆရာတစ်ဦး ရှိသည်။ သူကား တက္ကသိုလ်စိန်တင် ဖြစ်သတည်း။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၊ အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း၊ အောင်ဆန်းသူရိယ ဗိုလ်မှူးအေးချို မုန်တိုင်း ဗိုလ်ရဲဒင်၊ စောစံဖိုးသင်၊ ပခုက္ကူဦးအုံးဖေ အစရှိသော အလွန်တရာ ထူးခြားသည့် မှတ်တမ်းတင်ပုံရိပ်လွှာတို့ကို အသက်ဝင်အောင် ထူးချွန်ပြောင်မြောက်စွာ ရေးဖွဲ့နိုင်ခဲ့သူ ဖြစ်ပေသည်။

ဆရာတက္ကသိုလ်စိန်တင်ကို ကျွန်တော်သည် လူချင်း မမြင်ဘူးခင်ကပင် အကြိမ်ကြိမ် ချီးကျူးခဲ့၏။ လူချင်းတွေ့ရသိကြသည့်အချိန်တွင်လည်း ဆရာ့ကို အလွန်လေးစားမိပါကြောင်း ထုတ်ဖော်ခဲ့သည်မှာ အကြိမ်ကြိမ်ပါ။ အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ထုတ်ဝေနေရသော ဆရာ့စာအုပ်များစွာ ရောင်းကောင်းနေခြင်းက သက်သေခံပါသည်။ စာဖတ်ပရိသတ်၏ အဆက်မပြတ် အားပေးမှုသည် မှတ်ကျောက်ဖြစ်ပါသည်။ လိမ်ညာဖုံးကွယ်ထား၍ မရနိုင်ပါ။

ဆရာ တက္ကသိုလ်စိန်တင်က ‘အိုဘယ့်အနော်ရထာ’ စာအုပ် ကျွန်တော့်ကို လက်ဆောင်ပေးဖူးပါသည်။ ကောင်းပါသည်။ ကြိုက်ပါသည်။ ဆရာက ကျွန်တော့်အား ဤစာအုပ်ကို ဖတ်ရှုရန် လက်ဆောင်ပေးပြန်ပါသည်။



စာပေဝါသနာရှင် ကျွန်တော်သည် ဆရာ့ကလောင် ဆွဲခေါ်ယူရာနောက်သို့ စိတ်လှုပ်ရှားစွာ လိုက်ပါသွားခဲ့ရပြန်သည်။ တော်ရုံတန်ရုံ ဝတ္ထုမျိုးကို ကျွန်တော် ကြာကြာမဖတ်နိုင်ပါ။ ပိုက်ဆံ ဒေါ်လာမည်မျှပေးပါမည်ဆိုလျှင်လည်း သည်းခံနိုင်မည် မဟုတ်ပါ။ ဤစာအုပ်ကတော့ ဖတ်ရင်း ဖတ်ရင်း မရပ်မနား ဆက်၍ ဖတ်ချင်အောင် စာဖတ်သူကို ဆွဲဆောင်ပါသည်။

ဆရာ တက္ကသိုလ်စိန်တင်အား စာရေး အလွန်ကောင်းသူ ဖြစ်သည်ဟု ကျွန်တော်က ပြောပါက ယောအတွင်းဝန် ဦးဖိုးလှိုင်၏ စာများကို ချီးမွမ်းသည့် မြင်းထိန်း ငတာနှင့် တူနေပါရော့မည်။ ဆရာ့ကို အားနာစရာ ကောင်းပါလိမ့်မည်။ ဤနေရာမှာ ဖော်ပြလိုသည်ကား ကျွန်တော်သည် တက္ကသိုလ်စိန်တင်ရေးသော အတ္ထုပ္ပတ္တိစာအုပ်အချို့ကို အကြိမ်ကြိမ် ပြန်ပြန်ဖတ်မိကြောင်းနှင့် ဖတ်မိသည့်အခါတိုင်း လက်က မချနိုင်အောင် စွမ်းဆောင်နိုင်သည့် ဆရာ့ ကလောင်ကို လေးစားအံ့သြစွာ အားကျမိသည်ချည်း ဖြစ်ပါသည်။

တစ်လောက ကျွန်တော်သည် အားမာန်သစ် စာပေတိုက်သို့ ရောက်သွားပါသည်။ ထုတ်ဝေသူ ဦးညိုမှိုင်းနှင့် စာပေအကြောင်း၊ ထုတ်ဝေသင့်သော စာအုပ်များအကြောင်း ဆွေးနွေးမိပါသည်။

‘ကိုညိုမှိုင်းရေ တက္ကသိုလ်စိန်တင်ရဲ့ စောစံဖိုးသင် ဖတ်ဖူးလား’

‘ဖတ်ဖူးပါတယ်’

‘အဲဒါ ပြန်ထုတ်ပါလားဗျ။ တရားရစရာ နိုင်ငံရေးသင်ခန်းစာတွေလဲ ပါတယ်။ ရယ်စရာတွေကလည်း အများကြီးပဲ။ စာအုပ်ကောင်းတစ်အုပ်ဗျ’

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြော၍မှ စကားမဆုံးခင်မှာ ဦးညိုမှိုင်းက ကွန်ပျူတာဒီဇိုင်းဖြင့် တန်ဆာဆင်ထားသည့် စာအုပ်အဖုံးမူကြမ်းကို လှမ်း၍ ပေးရင်း.....

'ကျွန်တော် ထုတ်ဝေဖို့ စီစဉ်နေပြီ ဆရာရဲ့' ဟု အထောက်အထားနှင့်တကွ ပြသလိုက်လေ၏။ တက္ကသိုလ်စိန်တင်၏ စာအုပ်များ ရောင်း၍ ကောင်းနေသည်ဟု ဆိုပါလျှင် ကျွန်တော်က ကြော်ငြာပေးသဖြင့် ထိုသို့ပိုပြီး ရောင်းကောင်းခြင်းတော့ မဟုတ်ပါ။ သူ့နဂိုကိုယ်၌က ကိုယ်ပိုင်အလင်းရှိပြီးဖြစ်သည့် အရည်အချင်းကြောင့်သာဖြစ်ပါသည်။

ဗိုလ်မှူးကြီး ဗိုကျော်ဟန် (အငြိမ်းစား)၊ ဗိုလ်မှူးချုပ်အောင်ကြည်စသော စာပေနယ်၌ မဝင်ဆံ့လှသေးသော ပုဂ္ဂိုလ်များ၏ ပထမဦးဆုံး စာအုပ်များကို ထုတ်ဝေရာ၌ အမှာရေးပေးပါရန် အကူအညီတောင်းခံလာသောအခါ ကျွန်တော် ရေးပေးခဲ့ဖူးပါ၏။ ထိုအချိန်မိမိကိုယ်တိုင် မြဝတီစာပေတိုက် စာတည်းမှူးချုပ်ဖြစ်သဖြင့် ထိုအလုပ်သည် မိမိ၏ မူရင်းတာဝန်လည်း ဖြစ်ခဲ့၏။ ငြင်းဆန်ရန်အကြောင်းမရှိ။ လူတော်လူကောင်း ကလောင်နှစ်ချောင်း မဟုတ်လား။

ဆရာ တက္ကသိုလ်စိန်တင်က သူ့စာအုပ်နှင့် ပတ်သက်၍ သဘောထားမှတ်ချက်ရေးပေးပါဟု တောင်းခံလာသောအခါ၌ ကျွန်တော်သည် ဖတ်ပြီးသား ထိုစာအုပ်ကို ထပ်မံဖတ်ရပြန်ပါတော့၏။ အကြိမ်ပေါင်းများစွာ ရောက်ခဲ့ဖူးသော ပုဂံ အရိမဒ္ဒနပူရကို ထပ်မံရောက်ရှိခဲ့ရပြန်ပါ၏။



မြန်မာပုဂံ၏ အလှနှင့် ပုဂံ၏ အားမာန်တို့ကို ဖွဲ့ဆိုသော ဤစာအုပ်မျိုးသည် ကျွန်တော်တို့အတွက် ဘယ်သောအခါမှ ရိုးအီမသွားဟု ထင်မြင်မိပါသည်။ ဤစာအုပ်သည် နိဂုံးမချုပ်သေးပါ။ ဆက်၍ ရေးပါဦး။ မြန်မာ့ဂုဏ်ရည်ကို ဖော်ကျူး၍ မော်အောင်သော ဆရာ့ကလောင်ဖြင့် အစွမ်းပြကာ ဆက်လက်ရေးဖွဲ့ပါဦးဟု အားပေးပါရစေ။

ရိုသေလေးစားလျက်

ချစ်နိုင် (စိတ်ပညာ)

၁၊ ၁၀၊ ၉၈

www.burmeseclassic.com

www.burmeseclassic.com



## ၃။ တက္ကသိုလ်စိန်တင်နှင့် ပုဂံရှာပုံတော် (၁)

**ဦးစန်းဝင်း**

### တက္ကသိုလ်စိန်တင်

တက္ကသိုလ်စိန်တင်ကို လူပုဂ္ဂိုလ်အနေဖြင့် မတွေ့မသိမီကပင်လျှင် စာများကို ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သည်။ ကိုယ်တိုင်ကလည်း သမိုင်းတွင် ထင်ဟပ်ခဲ့သော အဖြစ်အပျက်များကို စိတ်ဝင်စားသူ၊ ထူးခြားသော သမိုင်းဖြစ်ရပ်များကို ခံစားသိဖြင့်သိအောင် ကြိုးစားရင်း အတွေး၌ မြင်ယောင်ပျော်မွေ့သူ ဖြစ်သည်။ သို့ဖြစ်၍ တက္ကသိုလ် စိန်တင် ဖန်တီးသည့် ရသနှောထားသော သမိုင်းထဲမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများသည် ဆွဲဆောင်မှုများစွာ ရှိခဲ့သည်။ စာတစ်အုပ် ဖတ်ပြီးသည်နှင့် ပျောက်မသွားဘဲ အတွေးစများစွာကို ကျန်ရစ်စေခဲ့သည်။

အတိတ်ခေတ် သမိုင်းထဲမှ ပုဂ္ဂိုလ်များသည် လည်းကောင်း၊ မျက်မှောက်ခေတ် သမိုင်းထဲမှ ပုဂ္ဂိုလ်များသည် လည်းကောင်း၊ တက္ကသိုလ်စိန်တင်၏ စာမျက်နှာပေါ်၌ သက်ဝင်လှုပ်ရှားလာခဲ့ကြသည်။ ယင်းသို့ သက်ဝင်လှုပ်ရှားစေရန် ဖန်တီးရာ၌ တက္ကသိုလ်စိန်တင်သည် သူ၏ တွေးထောင့် တစ်နေရာမှ ရှုမြင်သုံးသပ် ခံစားဟန်ရှိသည်။ အဓိက ဇာတ်ကောင်များနှင့် အားဖြည့်အရံ ဇာတ်ရုပ်များကို ပုံပေါ်အောင် သရုပ်ဖော်ရာတွင် ကျမ်းဂန်မဆန်သော ရေးဟန်ဖြင့် တိုက်ကာထိကာ ခြယ်မှုန်းသွားလေ့ ရှိသည်။ တစ်နည်းအားဖြင့် ချစ်စရာ၊ မုန်းစရာဖြင့်၊ သနားစရာ၊ စက်ဆုပ်စရာ၊ တရားရစရာ၊ တရားကျစရာ စသည်စသည် ပုံစံအမျိုးမျိုးသော ဇာတ်ကောင်များကို ပီပြင်စေခဲ့သည်။

ယခုလည်း တက္ကသိုလ်စိန်တင်၏ ပုဂံရှာပုံတော် (၁) သည် ခံစားမှုများ၊ အတွေးစများ၊ ဆင်ခြင်ဖွယ်ရာများ၊ သင်ခန်းစာများ၊ အသိတရားများကို လက်ဆင့်ကမ်းပေးဝေခဲ့ပြန်ပြီ ဖြစ်သည်။ သမိုင်းကို ခင်တွယ်သူ တစ်ယောက်အား သိပြီးသော အဖြစ်အပျက်များမှသည် မသိသေးသော အသိအမြင်များကို ထပ်မံဆင့်ပွားပေးခဲ့ပြန်ချေပြီ ဖြစ်သည်။

### ပုဂံရှာပုံတော် (၁)

မြန်မာ့သမိုင်းသည် ရှည်လျားသော လမ်းကြောင်း တစ်လျှောက် ကျော်လွှားဖြတ်သန်းခဲ့ပြီး ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀,၀၀ ခန့်က ကျောက်ခေတ်ဦး ယဉ်ကျေးမှု (အညာသားကျောက်ခေတ် ယဉ်ကျေးမှု) ကို အထက်အညာဒေသများတွင် တွေ့ရှိခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၂,၀၀၀ ခန့်က ကျောက်ခေတ်သစ် ယဉ်ကျေးမှုကို ရှမ်းပြည်တောင်ပိုင်း ရွာငံမြို့နယ် ပြဒါးလင်းဂူတွင် တွေ့ရှိခဲ့သည်။ ကွင်းဆက်ပြတ်နေသော ကြေးခေတ်အတွက် အခေါင်းပါသော ကြေးလက်နက်များ ကိုင်စွဲအသုံးပြုကြသော ယဉ်ကျေးမှု တစ်ရပ်ကို မုံရွာခရိုင်၊ ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာအနီးတွင် တွေ့ရှိခဲ့သည်။ အခြား သုတေသနပြုစရာများ အများအပြား ရှိသေးသည်။

အေဒီ (၁) ရာစုမှ (၉) ရာစီထိ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့များတွင် ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည်။ ဤ

www.burmeseclassic.com



ကာလများသည် သမိုင်းမတင်မီ ကာလများ ဖြစ်ကြသည်။

သည့်နောက်တွင်မူကား သမိုင်းတစ်ခေတ်သို့ ရောက်ရှိသည်။ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် အစရှိသော သက်ဦးဆံပိုင် ပဒေသရာဇ်စနစ် လွှမ်းမိုးရာ ခေတ်များနှင့် အခြားသော ခေတ်ပြိုင် ယဉ်ကျေးမှု ထွန်းကားခဲ့သော သမိုင်းခေတ်များ။

မြန်မာ့သမိုင်းကို သမိုင်းတင်ကာလမှ စ၍ ရေးကြ၊ ပြောကြတော့မည်ဆိုလျှင်၊ ပုဂံခေတ်ကို ချန်ထားရစ်၍ မရနိုင်။ မြေပေါ်၊ မြေအောက် မှတ်တမ်းများ အများဆုံး တွေ့ရှိနိုင်သော တွေးဆစရာများ၊ သံသယဖြစ်စရာများ၊ အငြင်းအခုံဖြစ်စရာများ အများဆုံး ရှိသော ပုဂံခေတ်။

ယင်းပုဂံခေတ်ကို ဆရာ တက္ကသိုလ်စိန်တင်သည် ရှာပုံတော် ဖွင့်ခဲ့ပြီ ဖြစ်သည်။

## နရသီဟပတေ့မင်း၊ မိဖုရားစောလုံနှင့် မိဖုရားဖွားစော

ပုဂံသည် အေဒီ (၁၀၇) တွင် စတင်ဖြစ်ထွန်းသည်။ အေဒီ (၁၀၄၄) ခုနှစ် အနော်ရထာမင်း နန်းတက်ချိန်မှစ၍ သမိုင်းတင်ခေတ်ကို အစပြုသည်။ အေဒီ (၁၃၆၉) စောမွန်နစ် မင်းလက်ထက်တွင် ပုဂံခေတ် နိဂုံးကမ္ပတ် အဆုံးသတ်သည်။ နှစ်ပေါင်း (၁၂၆၂) အတွက် မင်း (၅၅) ပါး စိုးစံခဲ့သည်။

အနော်ရထာမင်း တည်ထောင်၍ ကျန်စစ်သားမင်း စုစည်းခဲ့သော ပုဂံသည် သက်ဦးဆံပိုင် ပဒေသရာဇ် နယ်မြေတစ်ခုအဖြစ်မှသည် နယ်မြေဒေသများစွာကို ပေါင်းစပ်စုစည်းနိုင်သော မြန်မာနိုင်ငံတော်အဖြစ်သို့ ပထမဆုံး ရောက်ရှိခဲ့သည်။ သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်၏ ကြောင်းကျိုးဆက်စပ်မှု ရလာဒ်အတိုင်းပင် အရည်အချင်းရှိသော မင်းကောင်းမင်းမြတ်များ လက်ထက်တွင် တိုင်းပြည် အေးချမ်းသာယာပြီး စည်ကားတိုးတက်သည်။ အရည်အချင်း ညံ့ဖျင်းသော မင်းဆိုးမင်းညံ့များ လက်ထက်တွင် တိုင်းပြည် ဆုတ်ယုတ်ကျဆင်းသည်။



အေဒီ (၁၂၅၅–၁၂၈၇) ခုနှစ်ထိ နန်းတက်ခဲ့သော နရသီဟပတေ့မင်း လက်ထက်တွင် သမိုင်းအတွက် အမဲစက် စွန်းထင်းခဲ့ရသည်။ နရသီဟပတေ့ဟူသော ဘွဲ့အရ 'လူအပေါင်းတို့၏ ခြသေ့ကဲ့သို့ ရဲရင့်သော အရှင်သခင်'ဟု အဓိပ္ပာယ်ရ၏။ သို့ရာတွင် အမည်နာမနှင့် လိုက်ဖက်ခြင်း မရှိဘဲ ပြည်ပ ကျူးကျော်မှုဒဏ်ကို ကာကွယ် တားဆီးခြင်း တွန်းလှန်တိုက်ခိုက်ခြင်း မပြုနိုင်၍ လက်လွှတ်ထွက် ပြေးရသည့် မင်းအဖြစ် ပထမဦးဆုံး သမိုင်းတွင်ခဲ့ပြီ ဖြစ်သည်။ သမိုင်းမတင်မီ ပျူယဉ်ကျေးမှု ထွန်းကားသော ခေတ်မှစ၍ တိုင်း တစ်ပါး၏ ကျူးကျော်စစ်ကို ကြုံခဲ့ဖူးကြရာတွင် ရှိသည့်အင်အားနှင့် ခေါင်းငုံ့မခံ တွန်းလှန်ခဲ့ကြသည်သာ ဖြစ်၏။ သည်မင်းလက်ထက်ကျမှပင်လျှင် ကျူးကျော်စစ်ကို မခံနိုင်၍ အသက်ဘေးမှ လွှတ်ရန် ထွက်ပြေးရသည်ဆိုသည်မှာ ဖျက်မရဖျောက်မရသော ညစ်နွမ်းမှု တစ်ခုပင် ဖြစ်တော့သည်။

စာရေးသူသည် ယင်းသို့သော နရသီဟပတေ့မင်း၏ ရုပ်လွှာကို မင်းအဖြစ်သို့ မရောက်မီမှ စ၍ အဆိပ်ခတ်လုပ်ကြံခံရက အသက်ဆုံးသည်အထိ တင်ပြထား၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ တင်ပြရာတွင် နရသီဟပတေ့မင်းကိုယ်တိုင်က လေးစားမြတ်နိုးရသော မိဖုရားစောနှင့် မင်းအချစ်ဆုံးဟု ဆိုနိုင်သော မိဖုရားစောလုံတို့အကြောင်းကိုလည်း ထည့်သွင်းဖော်ပြထား၏။ ဤသည်ပင်လျှင် တက္ကသိုလ်စိန်တင်၏ ပုဂံရာပုံတော် (၁) ဖြစ်ပါသည်။

## တက္ကသိုလ်စိန်တင်နှင့် ပုဂံရာပုံတော် (၁)

ပုဂံရာပုံတော် (၁) ကို ရေးသားရာတွင် စာရေးသူ၏ ရပ်တည်မှုကို လေ့လာကြည့်မိပါသည်။ စာရေးသူ တက္ကသိုလ်စိန်တင်သည် ပုဂံရာပုံတော် (၁) ကို နိုင်ငံပြု ရှုထောင့်မှ ရပ်တည်ရေးသားထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ဤသို့ ရေးသားရာတွင် စာရေးသူ၏ ပိုင်ခွင့်ကို အသုံးပြုကာ ဇာတ်ကောင်များနှင့် အဖြစ်အပျက် အကြောင်းအရာများ လိုအပ်သလို အတင်၊ အဖြေ၊ အဖိ၊ အဖော့များ သုံးကာ ရေးသားသွားသည်။ သို့ဖြစ်၍လည်း သမိုင်းထဲမှ သိပြီးသား အကြောင်းအရာများပင် ဖြစ်လင့်ကစား ရသစွက်သော အတ္ထုပ္ပတ္တိ (ဝါ) ရသစွက်သော သမိုင်းဖြစ်စဉ် တစ်ခုအဖြစ် စိတ်ဝင်စားဖွယ် ဆွဲဆောင်မှု ရှိလှ၏။

နရသီဟပတေ့မင်း၏ မင်းအဖြစ်သို့ ရောက်စေသော အခြေခံအကြောင်းချင်းရာများကို ဖော်ပြရာတွင်လည်း ကျိုးကြောင်း ဆက်စပ်မှု ပီပြင်စွာ ဖော်ပြနိုင်ပါသည်။ မထင်မှတ်ဘဲ မင်းဖြစ်လာရပြီး အရည်အချင်း မပြည့်ဝသူ ပီသစွာ၊ နိုင်ငံကို ဦးဆောင်ကာကွယ်ခြင်း မပြုနိုင်ခဲ့ပုံမှာ ထင်ရှားသည်။ ထို့ပြင် ကိုယ်ရည်ကိုယ်သွေးအရ မာန်



မာနထောင်လွှားပုံ၊ အမျက်ဒေါသစောင်းမာန်ကြီးပုံ၊ အငြိုးသိုပုံ၊ မဆင်မခြင်ပြုတတ်ပုံ၊ အစားကျူးပုံ၊ တရုတ်ပြေးမင်းအဖြစ်သို့ ရောက်ရပုံစသည့် သရုပ်လက္ခဏာများကိုလည်း ပီပြင်အောင် ဖော်ထုတ်ခဲ့၏။

မိဖုရားစောလုံကိုမူ နရသီဟပတေ့မင်း၏ အချစ်ဆုံး မိဖုရားအဖြစ် သရုပ်ဖော်ထား၏။ သမိုင်းတွင် ဖော်ပြပြီးသား ရေသဘင်ပွဲတွင် အကျီစားလွန်ရာမှ အရှက်ရ၍ ဘုရင်ကို သေကြောင်းကြံသည်။ ဤအမှုဖြင့် ကားစင်တင်မီးရှို့သတ်စေရန် စီရင်ခြင်းခံရသည်။ အမိန့်ပေးပြီးမှ သတ်ပြီးမှ ကြေကွဲခံစားရသည် စသည်ဖြင့် ဖော်ပြထားသည်။ အမှန်တော့ မိဖုရားစောလုံကဏ္ဍမှာ ကျယ်ကျယ်ပြန့်ပြန့် မရှိလှ၊ သို့သော် ရှိထားသည့် ဤအဖြစ်အပျက် အကွက်အကွင်းလေးကပင်လျှင် နရသီဟပတေ့၏ စိတ်ဓာတ်၊ မိဖုရားစောလုံ၏ စိတ်ဓာတ်၊ မင်းနှင့် မိဖုရားတို့၏ ဆက်နွယ်မှု သံယောဇဉ်ကို ထင်ရှားစေခဲ့၏။

မိဖုရားစောမှာမူ သမိုင်းတွင် ထင်ရှားသူ ဖြစ်၏။ ထို့ကြောင့်ပင် ဆိတ်ထိန်းကမ်းဖြူရွာတွင် သတင်းကျော်စော၍ ဥဇနာမင်းလက်ထက်၊ တော်ကောက်ခံရသည်မှ နရသီဟပတေ့မင်းလက်ထက်၊ နရသီဟပတေ့မင်း ဆုံးသည်အထိ အဓိကကျသော အထောက်အကူပြု ဇာတ်ရုပ်အဖြစ် မြင်ရ၏။

နရသီဟပတေ့မင်း၊ မင်းအဖြစ်သို့ ရောက်စေသော ဥဇနာမင်း၏ မှားယွင်းညံ့ဖျင်းမှုများ၊ သီဟသူ၏ မာန်မာနထောင်လွှားပုံများ၊ ရာဇသင်္ကြန် အမတ်ကြီး၏ အမှတ်ကြီးပုံ၊ အကွက်ချပုံ၊ ပညာဉာဏ်ကြီးမားပုံ၊ ရဲရင့်ပုံ စသည်တို့ကိုလည်း လိုအပ်သလို တစ်ကွင်းတစ်ကွက် မီးမောင်းထိုးပြသွားနိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်စိန်တင်သည် သမိုင်းကို ရေးသားပြုစုသူ မဟုတ်၊ သမိုင်းဆရာမဟုတ်၊ သမိုင်းဖြစ်ရပ်များကို နိုင်ငံပြု ရှုထောင့်မှ ချဉ်းကပ် ရေးသားသူဖြစ်၍ စာရေးသူပိုင်ခွင့်ကို အသုံးပြုသွားသောကြောင့် ပြောစရာ၊ ထောက်စရာများ ရှိ၏။ အပြစ် ချွတ်ယွင်းချက် မကင်းဟု ဆိုနိုင်၏။ သို့ရာတွင် သမိုင်းကို ရေးသားပြုစုခြင်း မဟုတ်ဟု ရှုမြင်ကာ ယင်းအားနည်းချက်များကို ကျော်လွှားသွား၍ ရနိုင်ပါသည်။

အမှန်စင်စစ် ပုဂံသည် နရသီဟပတေ့မင်း လက်ထက် အေဒီ (၁၂၈၇) တွင် ပျက်ခဲ့ပြီး ဖြစ်၏။ ဤမင်းများလက်ထက်မှ စောမွန်နှစ်မင်း အေဒီ (၁၃၆၉) အထိမှာ ဝါးအစည်းပြေသကဲ့သို့ ရှိသော နိုင်ငံကို အုပ်ချုပ်ရသော တကယ့်ပဒေသရာဇ် (ဝါ) နယ်မြေ တစ်ခုကို အပိုင်စိုးသော သူများအဖြစ်သာ ရှိတော့သည်။ တစ်နည်းအားဖြင့် ကူးပြောင်းတော့မည့်နောက် သမိုင်းတစ်ခေတ်၏ အခြေခံများ ပေါက်ဖွားရာ အချိန်သာ ဖြစ်တော့သည်။

ဘေးဘိုးစဉ်ဆက် ထူထောင်လာခဲ့သည့် ပထမ မြန်မာနိုင်ငံတော် ပုဂံပြည်ကြီးအား တည်တံ့အောင် ထိန်းသိမ်းနိုင်စွမ်း မရှိသော မင်းအဖြစ် နရသီဟပတေ့မင်း၏ ရုပ်ပုံလွှာသည် တက္ကသိုလ်စိန်တင်၏ 'ပုဂံရှာပုံတော်'တွင် ထင်ရှားပီပြင်လျက်ရှိသတည်း။

**ဦးစန်းဝင်း**
**ပါမောက္ခချုပ်**
**ယဉ်ကျေးမှုတက္ကသိုလ်**
**မန္တလေး**

# ၄။ နရသီဟပတေ့၊ မိဖုရားစောလုံ၊ မိဖုရားစော တက္ကသိုလ်စိန်တင်နှင့် ကျွန်တော်

## မြတ်ဆွေ

ကျွန်တော်သည် ဆရာ တက္ကသိုလ်စိန်တင်အား ပေးရန် အကြွေးရှိနေ၏။ ထိုအကြွေးမှာ အခြားမဟုတ်။ စာကြွေး ဖြစ်၏။ တက္ကသိုလ်စိန်တင်က ပုဂံရှာပုံတော် (၁) ဟု ခေါင်းစည်းတပ်ပြီး ပုဂံရာဇဝင်ကို စကိုင်ထားသည်။

နရသီဟပတေ့မင်း၊ မိဖုရားစောလုံနှင့် မိဖုရားဖွားစောတို့ အကြောင်းများ ဖြစ်သည်။ ကျွန်တော်သည် ရာဇဝင်သမိုင်းကို ဝါသနာပါသည်။ ရာဇဝင်ကို မကြာခဏ ရှာဖွေဖတ်လေ့ ရှိသည်။ ကမ္ဘာ့ရာဇဝင်၊ မြန်မာ့ရာဇဝင်တို့ကို တော်တော်ဖတ်ခဲ့မိသည်။

ရာဇဝင်သည် စင်စစ်အားဖြင့် လူသားတို့၏ ဖြစ်ရပ်များပင်၊ သို့သော် ထင်ပေါ်ကျော်ကြား၊ ထူးခြားထွေပြားသော လူသားတို့၏ သဘော၊ လူသားတို့၏ စရိုက်များ ဖြစ်နေ၍ စိတ်ဝင်စားဖွယ်ရာတို့နှင့် ပြည့်နှက်နေသည်။

တက္ကသိုလ်စိန်တင်၏ စာအုပ်ကို အားမာန်သစ်စာပေမှ မိတ်ဆွေကြီး ကိုခွန်ဂျာမှိုင်းက ပေး၏။ မျက်နှာဖုံးက ပန်းချီကျော် ဆောင်မောင်သိုက်၊ အတွင်းစာသားများမှာ စက္ကူချောနှင့် သေသပ်လှပစွာ ရိုက်နှိပ်ထားရာ စာအုပ်ကလေးမှာ မတို့ရက်၊ မထိရက်၊ မကိုင်ရက်စရာပင် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ တက္ကသိုလ်စိန်တင် စာအုပ်ကို ဒါ့ကြောင့် မကိုင်ဘ ထားသည်ဟု လုံးဝမဆိုနိုင်သော်လည်း အကြောင်းအရာများကို ကြည ပြီး ငါသိပြီးသားတွေပဲဟု အတွေးက ဝင်နေသည်။ ဆရာ တက္ကသိုလ် စိန်တင်က သူရေးသမျှ စာအုပ်ကို ကျွန်တော့်အား အမြဲပေးထေ ရှိ၏။

သူသည် လုံးချင်းစာအုပ်ပေါင်း ၃၀ ကျော်ခန့် ရေးခဲ့ရ ပထမဆုံးရေးသော နှင်းမှုန်ကြားက တပ်နီတော်က စပြီး ပေးပါ၏ (ပခုက္ကူဦးအုံးဖေ စာအုပ်ကိုတော့ မပေး၊ ကျွန်တော်ကလည် မတောင်းမိချေ။ အကျဉ်းခံသီပေါ၊ ကေရီစုဖုရားတို့လောက် စိတ်မဝ စားမိပါ။)

တစ်နေ့တွင် တက္ကသိုလ်စိန်တင်က ပုဂံရှာပုံတော်နှင့် ပတ သက်၍ ကျွန်တော့်အမြင်ကို ရေးပေးပါဟု ပြောသည်။ ဝေဖန်ရေးလာ ဘာလား ကျွန်တော် နားမလည်။ ခန့်ခန့်ငြားငြား စာကိုလည် မရေးတတ်။ သူက တွေ့တိုင်း ပြောသည်မှာ အကြိမ်ကြိမ်။ ကျွန်တေ က ပိုက်ဆံရသော စာကလေးများသာ ရေးဖြစ်နေပြီး သူတောင်းသေ စာနှင့် ပတ်သက်၍ မရေးဖြစ်သည်မှာ ပိုက်ဆံမရသော စာတစ်ပု ကို ရေးရမှာ ဝန်လေးနေသောကြောင့်လား မသိ။

မည်သို့ပင်ဖြစ်စေ ကျွန်တော်က ရေးပေးပါမည်ဟု လွ လွယ်ပြောလိုက်ပြီး ရေးမပေးဖြစ်သောအခါ အကြွေးတင်တော့သည် သည်အကြွေးကို ပေးဆပ်ပါပြီ။

ဆိုခဲ့သည့်အတိုင်း မိဖုရားစောလုံ၊ မိဖုရားစောတို့အကြောင ကျွန်တော် ဖတ်ဖူး သိဖူးပြီး ဖြစ်၏။ ထို့ကြောင့် သူ့စာအုပ်



ဓာတ်ရန် တုံ့ဆိုင်းနေသည်။ သိပြီးသားတွေပါပဲဟု ထင်ပြီး ပေါ့ပေါ့နေမိ သည်။

သည်ကြားထဲ ထိုစာအုပ်ကို သားဖြစ်သူက ဂျာနယ်မှာ သတင်းထည့်ဖို့ ဓာတ်ပုံရိုက်မည်ဆိုပြီး ဆွဲသွားပြန်သည်။ တော်တော် ကလေး ကြာသွား၏။

တစ်နေ့က ဆရာ တက္ကသိုလ်စိန်တင်နှင့် တွေ့တော့ ရေးပါ ညေ်ဟု ပြောရပြန်သည်။ သူနှင့် ချိန်း၏။ မိမိဘက်က ပျက်ကွက် ခဲ့ရသည်။ သို့နှင့် တစ်နေ့က (၅၊ ၇၊ ၉၈ နေ့က) သားထံမှ စာ အုပ်ပြန်ရသောအခါ ပုဂံရှာပုံတော် (၁) ကို လှန်လှောမိလေသည်။ ဦးစွာ မလှမပ တက္ကသိုလ်စိန်တင်၏ ပုဂံခရီးဓာတ်ပုံများကို တွေ့ရ ၍ စိတ်ပျက်မိသည်။ ခိုင်သင်းကြည်တို့၊ ထက်ထက်မိုးဦးတို့ ပုံများ လို ဂျာနယ်မဂ္ဂဇင်းများတွင် ဝဝလင်လင် ကြည့်နေရာမှ မလှမပ သူ၏ ပုံများကို မကြည့်ချင်ဘဲ ကြည့်လိုက်ရသည်။ ဓာတ်ပုံများက မှုန်ဝါးနေ၍ တော်တော့သည်။ အနည်းငယ် စိတ်ချမ်းသာရ၏။

သို့သော် ဥရောပတိုက်သား ရဟန်းတော်နှင့် ပုဂံတွင်တွေ့ရ သော အမှာစာမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။

သို့ဖြစ်ရာ ကျွန်တော်သည် စာမျက်နှာများကို ဆက်၍ လှန် လှောမိသည်။ ကျွန်တော် သိပြီးသော နရသီဟပတေ့မင်း၊ မိဖုရား စော၊ မိဖုရားစောလုံတို့အကြောင်းများပင် ဖြစ်သည်။ မိုးက တစိမ့် စိမ့် ရွာလာသည်။ နေ့လည်ခင်း ဖြစ်၏။

ကျွန်တော်သည် သိပြီး အကြောင်းအရာများကို မှတ်နေရ သော်လည်း စွဲလန်းနှစ်သက်နေမိသည်။ အထူးသဖြင့် မိဖုရားစောလုံ

www.burmeseclassic.com

www.burmeseclassic.com



က နရသီဟပတေ့မင်းအား အဆိပ်ခတ် လုပ်ကြံရာ နရသီဟပတေ့က စောလုံအား သေဒဏ်ပေးပုံမှာ ရင်တလှပ်လှပ် ဖတ်ရသည်။ သိပြီးသား ဇာတ်လမ်းပင် ဖြစ်သော်လည်း စာလုံးများက ဆွဲခေါ်သွားသည်။

ထိုနည်းတူစွာပင် ရာဇသင်္ကြန် အမတ်ကြီး၏ ပုံသဏ္ဍာန် စရိုက်ကို ရေးဖွဲ့ထားပုံမှာ ပေါ်လွင်လှသည်။ အသက်ဝင်လှသဖြင့် ဆက်တိုက် ဖတ်ဖြစ်သွားသည်မှာ နာရီကိုပင် မကြည့်မိတော့။ ဆရာ တက္ကသိုလ်စိန်တင်သည် အများသိပြီး ဇာတ်လမ်းကို ဝတ္ထုရေးဟန်ဖြင့် ရေးဖွဲ့ရာတွင် တစ်ဘာသာဖြစ်သည်။ စာတော့ ဖတ်ချင်ပါရဲ့၊ စာဖတ်ပျင်းတယ်ဆိုသူများ ထိုစာအုပ်မျိုးနှင့် တွေ့စေချင်သော ဆန္ဒ ဖြစ်ပေါ်မိသည်။

ရာဇဝင် ဝတ္ထုရေးသားကြရာ၌ အချို့က ရာဇဝင်ခေတ်ကိုသာ ယူသည်။ ဇာတ်ကောင်နှင့် ဇာတ်လမ်းကို ကိုယ်ကြိုက်သလို ဖန်တီးသည်။ အချို့က ရာဇဝင်ခေတ်နှင့် ထိုခေတ်က ပုဂ္ဂိုလ်အမည်ကို ဝတ္ထုထဲတွင် ထည့်သုံးသည်။ ဇာတ်လမ်းကိုမူ ကိုယ်ဖန်တီးချင်သလို ဖန်တီးယူသည်။ အချို့ကမူ ရာဇဝင် ဇာတ်ကြောင်းကို အခြေခံပြီး ကိုယ့်စိတ်ကူးနှင့် ရသပေါ်အောင် မွမ်းမံသည်။ ဤ တတိယအမျိုးအစားသာလျှင် ရာဇဝင်ဝတ္ထု စစ်စစ်ဖြစ်သည်ဟု ဆိုနိုင်သည်ဟု ဆရာကြီး ပါရဂူက ရေးသားမှတ်ချက်ခဲ့သည်။ (ပါရဂူ ပရကတစာ ၁၀၀)

ဆရာ၏ အဆိုအရဆိုလျှင် တက္ကသိုလ်စိန်တင်၏ ဝတ္ထုသည် ရသမြောက် ရာဇဝင်ဝတ္ထုဟုသာ ဆိုရပေတော့သည်။



ကျွန်တော်သည် တက္ကသိုလ်စိန်တင်အား ဟိုရေး သည်ရေး 'စာပေါ့' တွေ မရေးစေချင်။ သည်လို လက်ရာသန့် ပုဂံရှာပုံတော်လို ရသစာပေတွေ ရေးစေချင်သည်။ သည်အကြောင်းကို သူနှင့်တွေ့မှ ပြောရပေဦးမည်။ သူနှင့် ကျွန်တော်က အလွန်ရင်းနှီးပြီးသား ဖြစ်၍ ကြိုက်လျှင်ကြိုက် မကြိုက်လျှင်လည်း ရှိစေ၊ ပြောတော့ ပြောရမည်။ ဝတ္ထုဟန် အတ္ထုပ္ပတ္တိ ရသစာပေတွေကိုသာ ဖတ်ချင်ပါသည်ဟု သူ့အား ပြောမည်။

ဤသည်ပင် သူ့စာပေ သူ့ဝတ္ထုများအပေါ် ကျွန်တော့်အမြင် ဖြစ်မည် ထင်သည်။

မြတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

## ၅။ ခေါင်းဆောင်သူ။ အရည်အချင်းနှင့် ပုဂံ

### ဦးရန်အောင် (မြန်မာသမားတော်)

ကြည့်သောသူ မြင်ပါ၏။
လျှောက်သောသူ ရောက်ပါ၏၊
ရှာသောသူ တွေ့ပါ၏၊ မှန်ပါသည်။

ဆရာရဲ့ 'ပုဂံရှာပုံတော် (၁) ရေးသားဖွဲ့စည်းတင်ပြထားပုံမှာ အတိတ်၏ ဖြစ်ရပ်များမှ ဂုဏ်ယူဖွယ်နှင့် သံဝေဂ ယူဖွယ် အဖုံဖုံတို့ကို စုံလင်အောင် ထင်းထင်းကြီး ရှာပုံတော် ဖွင့်ပြထားသည်ကို တွေ့ရပါသည်။

အထူးသဖြင့် သံဝေဂယူဖွယ်၊ သင်ခန်းစာယူဖွယ် အချက်အလက်များကို ဖတ်ရ၊ မှတ်ရ၊ တွေးတောရ၊ ဆင်ခြင်ရသည်မှာ သင်ခန်းစာတွေ အများကြီး ရရှိသည့်အတွက် ကျေးဇူးအထူး တင်မိပါသည်။

အနော်ရထာကဲ့သို့ လက်ရုံးရည် နှလုံးရည် ပြည့်ဝသော ဘုရင်မင်းမြတ် လက်ထက်က ပုဂံသည် မြန်မာတို့၏ တံခွန်၊
ပုဂံသည် မြန်မာတို့၏ အောင်လံ၊
ပုဂံသည် မြန်မာတို့၏ လမ်းပြ

ဟူ၍ ဖော်ကျူးပြထားပုံမျှမကသေး၊ ဆရာဇော်ဂျီ၏
တရားငယ်မှန်
ရှင်မြတ်ကာယ်ထေရ်အရဟံနဲ့၊



ပြေပုဂံနော်ရထာဖုန်းငဲ့ပြင်၊
ပြည်လုံးညီညာတော့၊
ဤကမ္ဘာမှာ၊
ပြည်မြန်မာရယ်လို့ ဝင်းခဲ့သတဲ့။

ဟူသော အလွန်လေးနက် ကျစ်လစ် သိပ်သည်းလှသည့် ကဗျာဘသားလေးကို ဖတ်ခွင့်ရလိုက်ပြန်တော့လည်း....။ စင်ကြယ်သော ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံတော် ကြီးအဖြစ် ခိုင်ခိုင်မာမာ အုပ်မြစ်ချ (မင်္ဂလသုတ်တော်နှင့်) တည်ဆောက်ပေးခဲ့သော မြန်မာတို့၏ အနိုင်းမဲ့ ကျေးဇူးရှင်၊ ရှင်အရဟံနှင့် မင်းမြတ် ဒါယိကာ အနော်ရထာတို့ နှစ်ဦးသား 'ဆရာနှင့် တကာ ရေနှင့် ကြာ' ဆိုသကဲ့သို့ တနိုင်တမ၊ ပထမမြန်မာနိုင်ငံတော်ကြီး တည်ထောင်ခဲ့ကြသည့် 'မြန်မာ့ခေတ်ဟောင်း၏ စနစ်ကောင်း' များကို တွေးတောခံစားရင်း မိမိကိုယ်မိမိ၊ မြန်မာလူမျိုးဖြစ်ရသည်ကိုပင် သွေးကြီးမိပါ၏၊ ဂုဏ်ယူမိပါ၏၊ ဝင့်ကြွားမိပါ၏။ 'ကမ္ဘာမှာ မြန်မာ ဟေ့' လို့ နှုတ်ကပင် ရေရွတ်မိပါ၏။

သို့သော်....အင်အား ချိနဲ့ချို့တဲ့သော အုပ်ချုပ်သူတို့၏ ခေတ်၊ လက်ထက်တွင်မူ နိုင်ငံတော်ကြီး ကသုတ်ကယက် ဗရမ်းပတာ ကြုံခဲ့ရ၊ ရှုမြင်မကောင်းအောင် ပြိုလဲကျဆုံးခဲ့ရသည့် ဖြစ်ရပ်များအတွက် သံဝေဂယူဖွယ် သင်ခန်းစာယူဖွယ်များကို နရသီဟပတေ့မင်းခေါ် ပန်းပွတ်သည်၏ မြေး 'မင်းခွေးချေး' အကြောင်း နှလုံးသားမှာ ထိထိခိုက်ခိုက် ဖတ်လိုက်ရပြန်တော့လည်း

၁။ ရာဇသင်္ကြန်ကဲ့သို့ ပညာရှိအမတ်ကြီးရှိနေပါလျက်
၂။ အနန္တပစ္စည်းတို့ကဲ့သို့ စစ်သူကြီးကောင်းရှိပါလျက်
၃။ အတွေးအခေါ်က သွက်လက်၊ ဉာဏ်အမြော်အမြင်က

www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်ရုံမက ဆင်ခြင်တုံတရား လေးနက်ပြည့်စုံသည့်
လေးစား မြတ်နိုး အားကိုး အားထားပြုဖွယ်ရာ မိဖုရား
ဖွားစောကဲ့သို့ မိဖုရားခေါင်ကြီး ရှိနေပါလျက်....။

အဘယ်ကြောင့်များ မြန်မာ့သွေးကို မပြနိုင်၊ မြန်မာ့ဓားကို မစေနိုင်၊ မြန်မာ့သတ္တိကို မထုတ်ဖော်နိုင်ပါသနည်း။ သိလိုဇောနှင့် စူးစူးစိုက်စိုက်– သတိထားဖတ်ကြည့်မိပါ၏။ ထင်းထင်းကြီး တွေ့ပါပြီကော။

နရသီဟပတေ့ခေါ် မင်းခွေးချေးကား နာမည်နှင့် လိုက်ပါပေ၏။ အခွင့်သာလျှင် ကိုယ်ကျိုးရှာရန် ဆန္ဒရှိသူ၊ သေရည်တမြမြနှင့် မိဖုရားမောင်းမတွေ ခြံရံလျက် အပျော်ကျူးရန်မှတစ်ပါး အမျိုး ဘာသာ သာသနာကျိုးကို မှတ်တမ်းဝင်အောင် ဆောင်ရွက်နိုင်ခြင်း မရှိသူ၊ မင်းကျင့်တရား ဆယ်ပါး မသိသူ၊ ပြည်သူကို ရင်ဝယ်သားကဲ့သို့ သနားကြင်နာရမှန်း မသိသူ၊ စိတ်လိုက်မာန်ပါနှင့် လူ့အသက်တစ်ချောင်း ဖက်ရွက်ကလေးမျှ တန်ဖိုးမထားတတ်သူပါတကား.....။

ကောက်ချက်ချလိုက်နိုင်ပါပြီ၊ အရာရာမှာ ခေါင်းဆောင်သူ၏ အရည်အချင်းပါပဲ၊ ခေါင်းဆောင်သူ 'တော်' လျှင် အုပ်စိုးခံပြည်သူတို့ 'တော်' ပါလိမ့်မည်၊ ခေါင်းဆောင်သူ 'ရော်' လျှင် အုပ်စိုးခံပြည်သူတွေ 'ရော်' ပါလိမ့်မည်။ မြန်မာဆိုရိုးစကား ရှိခဲ့ပါ၏။ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်ပါသတဲ့။ •

**ဦးရန်အောင် (မြန်မာသမားတော်)**

၂၁၊ ၈၊ ၉၈

## ၆။ ပုဂံရာပုံတော် (၁) ကို ဖတ်ပြီးပါပြီ

**လယ်တွင်းသား စောချစ်**

ဆရာ တက္ကသိုလ်စိန်တင်က စာအုပ်တစ်အုပ် လက်ဆောင်ပေးသည်။ ပုဂံရာပုံတော် (၁) ဖြစ်သည်။ နရသီဟပတေ့မင်း၊ မိဖုရားစောလုံနှင့် မိဖုရားစောတို့အကြောင်း ဖြစ်သည်။ အမတ်ကြီး ရာဇသင်္ကြန်ကိုလည်း အရေးပါသော ဇာတ်ကောင်နေရာမှ ရေးဖွဲ့ထားသည်။

စာအုပ်ကို ဖတ်ပြီးလျှင် ဝေဖန်ချက်လည်း ပေးပါဟု ဆရာ တက္ကသိုလ်စိန်တင်က တောင်းဆိုသည်။ ကျွန်တော် ဝါသနာ အလျောက် စာရေးသော်လည်း သူများ ရေးသော စာကို ဝေဖန်ရမှာ မဝံ့ရဲပါ။ ကွယ်လွန်သူ နိုင်ငံကျော် ရုပ်ရှင်မင်းသားကြီးတစ်ဦးက သူ ကြိုးကြိုးစားစား ဖန်တီးထားသည်ကို ကောင်းသည်ပြောလျှင် သဘောကျသည်။ မကောင်းပြောလျှင် စိတ်အားပျက်သည်။ သူတတ်နိုင်သမျှ ကြိုးစားထားခြင်း ဖြစ်သည်ဟု ပြောဖူးကြောင်း တစ်ဆင့်စကား ကြားဖူးပါ၏။

ထိုမင်းသားကြီးမှာ အကယ်ဒမီဆုများရှင်ဖြစ်၍ အောင်မြင်သော အနုပညာရှင်တစ်ဦးလည်း ဖြစ်ပါ၏။

ဆရာ တက္ကသိုလ်စိန်တင်ကတော့ သူ့စာအုပ်ကို ဖတ်ပြီးသဘောမကျတာ၊ မကြိုက်တာ အယူအဆချင်း မတူတာ၊ လက်မခံချင်တာ ရှိရင်လဲ အားမနာပါနှင့် ပြောသာ ပြောပါဟု ဆိုသည်။ ဟန်ဆောင်ပန်ဆောင် ပြောခြင်းမဟုတ်၊ အားရပါးရ တောင်းဆိုခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

သို့သော် တက္ကသိုလ်စိန်တင်ဆိုသည်မှာ ကိုယ့်ထက် ဝါရင့်သဘာရင့် စာရေးဆရာကြီး ဖြစ်သည်။ သူ တက္ကသိုလ် စိန်တင်အဖြစ် အောင်မြင်သော စာရေးဆရာဖြစ်နေချိန်မှာ လယ်တွင်းသားစောချစ်တို့ စုတုပြုလုပ်ရတုန်း ဖြစ်သည်။ သူ့ဝါ၊ သူ့သဘာနှင့် သူ့စာကို လေးစားပြီး ဖြစ်သည်။

ထို့ကြောင့် သူ့လက်ဆောင်ပေးသော ပုဂံရာပုံတော်ကို မြတ်နိုးလေးစားစွာ ဖတ်ကြည့်ပါ၏။ ဖတ်ပြီးပါပြီ။ ပုဂံရာဇဝင်များထဲမှ ပုဂံနေပြည်တော်ကို ထဲထဲဝင်ဝင် ရှာပုံတော် ဖွင့်ထားသည်ဟု ခံစားရပါ၏။ ပုဂံ၏ အရေးပါသော ဇာတ်ကောင်၏ စရိုက်များ၊ အတွေးအမြင်များ၊ ခံစားမှုများကို တတ်နိုင်သမျှ အနီးကပ် အမြင်ရအောင် ကြိုးစားထားခြင်း ဖြစ်သည်။ သမိုင်းကို ပြောနေခြင်းမဟုတ်။ ရာဇဝင်ကို တင်ပြနေခြင်း မဟုတ်။ ပုဂံ၏ ထင်ရှားသော ဇာတ်ဆောင်များ၏ လူ့စရိုက်နှင့် ပုဂံကို ထင်ဟပ်ကြည့်ထားခြင်း ဖြစ်သည်။ ပုဂံသမိုင်းမှာ သိပြီးဖြစ်သည်။ ပုဂံရာဇဝင်မှာ နားရေဝပြီးဖြစ်သည်။ 'စောလုံစောင့်ပါခလှည့်' ဆိုသော စကား၊ 'ဝက်လက်ခိုးမသား' ဆိုသော စကား၊ 'ဘယ်နှယ်အဖိုးရာဇသင်္ကြန်ပန်းကလပ်ပဲ့ကြီးနဲ့ပါလား'၊ 'မှန်လှပါ....ပန်းပွတ်သည် သားမြေးတို့ ကောင်းစားနေ၍ ပန်းပွတ်မည့်သူမရှိသောကြောင့် ပန်းကလပ်ပဲ့ကို သုံးနေရကြောင်းပါဘုရား'၊ 'အဖိုးရာဇသင်္ကြန် ဘုရားကို ထီးတင်ရင် ဘယ်လိုတင်ရသလဲ' 'ငြမ်းနှင့် တင်ရပါတယ်ဘုရား' 'ထီးတင်ပြီးရင် ငြမ်းကို ဘယ်လို လုပ်ရသလဲ' 'ငြမ်းကို ဖျက်မှ တင့်တယ်ပါတယ်ဘုရား' ဆိုသော စကားများသည် ရင်ထဲမှာ စွဲနေအောင် မှတ်မိထားပါ၏။



သမိုင်းတွင်သော စကားများဖြစ်သည်။ ဖတ်မိသည်နှင့် မှတ်မိနေသော စကားစုများ ဖြစ်သည်။

ဤစကားစုများနှင့် ဆက်စပ်သည့် ဇာတ်လမ်းတို့သည် ကျယ်ပြန့်နက်ရှိုင်း၏။ ထိုစကားတို့နှင့် နောက်မှာ ခံစားမှုများစွာ ဖြစ်ပေါ်ခဲ့ကြ၏။ ထိုခံစားမှုများကို တက္ကသိုလ်စိန်တင်က ကိုယ်တိုင် ခံစားကြည့်ဟန်တူ၏။ ဖတ်သူကိုလည်း ခံစားရအောင် ကြိုးစားတင်ပြထား၏။

မြင်ရသည်များမှ တစ်ဆင့် မမြင်ရသည်များထိ၊ ကြားရသည်များမှ တစ်ဆင့် မကြားရသည်များထိ၊ သိပြီးသည်များမှ တစ်ဆင့် မသိသေးသည်များအထိ ပုဂံရှာပုံတော် ဖွင့်ကြည့်သည်ဟု ထင်ပါသည်။ ရှင်ဘုရင်များ၊ မိဖုရားများ၊ သားတော်များ၊ အမတ်ကြီးများမှ တစ်ဆင့် ပုဂံပြည်သူ ပြည်သားများ၊ ပုဂံခေတ်မှ စစ်ပွဲများ၊ အချစ်အမုန်း၊ အနာ၊ အလွမ်းများ၊ ရက်စက်မှုများ၊ ကြင်နာမှုများ၊ နောင်တတစ်ဖန် ပူပန်ရသည်များ၊ သနားစရာ၊ ကြေကွဲစရာများ၊ သင်ခန်းစာယူစရာများ၊ သတိသံဝေဂရစရာများအထိ တင်ပြနိုင်အောင် ကြိုးစားထားခြင်း ဖြစ်ပါ၏။

ရေးဖွဲ့ပုံ၊ တင်ပြပုံ၊ အထူးသဖြင့် အနုစိတ်ပေါ်လွင်အောင် ဖော်ပြပုံ အချို့တွင် အယူအဆ မတူသည်များ၊ ကိုယ်သာဆိုလျှင် ဤသို့ ရေးပါ့မည်လားဟု တွေးတွေးဆဆ ဖြစ်ရသည်များ ရှိပါ၏။ သို့သော် ဆရာ တက္ကသိုလ်စိန်တင်၏ ကြိုးစားတင်ပြထားသော ပုဂံ ရှာပုံတော်ကို ဖတ်ရင်း ပုဂံနေပြည်တော်ကာလကို ထဲထဲဝင်ဝင် ရောက်သွားရသည်။ နရသီဟပတေ့မင်း၊ မိဖုရားဖွားစောလုံ၊ မိဖုရားစော၊ ရာဇသင်္ကြန်တို့ကို နီးကပ်စွာ ကြည့်မြင်ခွင့်ရလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သတိထားစရာ သံဝေဂဖြစ်စရာများကို ခံစားနားလည်လိုက်ရပါသည်။ ဖတ်ရသည်မှာ စိတ်ဝင်စားစရာလည်း ကောင်းပါ၏။

**လယ်တွင်းသားစောချစ်**

## ၇။ ပုဂံရှာပုံတော် (၁) စာအုပ်အပေါ် ဝေဖန်ချက်

အမှန်ကို ဝန်ခံရလျှင် ကျွန်တော်သည် ကဗျာရေးသားမှု၊ ကဗျာခံစားမှုဖက်၌သာ အာရုံစူးစိုက်မှု ရှိခဲ့ပါ၏။ ဝတ္ထုဆောင်းပါး ဖတ်ရှုမှု အလေ့အထနည်းပါးခဲ့ပါ၏။ ယခု စာရေးဆရာ တက္ကသိုလ်စိန်တင်၏ ပုဂံရှာပုံတော် (၁) စာအုပ်ကို ဖတ်ရှုမိသောအခါ လက်က မချချင်လောက်အောင် တရှိုက်မက်မက် ဖတ်ရှုဖြစ်ခဲ့ပါ၏။ ငယ်စဉ်က သမိုင်းဘာသာရပ်ဆိုလျှင် ဖတ်ရမှာ ကြောက်ရွံ့ခဲ့သလောက် ယခုစာအုပ်ကို ဖတ်ရသောအခါ ဆရာ၏ စကားပြေ ရေးသားမှု အတတ်ပညာ၊ ဝေါဟာရကြွယ်ဝမှုနှင့် ဆွဲဆောင်နိုင်စွမ်းသော တင်ပြပုံတို့ကို ချီးကျူးလေးစားမိပါ၏။ သမိုင်းဖြစ်ရပ်ကို ဝတ္ထုရေးဟန်ဖြင့် တင်ပြထားသည်မှာ ဆရာ၏ ဆွဲဆောင်မှု စွမ်းရည်တစ်ရပ်ပင် ဖြစ်သည်ဟု ဆိုချင်ပါ၏။ ယခုကဲ့သို့ စာအုပ်များ၊ များများရေးသားနိုင်ပါစေဟု ဆန္ဒပြုပါ၏။ သို့မှ နောင်းလူငယ်တို့အဖို့ အတိတ်သမိုင်းက အဆိုးအကောင်း သင်ခန်းစာများကို နာယူနိုင်ကြမည် ဖြစ်ပါသတည်း။

**မင်းရွှေမင်း (အင်းစိန်)**
**ဦးစီးအရာရှိ၊**
**အကောက်ခွန်ဦးစီးဌာန၊**

www.burmeseclassic.com

www.burmeseclassic.com



## ၈။ ပြည်သူတွေထဲက ရွေးပုဂံ

ဆရာ

– 'ပုဂံရာပုံတော်' ကို ဖတ်ကြည့်ပြီးပါပြီ။ စာအုပ်ရှေ့ပိုင်းက ဓာတ်ပုံတွေကို ကြည့်ပြီး ပုဂံဘုရားတွေအကြောင်းပဲ ရေးထားဦးမလား လို့ ထင်မိပါတယ်။ ဖတ်ကြည့်လိုက်တော့ လက်ကမချချင်အောင် ဆွဲဆောင်မှု ရှိပါတယ်။

– လက်က မချနိုင်အောင် ဖတ်ချင်ရတယ်ဆိုပြီး ဒီစာလေး တစ်စောင်ကို ရေးတာများ ကြာလိုက်တာလို့ မထင်ပါနဲ့ ဆရာ။

– အခြားတာဝန်နဲ့ ဝတ္တုရားတွေကြားထဲက ပုဂံကို သုံးကြိမ် သုံးခါနားပြီး ရှာရပါတယ်။ ဆရာ့ရဲ့ ရေးသားဆစ်ပိုင်းမှု ကောင်းတာ ကြောင့် အဲဒီလို နားပြီး ဖတ်ရတဲ့သူတွေအတွက်လည်း အရသာ မပျက်ဘဲ ဖတ်နိုင်တာ တွေ့ရပါတယ်။

– ပုဂံကို ပုရပိုက်ကျမ်းဂန်တွေကြားထဲ စာအုပ်စာတမ်းတွေ ကြားထဲမှာတင် မရှာဘဲ ပြည်သူတွေကြားထဲက အမှတ်အသားတွေ နဲ့ပါ မွှမ်းထုံရှာထားတဲ့အတွက် ရွေးပုဂံဟာ ခေတ်လူတွေနဲ့ ပိုပြီး နီးလာလို့ ဆရာ့ကို ကျေးဇူးအထူးထင်ပါတယ်။

ခင်မင်လေးစားလျက်

**ဒေါ်ခင်မာလွင် (ကထိက)**
**ပညာရေးစိတ်ပညာဌာန**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

သို့

ဆရာ ဦးစိန်တင်/ စိမ့် (ပညာရေး)

ဆရာ့ဆောင်းပါး GECမဂ္ဂဇင်းမှာ ဖတ်ရတယ်။ လွမ်းစရာ ကောင်းလှတယ်။ ခင်မာလွင် ပြောသလို ပုဂံဘုရားထဲမှာ ဆရာတို့ မောင်နှမ အမေရှာပုံတော်ကို ဖတ်ပြီး မျက်ရည်လည်မိတယ်။ ခင်ဗျား ရေးတဲ့ စာတွေဟာ 'လူ' တွေအကြောင်းများတော့ အမေနဲ့ အမေ အကြောင်းလဲ ရေးစမ်းပါဦး။ ပြည့်ပြည့်စုံစုံပေါ့။ ပိုပြီး ရသမြောက်မယ် ထင်ပါတယ်။

**ပါမောက္ခ ဦးသန်းထွတ်**

www.burmeseclassic.com

www.burmeseclassic.com

## ၉။ ပုဂံနှင့် တက္ကသိုလ်စိန်တင်

**မင်းယုဝေ**

မြန်မာ့သမိုင်းတွင် အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့ ဦးဆောင် သော ပုဂံပြည်သူတို့သည် စံပြုထိုက်သော နိုင်ငံသစ်ကြီးကို လက်ရုံး ရည်၊ နှလုံးရည် နှစ်ဖြာဖြင့် ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ကြသည်။ ပုဂံပြည်သူတို့ ဘိုးဘွားများသည် ယနေ့ မြန်မာနိုင်ငံသားတို့အား ကြီးစွာ အကျိုးပြုခဲ့ကြသည်။ မြတ်နိုးဖွယ်သော ယဉ်ကျေးမှု၊ တော် တည့် မှန်ကန်သော စိတ်ဓာတ်၊ ဖြူစင်သော စေတနာနှင့် အံ့ဖွယ် ပညာရပ်များကို ဆက်လက် တိုးပွားအောင် ဆောင်ရွက်နိုင်ရန် အမွေ ကောင်း အမွေနှစ်များ ပေးခဲ့ကြသည်။

သူတို့၏ ကျေးဇူးကား ကြီးမားလှသည်။ ထိုကြောင့် ကဗျာ ဆရာ၊ စာရေးဆရာများသည် အခွင့်ကြုံတိုင်းပင် ရှေးခေတ်ပုဂံပြည် ၏ ကျက်သရေကို ဖော်ကျူးရေးသားကြသည်။ ရှေးခေတ် ပုဂံပြည် သူ ဘိုးဘွားများအကြောင်း ချီးကျူးရေးသားကြသည်။

ဆရာ တက္ကသိုလ်စိန်တင်ကမူ ပုဂံကို အထူးစေတနာရောက် ကာ လုံးချင်းစာအုပ်များ ရေးထုတ်ခဲ့သည်။ သူ၏ ပထမဆုံးသော ပုဂံအကြောင်း စာအုပ်မှာ 'အိုဘယ့်အနော်ရထာ' ဖြစ်သည်။ ယခု ပုဂံအကြောင်း ဒုတိယစာအုပ်မှာ 'ပုဂံရာပုံတော် (၁)၊ (နရသီဟပတေ့ မင်း)၊ မိဖုရားစောလုံနှင့် မိဖုရားစော' တို့ဖြစ်သည်။

အနော်ရထာမင်းလက်ထက်မှ စ၍ နှစ်ပေါင်း ၂၀၀ ကျော်



ကြီးကျယ် ခိုင်ခန့်တည်မြဲခဲ့သော ပုဂံပြည်ကြီးသည် အရည်အချင်း မရှိသော၊ စိတ်ဓာတ်ပျော့ညံ့သော နရသီဟပတေ့မင်းလက်ထက်တွင် ပျက်သုဉ်းခဲ့ရသည်။ ပြည်ပရန်ကြောင့်လည်း ဖြစ်၏။ ပြည်သူတို့၏ ထောက်ခံမှုကို မရသောကြောင့်လည်း ဖြစ်သည်။

ဆရာ တက္ကသိုလ်စိန်တင်သည် ထိုပုဂံနောက်ဆုံးမင်း နရ သီဟပတေ့ကို မဏ္ဍိုင်ထားလျက် ထိုခေတ် ပုဂံပြည်သား လူကောင်း လူမွန်များနှင့် လူဆိုးလူညံ့များ၏ အကြောင်းကိုပါ ရှာဖွေတင်ပြ သည်။ ပုဂံပြည်ကြီး ကျဆုံးရပုံကိုလည်း တင်ပြသည်။

ထိုသို့ ရှာဖွေတင်ပြရာ၌ သူသည် ခိုင်မာသော သမိုင်းဖြစ် ရပ်များကိုလည်း အထောက်အထားပြုသည်။ ဒဏ္ဍာရီဆန်သော ဖြစ် ရပ်များကိုလည်း ကိုးကားသည်။ ထို့ပြင် သူ၏ တွေးဆချက်၊ သူ ၏ ထင်မြင်ချက်၊ သူ၏ ယူဆချက်၊ သူ၏ စိတ်ကူးတို့ကိုလည်း ပေါင်းစပ်တင်ပြသည်။ သုတရသ နှော၍ ရေးသားတင်ပြသည်။

သူသည် ပုဂံကျဆုံးပုံကို ရှာဖွေတင်ပြရင်း သတိပြုဖွယ်၊ ဆင်ခြင်ဖွယ်၊ သံဝေဂယူဖွယ်၊ သင်ခန်းစာယူဖွယ် အချက်တို့ကိုလည်း အားထုတ်တင်ပြထားသည်ဟု ယူဆမိပါသည်။

ဆရာ တက္ကသိုလ်စိန်တင်၏ စေတနာကို လေးစားပါသည်။ ဆရာ တက္ကသိုလ်စိန်တင်၏ ကြိုးပမ်းမှုကို ကြိုဆိုပါသည်။

မင်းယုဝေ

၂၃၊ ၉၊ ၉၈

www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ ပုဂံရှာပုံတော်နှင့် ကျွန်တော်

### ချောင်းဆုံအုန်းသွင်

ဝါကျတစ်ခု၊
စာတစ်စုမျှ၊
ဖြစ်တုံလှလည်း၊
နှစ်ဝကောင်းကျိုး၊
ဖြစ်လိမ့်နိုးက၊
ဖတ်ရှုရကျိုး၊
(ပြုစုရကျိုး)
နပ်ချေပြီ။

တက္ကသိုလ်စိန်တင်နှင့် ကျွန်တော် ညီအစ်ကိုအရင်းတမ
ချစ်ခင်ရင်းနှီးခဲ့သည်မှာ ၄၄ နှစ်ကျော်ခဲ့ပါပြီ။

တက္ကသိုလ်စိန်တင်နှင့် ကျွန်တော်သည် အကြိုက်ချင်း တူ
သည်လည်း ရှိ၏။ အကြိုက်ချင်း မတူသည်လည်း ရှိ၏။ အမြင်ချင်
တူသည်လည်း ရှိ၏။ အမြင်ချင်း မတူသည်လည်း ရှိ၏။ သဘော
ထားချင်း တူသည်လည်း ရှိ၏။ သဘောထားချင်း မတူသည်လည်
ရှိ၏။ ရည်ရွယ်ချက်ချင်း တူညီသည်လည်း ရှိ၏။ ရည်ရွယ်ချက်
ချင်း မတူညီသည်လည်း ရှိ၏။ သို့သော်–

မည်သည့်နေရာတွင် မည်မျှ မတူညီကြသည်ဖြစ်စေကာမူ
စာရေးရာတွင် လည်းကောင်း၊ စာဖတ်ရာတွင် လည်းကောင်း ထပ်တူ



ထပ်မျှ တူညီသော ရည်ရွယ်ချက် တစ်ခု ရှိပါသည်။ (ဝါ) ရည်ရွယ်
ချက်ချင်း ထပ်တူထပ်မျှ အမြဲတမ်း တူညီနေကြပါသည်။ ထိုတူညီ
မှုမှာ–

စာရေးရာတွင် မျက်မှောက်၊ သံသရာ နှစ်ဖြာသော ကောင်း
ကျိုးကို စာဖတ်သူများ နည်းများမဆို ရရှိစေရန် အမြဲတမ်း ရည်ရွယ်
ပြီး ရေးသည်။ ဖတ်ရှုသူအတွက် ထိုသို့ အကျိုးကျေးဇူး ဖြစ်ထွန်း
သွားမှ ပြုစုရကျိုး၊ ရေးသားရကျိုးနပ်သည်ဟု ရင်ထဲမှ ခံယူသည်။

ထို့အတူ စာဖတ်ရာတွင်လည်း ထိုသို့ အကျိုးကျေးဇူးရရှိမှ
မိမိတို့အတွက် ဖတ်ရှုရကျိုးနပ်သည်ဟု ကျေနပ်မိကြသည်။

တက္ကသိုလ်စိန်တင်သည် အတ္ထုပ္ပတ္တိရေးရာတွင်လည်းကောင်း၊
သမိုင်းဝတ္ထုရေးရာတွင်လည်းကောင်း အလွန်တော်သော၊ အလွန်ကျော်
သော (တော်၍ကျော်ခြင်းဖြစ်သည်) စာရေးဆရာဖြစ်သည်။ အတ္ထုပ္ပတ္တိ
စာပေဖြင့် အမျိုးသားစာပေဆုရ ရရှိခဲ့ခြင်းက ခိုင်မာသော သက်သေ
ဖြစ်ပါသည်။ အဘယ့်ကြောင့် တော်သနည်း၊ အဘယ့်ကြောင့် ကျော်
သနည်း။

တက္ကသိုလ်စိန်တင်သည် (၁) စာရေးရန်အတွက် အချက်
အလက် စုဆောင်းရာတွင် အလွန်အမင်း ကြိုးပမ်းသည်။ မည်မျှ
သေးငယ်သည့် အချက်အလက်ကိုဖြစ်စေ ကေသရာဇာ ခြင်္သေ့မင်း
သားကောင်ဖမ်းသကဲ့သို့ အားကုန်၊ ခွန်ကုန် ကြိုးပမ်းရှာဖွေရယူသည်။
ကေသရာဇာ ခြင်္သေ့မင်းသည် ခွန်အားကြီးသော သတ္တဝါများကို
ဖမ်းယူရာ၌ လည်းကောင်း၊ ခွန်အားငယ်သော၊ သေးငယ်သော
သတ္တဝါငယ်များကို ဖမ်းယူရာတွင် လည်းကောင်း အညီအမျှ အား
ပြည့်၊ အင်ပြည့် ထုတ်၍ သုံးသည်ဟု မှတ်သားရဖူးသည်။ တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



စိန်တင်လည်း ထိုနည်းလည်းကောင်း။ မည်မျှသေးငယ်သော အချက်အလက်ပင်ဖြစ်ပါစေ၊ အချက်အလက်ရှိမှန်းသိလျှင် ချန်ထား၍ ရသော်လည်း မချန်ဘဲ မရမက ကြိုးပမ်းရှာဖွေဖော်ပြသည်။ (၂) တင်ပြရာတွင် အပွင့်ဆုံး၊ အလင်းဆုံး၊ နားလည်အလွယ်ဆုံး၊ ခေတ်အမီဆုံးနှင့် ဖတ်ချင့်စဖွယ်အဖြစ်ဆုံး ရေးသားတင်ပြနိုင်စွမ်းသည်။

ပုဂံရာဇဝင်ကို တုတ်ထမ်း၊ ဓားထမ်းပြောရသည်ဟု ဆိုစမှတ်ပြုကြသည်။ အချက်အလက် အထောက်အထား နည်းပါးသဖြင့် အချက်အလက် အတော်များများသည် ပါးစပ်ရာဇဝင်ပမာ ဖြစ်နေသည်။ ထို့ကြောင့် သူတစ်မျိုး၊ ငါတစ်ဖုံနှင့် ငြင်းခုံကြရလွန်းသဖြင့် တုတ်ထမ်း၊ ဓားထမ်း ပြောရသည်ဟုဆိုခြင်း ဖြစ်ပါသည်။ တက္ကသိုလ်စိန်တင်က ပုဂံရာဇဝင်ကို တုတ်မထမ်း၊ ဓားမထမ်းရဘဲ နားထောင်သူက ကျေကျေနပ်နပ် ငြိမ်ငြိမ်သက်သက် နားထောင်အောင် ပြောနိုင်သူ ဖြစ်သည်။ အဘယ့်ကြောင့်နည်း။

ကျွန်တော့်အယူအဆအရ တက္ကသိုလ်စိန်တင်သည် ပုဂံရာဇဝင်ကို ရာဇဝင်ပုံစံ၊ သမိုင်းပုံစံဖြင့် မဖော်ပြဘဲ လိုအပ်သမျှ ကျောရိုးအနှစ်လောက်သာယူပြီး ခေတ်ပုံစံဖြင့် ဖော်ပြထားခြင်းကြောင့် ဖြစ်သည်။ စကားအပြောအဆို အသုံးအနှုန်း အားလုံး ခေတ်ဆန်သည်။ ယနေ့ အရပ်ထဲတွင် ပြောသော အရပ်စကား၊ အရပ်ဝေါဟာရ၊ အရပ်အသုံးအနှုန်းတို့ဖြင့် ဖော်ပြထားသည်။

ရှေးက ရာဇဝင်ဝတ္ထုများသည် ရေးသူအတွက်ရော၊ ဖတ်သူအဖို့ပါ ပင်ပန်းလှသည်။ ဝတ္ထုကို အခြေခံသည့် ခေတ်က ပြောဆိုသုံးစွဲသော အပြောအဆိုများ၊ အဝတ်အစားများ၊ ဓလေ့စရိုက်များကို လေ့လာပြီး အတတ်နိုင်ဆုံး ထိုခေတ်အတိုင်းဖြစ်အောင် ဖော်ပြရေး



သားကြရသည်။ ဖတ်ရှုသူများကလည်း မိမိ ကြားနေကျ မဟုတ်သော အချို့ နားမလည်နိုင်သော စကားလုံးများကို ဖတ်ပြီး ကြားရသဖြင့် တစ်ခါတစ်ရံ ဝတ္ထုဇာတ်လမ်း၏ အရသာကိုပါ ထိခိုက်ရပေသည်။

ယခု တက္ကသိုလ်စိန်တင်၏ 'ပုဂံရာပုံတော်' မှာ ဥဇနာမင်း၊ နရသီဟပတေ့မင်း၊ သီဟသူမင်းသား၊ မိဖုရားစောလုံ၊ ဖွားစောနှင့် အမတ်ကြီး ရာဇသင်္ကြန်တို့၏ ဆက်ဆံရေးကို ဝတ္ထုပုံစံဖြင့် ရေးသားထားသော ရာဇဝင်ဝတ္ထုပင် ဖြစ်ပါသည်။ သူ့ဝတ္ထုမှာ ပုဂံခေတ်လေသံမပါ၊ ပြီးတော့ အချက်အလက်ကို ယူရာတွင် အနှစ်ကိုသာ အဓိကထားသည်။ အကာကို အဓိကမထား၊ ဥပမာ-

ကျွန်တော် ကြားဖူး၊ မှတ်သားဖူးသည်မှာ နန်းတွင်းဝယ် ရာဇသင်္ကြန်အမတ်ကြီးက ရှေ့မှ အင်္ကျီလက်ကြီး ဖားလျားဖြင့် သွားသည်။ သီဟသူ မင်းသားက နောက်မှ လာသည်။ ရာဇသင်္ကြန်အမတ်ကြီးက နောက်မှ အိမ်ရှေ့မင်းသား လိုက်လာမှန်း မသိ၊ အင်္ကျီလက်ကို မသိမ်းမိ၊ သီဟသူမင်းသားက 'အိမ်ရှေ့မင်းသား လာတာကို အင်္ကျီလက်မသိမ်းဘဲ မလေးမစား လုပ်ရမလား' ဆိုပြီး အင်္ကျီလက်ကို ကွမ်းတံတွေးဖြင့် ထွေးသည်။

တက္ကသိုလ်စိန်တင်က 'ညီလာခံတွင် ဘုရင်ထွက်ကြွသည်။ ပြီးတော့ အိမ်ရှေ့မင်းသား ထွက်ကြွသည်၊ အမတ်များ၊ ဝန်များက ပျာပျာသလဲ ခေါင်းငုံ့၊ ဦးခိုက် အရိုအသေပြုကြသည်။ ထိုအချိန်တွင် ရာဇသင်္ကြန်အမတ်ကြီးက မသိဟန်ဖြင့် ကွမ်းထိုင်ယာနေသည်။ မင်းသားက အိမ်ရှေ့မင်းသား လာတာ မမြင်ရော့လား ဆိုပြီး ကိုယ်ပေါ်တွင် ကွမ်းတံတွေး တစ်ကွက်ထွေးချလိုက်သည်' ဟု ဆိုသည်။

ဤနေရာတွင် တက္ကသိုလ်စိန်တင်၏ ဖော်ပြချက်ကို ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် .နည်းနည်းကလေးမှ အငြင်းမပွား၊ ကျေကျေနပ်နပ် လက်ခံသည်။ အဘယ့်ကြောင့်ဆိုသော် တက္ကသိုလ်စိန်တင်သည် 'သီဟသူမင်းသားက ရာဇသင်္ကြန်ကို ကွမ်းတံတွေးဖြင့် ထွေးသည်' ဟူသောအချက်ကိုသာ အဓိကထားကြောင်း ထင်ရှားနေသည်။ ဤအချက်ဖြင့်သာ ဇာတ်လမ်းကို အသက်သွင်းသွားသည်။ ဘယ်နေရာကို ထွေးထွေး အဓိကမှာ 'သီဟသူမင်းသားသည် မောက်မာလွန်းသူဖြစ်၍ သက်တော်ရှည် အမတ်ကြီးကို ကွမ်းတံတွေးဖြင့် ထွေးသည်။ အမတ်ကြီးသည် အမှတ်အတေးထားပြီး ရလာသောအခွင့်အရေး မိမိရရ ဆုပ်ကိုင်ပြီး လက်စားချေလိုက်သည့် အမတ်ပင် ဖြစ်သည်။' ဤအချက်သည် အနှစ် ဖြစ်၍ 'ဘယ်နေရာမှာ ဘယ်လို ထွေးသည်' ဆိုသော အကာကို မည်သူမျှ အချိန်ဖြုန်းပြီး အငြင်းမပွားတော့ပါ။ ဤကား တက္ကသိုလ်စိန်တင်၏ ထူးခြားသော အရည်အချင်းတစ်ရပ်ဟု ဆိုချင်ပါသည်။

တက္ကသိုလ်စိန်တင်သည် သီဟသူမင်းသားနှင့် ရာဇသင်္ကြန်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော သရုပ်ကို ပီပြင်အောင် ဖော်ပြသွားသည်။ သီဟသူမင်းသားသည် ငယ်ရွယ်သည်။ မာနကြီးသည်။ စရိုက်ကြမ်းသည်။ ရိုင်းစိုင်းသည်ကို 'လူကိုလူမှန်းမသိ၊ ရဟန်းကို ရဟန်းမှန်း မသိ၊ ဘာသာ သာသနာ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုလျှင်ကား ဖုတ်လေသည့် ငါးပိ ရှိတယ်လို့ မမှတ်သော မင်းသားပါပဲ။ သည်မင်းသားမျိုးကို နန်းပလ္လင်ပေါ်တင်ပြီး ဦးခိုက်ရမည်ဆိုလျှင်တော့၊ သည်မင်းလက်ထက်ဝယ် ပြည်သူတို့ ကျောကော့အောင်ခံရမည်မှာ မြေကြီးလက်ခတ်မလွဲ' ဟူ၍ တိုတိုနှင့် ထိထိမိမိ ဖော်ပြထားသည်။ တက္ကသိုလ်စိန်တင်သည် ဥပမာပေးပုံ ဆန်းသည်။ စကား



စဉ်အတိုင်း လမ်းရိုးအတိုင်း မလိုက်၊ မှောင်မိုက်ပုံကို ရှေးစကားရှိသည်မှာ 'လကွယ်နေ့၊ ညနက်သန်းခေါင်၊ တောကြီးမျက်မည်းထဲ၊ မိုးမှောင်ကျနေသည်' ဟူ၍ ဖြစ်သော်လည်း တက္ကသိုလ်စိန်တင်က

'ခု တစ်ချီ မိုက်ပြလိုက်ပုံကဖြင့် လကွယ်နေ့ ညသန်းခေါင်ယံမှာ ကျင်း ခုနစ်တောင် တူးပြီး မြေကြီးထဲဝင်မိုက်ပြလိုက်သလို'

ဟူ၍ အဆန်းထွင် ဖော်ပြထားသည်။ တက္ကသိုလ်စိန်တင်သည် မည်မျှ ခေတ်ဆန်ဆန် ဖော်ပြတတ်သနည်းဆိုသော် နရသီဟပတေ့မင်းကို ပုန်ကန်သည့် သူပုန်သူကန်များ မှိုလိုပေါက်လာသဖြင့် ဘုရင်ကြီး စိတ်ပျက်၊ လက်မှိုင်ချနေပုံကို–

'ဘဝရှင်မင်းတရားကြီးမှာ ဘာလုပ်ရမှန်း မသိတော့ပြီ၊ နန်းပလ္လင်ပေါ်မှာ ဆောင့်ကြောင့်ကြီး ထိုင်လို့ တမှိုင်မှိုင်၊ တတွေတွေ ဖြစ်နေပြီ'

ဟူ၍ ဖော်ပြထားသည်။ ရှေးဘုရင်များ လက်ထက်က ဘုရင်များ စိတ်ပျက်လျှင် မည်သို့ မှိုင်သည်မသိ၊ ဘုရင် မှိုင်ပုံနှင့် အရပ်သူ၊ အရပ်သား မှိုင်ပုံ မည်သို့ ခြားနားသည်မသိ၊ သုတေသနလုပ်ပြီး သရုပ်ပေါ်အောင် ရေးရလျှင် အတော်ခက်ခဲပေမည်။ ထို့ပြင် တူချင်မှလည်း တူဦးမည်။ ယခုတော့ တက္ကသိုလ်စိန်တင်က အငြင်းပွားစရာ မလိုအောင် လူတိုင်း လက်တွေ့၊ မျက်တွေ့ မှိုင်ပုံဖြင့် မှိုင်ပြလိုက်သည်။

တက္ကသိုလ်စိန်တင်သည် သီဟသူမင်းသားနှင့် နရသီဟပတေ့မင်းတို့၏ မာနကြီးပုံ၊ မောက်မာပုံ၊ ရိုင်းစိုင်းပုံ၊ လူကြီးကို လူကြီးမှန်း မသိပုံ၊ ရက်စက်ပုံ၊ ကျေးဇူးမသိတတ်ပုံ၊ ခေါင်းခေါ်ဆင်ခြင်နိုင်မှု ခေါင်းပါးပုံ စသည့် လူနှင့် မလိုက်သော နေရာကို ရသူတို့၏

www.burmeseclassic.com

www.burmeseclassic.com



စရိုက်ကို ဖော်ပြရာတွင် ဖတ်ရှုသူတိုင်း၊ ကြီးငယ်မဟူ၊ မိမိတို့ခေတ်၊ မိမိတို့နှင့် နီးစပ်သူ တစ်ဦးဦးကို မျက်စိထဲပြေးမြင်ယောင်ရေးသား ဖော်ပြနိုင်သည်။ 'ဘယ်သူနဲ့တော့ တစ်ပုံစံထဲပဲဟေ့' ဟု အိုမင်းရင့်ရော်သူမှ ဆယ်ကျော်သက်အရွယ်အထိ မိမိတို့တွေ့ကြုံဖူးသူကို မိမိတို့မျက်စိထဲ ပြန်မြင်ကာပြောရလောက်သည်အထိ ပီပြင်သည်။ 'သည်လူမျိုး ငါ့အနားမှာ ရှိလေရဲ့' ဟုဆိုပြီး ဘေးဘီကို ကြည့်မိရသည်အထိ အသက်ဝင်သည်။

ထို့အတူ အမတ်ကြီးရာဇသင်္ကြန်သည် နရသီဟပတေ့ကို နန်းတင်မည် ကြံစည်က 'မိမိအတွက် ဘုရင်ရုပ် တစ်ရုပ် အလွယ်တကူဖြင့် ရမည့်ကိန်း ဖြစ်သည်' ဟု တွက်ခဲ့ပြီး တကယ်တမ်း နရသီဟပတေ့မင်းသား ဘုရင်ဖြစ်လာတော့ မိမိတွက်ကိန်း၊ မိမိမျှော်မှန်းဆချက်နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး ဘာမျှ မတတ်နိုင်၊ လက်မှိုင်ချရသည့်အဖြစ်ကိုလည်းကောင်း၊ မိဖုရားစော၏ အမြော်အမြင်ရှိပုံ၊ ဉာဏ်ပညာရှိပုံကို 'မိဖုရားသည် ဆိုင်းသံကြားတိုင်း ထ ကလိုသော မင်းသမီးရူးမဟုတ်၊ အရေးအခင်းပေါ်တိုင်း ဝင်ရန် ကြိုးစားသူမဟုတ်' ဟူ၍လည်းကောင်း မိမိတို့အသိ၊ မိမိတို့ အတွေ့အကြုံများအရ တူသူများနှင့် အလွယ်တကူ နှိုင်းယှဉ်နိုင်အောင် ဖော်ပြထားသည်။

'တဏှာ၊ မာန၊ ဒိဋ္ဌိ' ဟူသော တရားကြီးသုံးပါးသည် သံသရာကို ချဲ့ထွင်တတ်သော တရားဖြစ်၏။ 'ပပဉ္စတရား' ဟုခေါ်ပါသည်။ အတိုချုပ်သဘော ပြောရလျှင် အလိုဆန္ဒ၊ ဝါ၊ တပ်မက်မှု၊ ထောင်လွှားမှု (ဝါ) ဆတ်ဆတ်ထိမခံမှု၊ အယူလွဲမှားမှု (ဝါ) ငါမဟုတ်သည်ကို ငါဟုထင်မြင်မှုတို့ဖြစ်သည်။ သတ္တဝါတို့သည် ဤတရားသုံးပါးကြောင့် သံသရာမှာ လမ်းဆုံးမရောက်နိုင်အောင်



လျှောက်သွားနေကြရသည်။

သီဟသူ၊ နရသီဟပတေ့၊ ရာဇသင်္ကြန်တို့သည် တဏှာကို အရင်းခံပြီး ဒိဋ္ဌိကို ဖက်တွယ်ပြီး မာနကို ထိပ်တင်လျက် နှိပ်ကွပ်ခြင်း၊ လက်စားချေခြင်း စသည်တို့ကို ပြုခဲ့ကြသည်။ သူတို့သည် တဏှာ၊ မာန၊ ဒိဋ္ဌိဖုံးလွှမ်းခြင်းကို ခံထားရသဖြင့် မမြဲခြင်းသဘော အနိစ္စတရားကို မမြင်နိုင်တော့ပေ။ 'နက်ဖြန်က အဝေးကြီး၊ နောက်ဘဝက အနီးကလေး' ဆိုသော တရားကို မသိ၊ မတွေးမိ၊ သေမင်းနှင့် နားလည်မှုရထားသူပမာ ပြုမူနေခဲ့ကြသည်။ နောက်ဆုံး ဘုန်းသမ္ဘာရှင်ဆိုသော ဘုရင်၊ အိမ်ရှေ့မင်းသားနှင့် ပညာရှင်ဆိုသော အမတ်ကြီးတို့သည် တဏှာမာန်၊ ဒိဋ္ဌိတို့၏ သားကောင်ဘဝဖြင့် ဇာတ်သိမ်းမလှ ဖြစ်သွားကြရသည်။ သမိုင်းဆိုးကို ရေးသွားကြရသည်။ သမိုင်းရေးသူသည် မိမိသမိုင်းကို မိမိပြန်ဖတ်ခွင့် မရသဖြင့် မိမိတို့သမိုင်းကို မိမိတို့ သိခွင့်မရသွားကြ၊ နောက်လာနောက်သားများကသာ ဖတ်ခွင့်ရ၍ ဝေဖန်ပိုင်းခြားနိုင်ကြရသည်။ အိမ်ရှေ့မင်းသားနှင့် ထိုက်သူ၊ ဘုရင်နှင့်မထိုက်သူများ အိမ်ရှေ့မင်းသား၊ ရှင်ဘုရင် ဖြစ်ကြရ၍ မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ ပတ်ဝန်းကျင်၊ ပြီးတော့ တစ်နိုင်ငံလုံး ပျက်စီးဆုံးရှုံးရပုံ၊ သတိကို မာနက မောင်းထုတ်လိုက်ဖြင့် 'ပညာရှိ သတိဖြစ်ခဲ' ဖြစ်သွားသော၊ ပညာရှိအဆင်ခြင်မဲ့ သွားသော အမတ်ကြီး ရာဇသင်္ကြန်သည် မပြိုင်သင့်သူနှင့် မာနချင်း ပြိုင်မိသည့်အတွက် ပျက်စီးရပုံတို့ကို တက္ကသိုလ်စိန်တင်က ဖော်ထုတ်၍ သင်ခန်းစာ ပေးထားသည်။

တက္ကသိုလ်စိန်တင်သည် သူ့ဇာတ်ကောင်တိုင်း၊ ဇာတ်ကောင်တိုင်း၏ ခန္ဓာကိုယ်တွင်းသို့ ကိုယ်တိုင်ဝင်ပြီး ဇာတ်ကောင်များကို

www.burmeseclassic.com

www.burmeseclassic.com



တွေးတောစေသည်၊ ပြောဆိုစေသည်။ လုပ်ကိုင်စေသည်။ ထို့ကြောင့် ဇာတ်ကောင်တိုင်း၊ ဇာတ်ကောင်တိုင်း အသက်ဝင်သည်။ တက္ကသိုလ် စိန်တင် ပေးလိုသော သင်ခန်းစာကို ပေးနိုင်ခဲ့သည်။ စာရှုသူအတွက် မျက်မှောက်၊ သံသရာနှစ်ဖြာသော အကျိုးကို ဖြစ်စေမည့် ဖတ်ရ ရကျိုးနပ်စေသော အဖိုးအနဂ္ဃဖြစ်သော သင်ခန်းစာများကို ပေးသွား သည်။ ဤကား တက္ကသိုလ်စိန်တင်နှင့် ကျွန်တော်တို့၏ တူညီသော ရည်ရွယ်ချက်ပါတည်း။

ဤစာအုပ်တွင် ကျွန်တော် သဘောတွေ့လွန်းသော အချက် များ၊ ကျွန်တော့်ထင်မြင်ယူဆချက်များကို ရှည်လျားစွာ ဖော်ပြပြီး နောက် ကျွန်တော် အနည်းငယ်-ဘဝင်မကျသော အချက် တစ်ချက် ကိုလည်း ဖော်ပြလိုပါသည်။ အခြားမဟုတ်။ 'ရာဇသင်္ကြန် အမတ် ကြီးကို လမ်းဘေး အရက်ဆိုင်က ယစ်ထုပ်ကြီးတစ်ယောက်' သဏ္ဌာန် သရုပ်ဖော်ထားသည့် အချက်ပင် ဖြစ်သည်။ မည်သို့ပင် ဆိုစေ ရာဇသင်္ကြန်အမတ်ကြီးကို ပညာရှိအမတ်ကြီး (သတိဖြစ်ခဲ့တာကို အသာထားလျှင်) လေးစားထိုက်သော အမတ်ကြီး၊ ဤစာအုပ်ပါ သူ့စွမ်းဆောင်ချက်များမှာမူ ထင်ရှားပါသည်) ဟု ကျွန်တော့်စိတ် တွင် ကြည်ညို လေးစားမိသောကြောင့် ဖြစ်ပါသည်။

ဤကား တက္ကသိုလ်စိန်တင်၏ 'ပုဂံရှာပုံတော်' စာအုပ်နှင့် ပတ်သက်သော ကျွန်တော်၏ သုံးသပ်ထင်မြင် ယူဆချက် ဖြစ်ပါ သတည်း။

**ချောင်းဆုံအုန်းသွ**

## ၁၁။ ပုဂံရှာပုံတော် သို့မဟုတ် ရွှေထီးဆောင်းခဲ့သော ခေတ်များကို ပြန်ပြောင်းကြည့်ခြင်း

**ဒေါက်တာ မောင်မောင်ညို**

ယခုအခါ ရှာပုံတော်များ ခေတ်စားနေသည်ဟု ပြောချင်သည်။ အိုးဝေ ဦးညိုမြ၏ 'ကုန်းဘောင်ရှာပုံတော်' မှာ တပ်မတော်ပိုင် မြဝတီစာအုပ် တိုက်မှ ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေရာ စာအုပ်တန်ဖိုး ဈေးကြီးလှ သော်လည်း ရောင်းကုန်သည်ဟု သိရသည်။ ယခုအခါ တတိယ အကြိမ် ထပ်မံရိုက်နှိပ်နေသည်ကို ဖတ်ရ၏။ ကုန်းဘောင်ရှာပုံတော် ၌ အိုးဝေ ဦးညိုမြသည် ကုန်လွန်ခဲ့သော ကုန်းဘောင်ခေတ်နှင့် ပတ်သက်၍ ဟုတ်တာရော၊ မဟုတ်တာရော၊ တဘောင်စနည်းတွေ ရော၊ ယုံတမ်းတွေရော ထည့်ရေးထားသည်ကို ဖတ်ရသည်။ ခိုင်ခိုင် မာမာ သမိုင်းရာဇဝင်စာအုပ် မဟုတ်။ လူပြောများသော အကြောင်း အရာများကို လူအများ စိတ်ဝင်စားအောင် ရေးသားတင်ပြထားခြင်း ပင် ဖြစ်သည်။

ယခုတစ်ဖန် စာရေးဆရာ တက္ကသိုလ်စိန်တင်က သူ့ဆရာ ၏ အရိုန်အဝါနှင့်။ ယခုခေတ် လူတွေကြားထဲတွင် ရှိနေသေးသော ပုဂံခေတ်အကြောင်းအရာများကို သူ့အမြင်နှင့် ပေါင်းစပ်ကာ ရေးသား လိုက်ခြင်းဖြစ်သည်။ ဖတ်၍ ကောင်းပါ၏။ စိတ်ဝင်စားဖွယ် ဖြစ် ၏။ သို့သော် ခိုင်မာသော သမိုင်းကား မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံအနေဖြင့် အကျော်ကြားဆုံး 'ရှာပုံတော်' မှာ ဦးကြော့၏ 'စုံနံ့သာမြိုင်ရှာပုံတော်ကြီး' ဖြစ်သည်။ စာအနုအဆန်း စကားပရိယာယ် အလွန်ကြွယ်ဝ၍ ဗုဒ္ဓဝင် ဗဟုသုတ များစွာပင် ပေးသော ကဗျာလင်္ကာရှည်ကြီး ဖြစ်၏။ ယခု ၁၃၃၈ ခုနှစ်တွင် ငွေတာရီမဂ္ဂဇင်း၌ လစဉ်ဆက်၍ ပီကျော်ဟန်က ဦးကြော့၏ ရှာပုံ တော်ကြီးကို ချီးကျူးခန်း ဖွင့်ထားသည်ကို ဖတ်ရ၏။ တပ်မတော် အရာရှိကြီးများ အငြိမ်းစားယူပြီး စာပေ ဗဟုသုတ လိုက်စားကြသည်မှာ ချီးကျူးအံ့ဖွယ်ပင် ဖြစ်၏။ ငယ်စဉ်ကပင် လိုက်စားခဲ့ပါက တိုင်းပြည်အတွက် ပို၍ အကျိုးရှိမည်မှာ ဧကန်ပင် ဖြစ်သည်။



### တက္ကသိုလ်စိန်တင်၏ ပုံရှာပုံတော်

တက္ကသိုလ်စိန်တင်၏ ပုဂံရှာပုံတော်မှာ စင်စစ် ပုဂံသမိုင်း တစ်ခုလုံးမဟုတ်။ ပုဂံပျက်ခါနီး မင်းခွေးချေးခေါ် တရုတ်ပြေးမင်း နရသီဟပတေ့မင်း လက်ထက် ဖြစ်ပျက်ခဲ့သည်များမှ အချို့အဖြစ် အပျက်များကို ရာဇဝင်သမိုင်း အချက်အလက်များနှင့် ယခုခေတ် လူတို့ ပြောကြဆိုကြသည်များ ရောထွေး၍ စာရေးသူ၏ အတွေးဖြင့် ပြန်လည် ရေးသားထားချက်များ ဖြစ်၏။ ဥပမာ– တက္ကသိုလ်စိန်တင် က မင်းခွေးချေးခေါ် နရသီဟပတေ့သည် ပုဂံထီးနန်းကို ထိုက်တန် သူမဟုတ်ပါဘဲလျက် အမတ်ကြီး ရာဇသင်္ကြန်ကြောင့် မင်းဖြစ်ရပုံ ကို အကျယ်တဝင့် ရေးသားတင်ပြထား၏။ ဤသည်မှာလည်း ရာဇ သင်္ကြန်အမတ်ကြီးနှင့် ထိုစဉ်က အိမ်ရှေ့မင်းသား သီဟသူတို့ ကွမ်း တံတွေးတစ်စက်ကြောင့် အမျက်သိုကြ၊ ရန်ညှိုးထားကြပုံကို အဓိက ထား တင်ပြထား၏။ အမှန်တော့ သီဟသူ မင်းသား နန်းမရခြင်းမှာ ထိုကွမ်းတံတွေးစက်ထက်ပိုသော အကြောင်းအရာများ ရှိမည်မှာ ဧကန်ပင်။ ဥပမာအားဖြင့် ဖခင် ပုဂံအလောင်းစည်သူမင်းနှင့် အစ်ကို မင်းရှင်စောတို့ကို သတ်၍ နန်းတက်သော နရသူ၏ အဖြစ်အပျက် မှာ မကြာလှသေး။ ထို့အတူ ပုဂံကို တရုတ်တပ်များ (မွန်ဂို တပ်) ရောက်ပြီးနောက် တရုတ်ပြေးမင်းကို အဆိပ်ကျွေးသတ်၍ နန်းတက် ချင်သော ပြည်မင်းသားတို့၏ အဖြစ်အပျက်သည် ကပ်ပါလာသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



## မင်းခွေးချေး၏ ရှက်ဖွယ်အဖြစ်အပျက်များ

စင်စစ် ဤစာအုပ်မှာ 'ပုဂံရာပုံတော်' ဟု ဆိုသည်ထက် 'မင်းခွေးချေးခေါ် နရသီဟပတေ့၏ အဖြစ်အပျက်များ' ဟု ဆိုသည်က ပို၍ မှန်မည်ဟု ဆိုရမည်။ အကြောင်းမှာ စာအုပ်တစ်အုပ်လုံး မင်းခွေးချေး နန်းတက်ခါနီး အခြေအနေမှ သူ သေဆုံးချိန်အထိ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ရေးသားထားသောကြောင့် ဖြစ်သည်။

မြန်မာရာဇဝင်လိုက်စားသူများ သိပြီးဖြစ်သည့်အတိုင်း မင်းခွေးချေးသည် အမျက်စောင်းမာန်ကြီးသည်၊ အစားကျူးသည်၊ ငြိုးမာန်ဖွဲ့တတ်သည်၊ အမှားအမှန် မချင့်ချိန်တတ်၊ သူထင်ရာ လုပ်တတ်သည်၊ သူနှင့် ပုလဲနံ့ပသင့်သူများကို ရာထူးကြီးများ ပေးပြီး သူနှင့် မတည့်သူများကိုအသက်ကို သေစေသည်အထိ နှိပ်ကွပ်တတ်သည်။ ဤသည်မှာ မဆန်းပါ။ သူသည် အမျက်စောင်းမာန်ကြီးသဖြင့် အိပ်ရာက နိုးတိုင်း အနီးရှိလူများကို တစ်ခုခုနှင့် ကောက်ပေါက်တတ်သည်။ သို့ဖြင့် ခါးရမ်းသီးအမည်ပေါ်လာရသည် မဟုတ်ပါလော။ အစားကျူးသဖြင့် တစ်နပ်ကို ဟင်းခွက်သုံးရာပါမှ ပွဲတော်တည်သည်၊ တရုတ်တို့ရန်မှ ပြေးရစဉ် ဟင်းခွက်ရေ (အရည်အတွက်) တစ်ဝက်သာ ရှိ၍ ညည်းညူခဲ့သည် မဟုတ်လော။ မာန်ဖွဲ့တတ်၊ အငြိုး ဖွဲ့တတ်၍ ရာဇသင်္ကြန်အမတ်ကြီးကို သူ မင်းဖြစ်သောအခါ အမတ်



ရာထူးမှ နှုတ်ပယ်၍ ဒလသို့ ပို့ခဲ့သည်။ သူ့အား အဆိပ်ခတ်ရန် ကြံသော မိဖုရားစောလုံကို တံကျင်ရှို၍ ဖိုထိုးသတ်ခဲ့သည် မဟုတ်လော။ အမှားအမှန် မဆင်ခြင်တတ်၍ တရုတ်ကို ရှုံး၊ သားဖြစ်သူ ပြည်စား သီဟသူ၏ အဆိပ်ကျွေးသတ်ခံရသည် မဟုတ်လော။ အတိတ်တဘောင်ကို ယုံသဖြင့် 'ဘုရားလည်းပြီး ပြည်ကြီးလည်းပျက်' ဆိုသော တဘောင်ကို ယုံ၍ သူ တည်နေသော ဘုရားကို အပြီးမသတ်ဘဲ ထားရန် ရန်ကြံခဲ့သည် မဟုတ်လော။

## ထိုအမှောင်ခေတ်၏ ကြယ်တစ်ပွင့် မိဖုရားစော

ထိုအမှောင်ခေတ်၌ မိဖုရားစောမှာ အသိဉာဏ် ပညာနှင့် ပြည့်စုံသဖြင့် ငွေကြယ်ပွင့် တစ်ခုပမာ ထွန်းလင်းတောက်ပနေသည်။ သူမ၏ အသိဉာဏ်ပညာနှင့် အမြော်အမြင်တို့ကြောင့်သာ ထိုပုဂံခေတ်က လူများသည် ဆိုးသင့်သလောက် ဆိုးဝါးစွာ ဒုက္ခမခံစားခဲ့ရခြင်း ဖြစ်သည်။ ကြည့်ပါ။ တရုတ်တို့ ပုဂံကို ရောက်မလာမီ ဘုရင် နရသီဟပတေ့နှင့်အဖွဲ့ ပုသိမ်သို့ စုန်ရန် စီစဉ်ရာတွင် မောင်းမမိဿံအများကို သတ်ရန် မင်းခွေးချေး ကြံစည်အမိန့်ထုတ်ခဲ့သည် မဟုတ်လော။ မိဖုရားစောကြားဝင်၍ 'သူတို့ထိုက်နှင့် သူတို့ကံ' လွှတ်ပေးရန် ပြောမှ ယင်းတို့မှာ အသက်ချမ်းသာရာ ရခဲ့သည် မဟုတ်လော။ တိုင်းပြည်၌ မငြိမ်မသက်မှုများပေါ်၍ မနိုင်နင်းနိုင်သောအခါ အမတ်ကြီး ရာဇသင်္ကြန်ကို ပြန်ခေါ်ခဲ့ရသည် မဟုတ်ပါလော။ ထို့အတူ တရုတ်ပြည်သို့ သံတမန် လွှတ်ရန် စီစဉ်ရာတွင် မင်းခန့် အရာရှိများကြား၌ 'ပညာရဲရင့်' သူ မရှိသဖြင့် ရှင်ဒိသာ

www.burmeseclassic.com

www.burmeseclassic.com



ပါမောက်ကို ရွေးချယ်စေလွှတ်ခဲ့ရသည် မဟုတ်လော။

စင်စစ် မိဖုရားဖွားစောအကြောင်းကို သည့်ထက်စုံစုံလင်လင် ရေးသားသင့်သည်။ အင်္ဂလိပ်စာရေးဆရာကြီး မောရစ်ကောလ (Maurice Collis)က ပင်လျှင် 'သူမသည် ဘုရင်မတစ်ပါး' Sh was a queen. မိဖုရားစော ဘာသာပြန်သူ မြသန်းတင့်) ဟူ၍ လုံးချင်းရေးသားထုတ်ဝေခဲ့သည် မဟုတ်ပါလော။ စာရေးသူ အင်္ဂလ တွင် ရှိစဉ်က (၁၉၆၆- ၆၇) မောရစ်ကောလစ်က ဗြိတိန်မြန်မာ အသင်း၌ ဟောပြောရာတွင် သူက မိဖုရားစောအကြောင်းကို ရေ သားခြင်းမှာ မြန်မာတို့သည် ရှေးကတည်းက ကိုယ့်ထီးကိုယ့်နန်း နှင့် နေခဲ့သော အဆင့်မြင့် ယဉ်ကျေးမှုနှင့် ပညာရှိသည့် လူမျိုးဖြ ကြောင်း၊ ထိုစဉ်က ဗိတိုရိယဘုရင်မကြီးနှင့် နှိုင်းယှဉ်နိုင်သော မိဖုရား စောသည် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀ လောက်က ပုဂံတွင် သက် ထင်ရှားရှိခဲ့ကြောင်း အများသိစေလို၍ ရေးသားခဲ့ကြောင်း ဟော ပြောခဲ့သည်ကို နားထောင်ခဲ့ရပါသည်။ ယခု တက္ကသိုလ်စိန်တင်၏ ပုဂံ ရာပုံတော်၌ မိဖုရားစော၏ ကဏ္ဍမှာ နည်းနေပါသေးသည် မြန်မာသမိုင်း၌ မိဖုရားစောသည် မိန်းမတို့၏ ပညာနှင့် ဉာဏ်အမြော် အမြင်ကို ကိုယ်စားပြု၍ ဟံသာဝတီပြည့်ရှင်ဘုရင်မ ရှင်စောပုသည် ငြိမ်းချမ်းသာယာသည့် ခေတ်ကို ကိုယ်စားပြုပါသည်။ ယခုအခါ ကြက်မတွန်၍ မိုးလင်းနေသည်ကို ဖိလစ်ပိုင်၊ အိန္ဒိယ၊ သီရိလင်္ကာ ပါကစ္စတန်နှင့် ဘင်္ဂလားဒက်ရှ်နိုင်ငံတို့က သာဓကပြလျက်ရှိ သည်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌လည်း ကွယ်လွန်သူ မဒမ်ချ ယက်ဆင်၏ အခန်းကဏ္ဍမှာ အထူးချီးကျူးလေးစားထိုက်ပါ၏



## ပုဂံခေတ်နှောက်ပိုင်း၏ ပြယုဂ်များ

မင်းခွေးချေးခေါ် တရုတ်ပြေးမင်း နရသီဟပတေ့မင်း နန်း မတက်မီနှင့် သူ သေဆုံးသည့် အချိန်အထိ အကြောင်းအရာများနှင့် သူ၏ အပြုအမူများမှာ 'ခေတ်ပျက်ကာလ' တစ်ခုကို ထင်ဟပ်ပြသ လျက်ရှိသည်။ ကြည့်ပါ။ ရာဇသင်္ကြန် အမတ်ချုပ်ကြီး၏ အင်္ကျီလက် ပေါ်သို့ ကွမ်းတံတွေး ထွေးသည့် သားတော် သီဟသူကို ဖခင်ရှင် ဘုရင်ကြီး အရေးမယူ၊ မသိချင်ယောင်ဆောင်နေ၏။ ဤသည်ကို ဘက္ကသိုလ်စိန်တင်က ဤသို့ ရေးထားသည်။

'အံ့ဖွယ်ကောင်းသည်က ဥဇနာမင်းတရား၏ အပြုအမူ xxx။ နန်းရင်းဝန် ရာဇသင်္ကြန်ကို သားတော် အိမ်ရှေ့စံက လူပုံအလယ် မှာ ကွမ်းတံတွေးဖြင့် ထွေးသည့် ကိစ္စပါ။ xxx ။ သည်အမှုတွင် တာဝန်ရှိသူတွေကို စစ်မေးရုံမျှပင် မပြု။ သားတော် မင်းသားကို ဆိုဆုံးမခြင်းလည်း မရှိ။'

တက္ကသိုလ်စိန်တင်က ဥဇာနာမင်းကြီး ထိုသို့ အရေးမယူ သည်မှာ 'အကယ်များ သီဟသူမင်းသားနှင့် ရာဇသင်္ကြန် အမတ်ကြီး တို့ ပေါင်းစည်းမိပြီး မိမိကို နန်းပေါ်မှ ဆွဲချခဲ့လျှင်'ဟူသော သံသယ

www.burmeseclassic.com

www.burmeseclassic.com



စိတ်၊ စုံးရိမ်စိတ်များ ရှိနေခြင်းပင်။ ဤသည်ကား အာဏာကို တရား တရား၊ မတရားတရား ရယူထားသော သူများ၏ စိုးရိမ်သောကနှင့် အထင်လွဲစိတ် (paranoict Ideas) များပင်)

## တက္ကသိုလ်စိန်တင်၏ အရေးအသား

တက္ကသိုလ်စိန်တင်၏ အရေးအသားမှာ ရှင်းလင်းလွယ်ကူ၍ ဖတ်လျှင် ချက်ချင်း နားလည်နိုင်ပါသည်။ စကားပြောနှင့် စာသံပေသံတို့ကို သော်တာဆွေလိုပင် ရောရေးထား၏။ သမိုင်းဆန်ဆန် ခန့်ညားသော အရေးအသားမျိုး မဟုတ်ပါ။ ဥပမာ– 'ဟုတ်ပါရဲ့၊ ပုဂံနိုင်ငံတော်၏ သမိုင်းတစ်ကွက်ကို ပြောင်းလဲရေးထိုးမည့် ကွမ်းတံတွေး တစ်ကွက်နှင့် ဝတ်ရုံအင်္ကျီတစ်ထည် ဖြစ်ပါ၏။' (စာမျက်နှာ ၁၅)

'အမှန်ဆိုတော့ ရှင်ဘုရင်ဆိုသည်မှာ တာဝန်ဝတ္တရားတွေက များပါဘိ' (စာမျက်နှာ ၂၅)

'ဒလသုဿန်မြေအတွင်းမှာ ကျန်ခဲ့သူတွေက လက်ပြန်ကြိုးတုပ်ထားခြင်း၊ ခံရသော သီဟသူမင်းသားနှင့် သူ့ကို တမလွန်ခရီးသို့ ခပ်မြန်မြန် ပို့ပေးမည့် အာဏာပါးကွက်သားတွေ။ ပြီးတော့ သူတို့ကို စောင့်ကြည့်နေကြသော အမတ်ကြီး ရာဇသင်္ကြန်၏ ဩဇာခံ ဘုရင့်တပ်သားတွေ'။ (စာမျက်နှာ ၈၃)

'နှမတော် ပြောတဲ့ ကျွမ်းကျင်သူ မှူးမတ်ခေါင်းဆောင်ဆိုတာက လောလောဆယ် ရွှေနန်းတွင်းမှာ မရှိဘူး။ မောင်တော်ဘုရားရဲ့ အနားမှာ ရှိနေတဲ့ မှူးမတ်ဗိုလ်ပါတွေဟာ လူညာတွေ၊ လူလိမ်တွေ၊ အခွင့်အရေးသမားတွေxxx' (စာမျက်နှာ ၁၁၃)



'ရှင်ဘုရင် အမိန့်ဖြင့် တိုင်းနိုင်ငံနှင့်အဝှမ်း အခွန်တော်တွေကောက်လိုက်တာ သောက်သောက်လဲလို့။ သည်တော့ သုံးပေးမှ သုံးပေးမှ။ xxx'(စာမျက်နှာ ၁၂၄)

'စိတ်မချမ်းသာစရာ တိုက်ပွဲကြီးကို နိဂုံးချုပ်လိုက်သော် ပုဂံတပ်မတော်သည် အရှုံးကို လှလှပပကြီး ရင်ဆိုင်လိုက်ရပြီ။ xxx မွန်ဂိုတပ်မတော်သည် ငဆောင်ချမ်း (ကို) အပြီးအပိုင် သိမ်းယူခဲ့ပြီတည်း။ (စာမျက်နှာ ၁၆၆)

'မွန်ဂိုတို့ရန်ကို ခုခံဖို့ ကျောင်းတွေ၊ အဆောက်အအုံတွေကို ကောင်းကောင်းကြီးဖြို၊ သွက်သွက်ကြီး ဖြိုနေရပြီ မဟုတ်လား' (စာ ၁၆၉)

'ကလေးဆိုးကြီးလို ဖြစ်နေသော ရှင်ဘုရင် နရသီဟပတေ့ကို သည်လိုပဲ ချော့ချီတစ်ခါ၊ ချောက်ချီတစ်လှည့်ဖြင့် ဝိုင်းပြီး တင်လျှောက်ကြရ၏။' (စာမျက်နှာ ၁၈၂)

'မိဖုရားစောသည် နရသီဟပတေ့မင်းအလောင်းကို ပွေ့ယူထား၏။ သည်ခဏမှာ ရင်ဆို့လာဟန်နှင့် မျက်ရည်တစ်ပေါက်က မိဖုရား၏ မျက်လုံးအိမ်မှ စို့ကျလာ၏။ (စာမျက်နှာ ၁၉၈)

## တက္ကသိုလ်စိန်တင်၏ စာအုပ်များ

တက္ကသိုလ်စိန်တင်၏ စာအုပ်များသည် ဖတ်၍ကောင်းသော စာအုပ်များ ဖြစ်၏။ ရေးသောအကြောင်းအရာတွေကလည်း လူတိုင်း စိတ်ဝင်စားသော အကြောင်းအရာများ ဖြစ်သည်။ ကြည့်ပါ။ ရဲဘော်

www.burmeseclassic.com

www.burmeseclassic.com



သုံးကျိပ်မော်ကွန်း၊ နန်းကျာဘုရင်သီပေါ၊ အကျဉ်းခံသီပေါ၊ ဇေကရိ စုဖုရား၊ ဗိုလ်ကြီး အောင်ဆန်း သူရိယတိုက်ချွန်း၊ ဗိုလ်မှူးအောင်ဆန်း သူရိယအေးချို၊ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် သခင်ဗစိန်၊ ကမ္ဘာငြိမ်းချမ်းရေး ဗိသုကာ ဦးသန့် စသည်ဖြင့်။

## ရောင်းကောင်းသော ပုဂံရှာပုံတော်

'ပုဂံရှာပုံတော်'မှာ ရောင်းကောင်းကြောင်း စာရေးသူ တက္ကသိုလ်စိန်တင်နှင့် ထုတ်ဝေသူ အားမာန်သစ်စာပေမှ ကိုညိုမှိုင်းတို့က ပြောကြပါသည်။ စာအုပ်ကို မြင်ရုံဖြင့် ရောင်းကောင်းမည်ဖြစ်သည်ကို ပြောနိုင်၏။ စာအုပ်မျက်နှာဖုံး အဆင်အပြင်နှင့် အတွင်းသား ရိုက်နှိပ်ပုံတို့မှာ အဆင့်အတန်း မြင့်ပါသည်။ ဖတ်ကြည့်တော့လည်း လူပြိန်းများ စွဲမက်စရာ။ စာအုပ်တစ်အုပ်ကို ၂၅၀ ကျပ်သာ သတ်မှတ်ထားသဖြင့်လည်း အဖိုးသင့်သည်ဟု ပြောနိုင်၏။ စဖတ်သည်နှင့် လက်က မချချင်အောင် ဆွဲဆောင်နိုင်၏။ ဖတ်ပြီးလျှင်ကား တစ်ခုခုလိုနေသလို မတင်မကျ ခံစားရပြန်သည်။ အမှန်တော့ စာအုပ်၌ 'ပုဂံအကြောင်းအရာများ' မပြည့်စုံ မကုံလုံသောကြောင့် ဖြစ်သည်။ ပုဂံအကြောင်း ကောင်းသည့်ဘက်က ဆက်ရေးရန် အများကြီး ရှိပါသေးသည်။ အိုဘယ့်အနော်ရထာနှင့် ပုဂံမှာ ကျန်စစ်သားတို့ကို ရေးပြီးဖြစ်၍ မရေးတော့သည်လား မသိပေ။ စင်စစ်မူ 'ပုဂံရှာပုံတော်' စာအုပ်ကို 'ကုန်းဘောင်ရှာပုံတော်' လိုပင် ပုဂံခေတ်အကြောင်း အစိုးအကောင်း သောင်းပြောင်း ထွေလာ ဂုဏ်ယူစရာ၊ ရယ်စရာ၊ အားတက်စရာ၊ ဝမ်းနည်းစရာ၊ ကြေကွဲစရာနှင့် သင်ခန်းစာ ယူစရာအားလုံးကို ရေးသားပြဆိုသင့်ပေ၏။ သို့ကြောင့်ပင်လျှင် ဤစာအုပ်ကို 'ပုဂံရှာပုံတော် (၁) ဟူ၍ ခေါင်းစဉ်တပ်ထားခြင်း ဖြစ်ပေမည်။



(ရွှေအောင်လံ မဂ္ဂဇင်း)

ဒေါက်တာမောင်မောင်ညို
၁၀၊ ၅၊ ၉၈

**ညွှန်း**

တက္ကသိုလ်စိန်တင်၏ 'ပုဂံရှာပုံတော်' စာအုပ်ထုတ်ဝေသူ၊ အားမာန်သစ်စာပေ၊ ရန်ကုန်၊ ၁၉၉၈။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ ပုဂံရဲ့အားမာန်

### တော်ဘုရားကလေး (အောင်ဇေ)

သီပေါမင်းတြားနဲ့ မိဖုရားခေါင်ကြီး စုဘုရားလတ် (စုဖုရားလ[illegible] မဟုတ်) တို့ရဲ့ မြေးတော်ဖြစ်သူ ကျွန်တော်အနေနဲ့ တက္ကသိုလ်စိန်[illegible] နဲ့ စိမ့် (ပညာရေး) တို့ နှစ်ယောက်ကို လူချင်း မမြင်ဖူးကြ [illegible] ဖူးကြမီက ဘိုးတော်နဲ့ ဘွားတော်အကြောင်း ရေးကြတာတွေ[illegible] ပတ်သက်ပြီး မကျေမနပ်ဖြစ်ခဲ့မိတာကို ဝန်ခံပါရစေ။

သူတို့နှစ်ယောက်ရေးကြတာနဲ့ ပတ်သက်ပြီး ကိုယ်တို[illegible] ရေးတာထက် မြန်မာပြည်ဟာ အထူးသဖြင့် အင်္ဂလိပ်တွေ ရေးထ[illegible] တာတွေကို တိုက်ရိုက်/မှီငြမ်း/ကောက်နှုတ်ဖော်ပြတာ ကိုးကားထ[illegible] တွေကို ဖတ်ရတော့ ကိုယ့်ဘုရင် မိဖုရားနဲ့ မြန်မာမျိုးချစ်တွေ[illegible] ‘ယစ်ထုပ်ကြီး၊ သွေးဆာမကြီးနဲ့ သူခိုးဓားပြတွေလို့ သိက္ခာချ [illegible] နှိမ်ရေးထားတာတွေကို ပြန်လည် မချေပဘဲ ရေးပြတာကို ခံပြင်[illegible] တာပေါ့။

နောက်ပိုင်းမှာ တက္ကသိုလ်စိန်တင်နဲ့ဟိုမှာ ဒီမှာ တွေ့လို[illegible] ဆုံလိုက်ဖြစ်ရာ လူချင်း သိလာကြတော့ ကျွန်တော်ရဲ့ ချေပချ[illegible] ဆောင်းပါးတွေ သူဖတ်ရလို့ သူရေးခဲ့မိတာတွေအတွက် စိတ်မကော[illegible] ဖြစ်ရကြောင်း ပြောလာရဲ့။

တစ်နေ့ရာမှာ သူနဲ့ ဆုံကြတော့ သူက စိမ့် (ပညာရေ[illegible] နဲ့ မိတ်ဆက်ပေးတဲ့အခါကျမှ သူတို့နှစ်ယောက်ဟာ ဇနီးမော[illegible]



ဖြစ်နေတာ သိရတော့တယ်။ သူနဲ့ ကျွန်တော် တွဲထိုင်ကြသလို သူ့ဇနီးနဲ့ ကျွန်တော်ဇနီးတို့လဲ တွဲထိုင်မိကြလေတော့ သူ့ဇနီးက တော်ဘုရားကလေးရဲ့ ဆောင်းပါးတွေ ဖတ်ရတော့ စုဘုရားလတ် အကြောင်း သူရေးခဲ့တာတွေအတွက် အားနာမိကြောင်း၊ တောင်းပန် ပေးဖို့ပြောကြောင်း ကျွန်တော့်ဇနီးက ပြန်ပြောပြတယ်။

ဒီလိုနဲ့ ဆရာ တက္ကသိုလ်စိန်တင်နဲ့ ဆရာမ စိမ့် (ပညာရေး) တို့နဲ့ အဆင်ပြေ ခင်မင်လေးစားမိကြသွားပါရော။

ဆရာ တက္ကသိုလ်စိန်တင်က ကျွန်တော့်ကို ရက်ချိန်းတောင်း ပြီး လာတွေ့တော့ သူရေးထားတဲ့ ‘ပုဂံရာပုံတော် (၁) (နရသီဟပတေ့ မင်း၊ မိဖုရားစောလုံနှင့် မိဖုရားစော)’ စာအုပ်ကို လက်မှတ်ရေးထိုး ပေးကာ ကျွန်တော်ရဲ့ ထင်မြင်ချက် ရေးပေးဖို့ တောင်းတယ်။

ကျွန်တော်က ကျွန်တော်ရေးထားတဲ့ ဆောင်းပါးပေါင်းချုပ် ထုတ်ဖို့ ပြင်ဆင်နေရလို့နဲ့ ‘သက်တံ့ရောင် သတင်းဂျာနယ်’ (အယ်ဒီ တာချုပ် ဆရာ ကိုရိုးကွန့်) မှာ နက်နဲလှတဲ့ မှန်ကန်လှတဲ့ ‘စနစ် သစ် ဗုဒ္ဓဒေသနာ’ (ဆရာကြီး ဦးဌေးအောင်) ဆောင်းပါးရှည်ကို လက်ငင်း အချိန်မီ ရေးနေလို့ ထင်မြင်ချက်ကို ရေးပေးဖို့ ကြိုးစား ပါ့မယ်လို့သာ ပြောလိုက်ပြီး ရက်ချိန်းမပေးနိုင်ခဲ့။

နောက်သုံးပတ်လောက်ကြာတော့ ဆရာ တက္ကသိုလ်စိန်တင် က ဖုန်းဆက်ပြီး ဆက်ဆက်ရေးပေးဖို့ ပြောပြန်ရော၊ ဒီတော့ ကျွန်တော် ရက်ချိန်းပေးဖို့ ချီတုံချတုံ ဖြစ်နေလို့ သူက မကြိုက်လို့ လဲ ရေးပါလို့ ပြောတော့ ကျွန်တော် ရက်ချိန်းပေးလိုက်တယ်။ ‘မင်းမှာ သစ္စာ လူမှာ ကတိ’ ရယ်လို့ ဆိုတားလေတော့။

ကိုင်း.... ဆရာစိန်ရေ၊ ရေးလိုက်ပါပြီဗျာ။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်စိန်တင်ရဲ့ စာအုပ်တွေရော ဆောင်းပါးတွေပါ ဖတ်ဖူးပါရဲ့၊ သိပ် 'မကြည်' တော့ ပြေးဖတ် (run through) တာလောက်ပါပဲ။ အခုတော့ ထင်မြင်ချက်ရေးရမှာဖို့ 'သတိကပ်' ဖတ်ဖြစ်သွားတယ်။

အလို.... ဆရာတက္ကသိုလ်စိန်တင်က စာရေးကောင်းသလို အတွေအခေါ်လဲ မပေါင်းပါလားဗျာ။ အထူးသဖြင့် ကာရန်နဲ့ စည်းဝါး (rhyme and rhythm) ပါနေတယ်။ ဖတ်ကြည့်ကြပါ။

'သဲလမ်းတွင် လျှောက်လှမ်း' 'ပီတိပန်းများ လန်းဆန်း' 'အံ့ဖွယ်သရဲထူးကဲပေစွ' 'မိုးမြေသိမ့်သိမ့်ညံ့လျက် ဘဝဂ်ထိဆန်တက်' 'နည်းယူစံပြ ဂုဏ်ယူနေကြ' 'မိမိကို အကူအညီပေးရန် ဝေးပါသေး၊ သူ့အစီအစဉ် သူ့ဆန္ဒကို ဝိုင်းကူပေးဖို့ နားပူလို့နေပါသကော' 'ရှင်ဘုရင်ကို ကြိုးအရှင်နှင့်ဖမ်းချင်သူ' 'အဝါဖြူ တဖွေးဖွေးနှင့် ဒလမြေသို့ ပြေးရပါကော' 'အမျိုးကိုခိုက် နင်လုံးကြီးရိုက်လို့' 'အရေးတော်ဖြင့်ပေါ်ပြီ၊ အမိန့်တော်နှင့်ခေါ်ပြီ' 'သည်အပြစ်အတွက် အနုအညွှတ် ခွင့်လွှတ်ပါတော့' 'သည်ကိစ္စများ အတွက် အာဃာတတရား လုံးဝမထားပါ' 'အတားဆီးမရှိ၊ လွတ်လပ်ပါဘိ'

'ပုဂံရာပုံတော် (၁) ကို ကျွန်တော် ဘယ်လောက်စိတ်ဝင်တစား ဖတ်သလဲဆိုရင် စာမျက်နှာ ၁၅၀၊ စာကြောင်း ၉ မှာ 'လျှောက်ထား' ဟာ 'ေ' နဲ့ 'လျှောက်' က တခြားဆီ ဖြစ်နေတဲ့အထိ တွေ့တယ် ဆရာရေ့။

စာအုပ်ရဲ့အဖုံး

ပန်းချီက ပြောစရာ မရှိ။ ကျောဘက်အဖုံးကို ကြည့်ပြီး



ရေရှိုးချင်လာရဲ့။

ဒါပေမယ့် ဘုရင့်မျက်နှာနဲ့ မိဖုရားရဲ့ပေါင်ခြေသလုံးတို့ ကပ်နေပြီး အဝတ်အစားတွေက တိုးလိုတွဲလောင်း။ ဘုရင့်ဦးခေါင်းပေါ်မှာ မိဖုရားကိုယ်လုံး သုံးပုံလောက်က လွှမ်းမိုးထားလိုက်သေးရဲ့။

ဘုရင့်လည်ပင်းနဲ့မိဖုရားရဲ့ ဖိနပ်က နီးနေတာ မဖြစ်သင့်ဘူး။

ဘုရင့်ရှေ့တော်ဝင်တဲ့အခါနဲ့ ဘုရားရင်ပြင်တော်ပေါ် လျှောက်တဲ့အခါမှာ မျက်နှာဖြူတွေက မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကိုသိပါရက်နဲ့ ဖိနပ်စီး ဇော်ကားမော်ကားလုပ်ခဲ့လို့ ဖိနပ်ပြဿနာ အကြီးအကျယ် ပေါ်ခဲ့ဖူးရဲ့။ လက်ငင်းအခြေအနေမှာ ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ် ဖိနပ်မပြောနဲ့ ခြေအိတ်တောင် ဝတ်ခွင့်မပြုဘူးလို့ သိရတယ်။

ဖိနပ်ပြဿနာကို ဆရာ တက္ကသိုလ်စိန်ဘင် ရေးထားတယ်လေ။

'ဖိနပ်ရှည်ကြီး စွပ်လို့ ဒူးထောင်ပေါင်ကားနှင့် ထိုင် နေသော ဓားရှည်ကိုင် မွန်ဂိုခေါင်းဆောင်ကို မင်း တရားတွေ့ပြီ' (စာ ၁၄၈) 'သူစီးထားသော ဖိနပ်ရှည်နှင့် ကိုင်စွဲထားသော ဓားရှည်တို့က နန်းပလ္လင် ၏ ဥပဒေစည်းမျဉ်းကို ရဲရဲကြီး ရိုက်ချိုးလိုက်ကြောင်း ဖော်ပြနေတာပါလား' (စာ- ၁၄၉)

ကျွန်တော်ရဲ့ မယ်တော် အသျှင်ထိပ်စုမြတ်ဘုရားကလေး [illegible]ခဲ့တဲ့ 'စတုတ္ထသမီးတော်၏ အရေးတော်ပုံစာတမ်း' (၁၉[illegible]) [illegible]မှာ အင်္ဂလိပ်အစိုးရက မြန်မာအစိုးရထံ တောင်းဆိုသည့် [illegible]ချက် [illegible] ချက်' အနက် ပထမဆုံး တောင်းဆိုချက်မှာ

www.burmeseclassic.com

www.burmeseclassic.com



'သစ်မှုကို ထပ်မံစစ်ဆေးရန် အင်္ဂလိပ်အစိုးရကိုယ် စားလှယ်
စေလွှတ်ဆိုက်ရောက်သည့်အခါ မြန်မာ ဘုရင် (သီပေါ
မင်းတြား) ရှေ့တော်သို့ ဆောင်ဒါးစွဲကိုင် **ဘိနပ်စီးနင်း**
ဝင်ရောက်ပြီးမှ ၂ ဖက် အရာရှိတို့ စီရင်ဆုံးဖြတ်ရန်'

လို့ ဖော်ပြထားတယ်။ (မူလသတ်ပုံအတိုင်း)

စာအုပ်ရဲ့အဖွင့်

ဆရာဇော်ဂျီရဲ့ ကဗျာနဲ့ အစပြုထားလေတော့ ကျွန်တော် ရေးခဲ့တဲ့ 'ပုဂံအလှရှုမဝ' ဆောင်းပါး (အလှသစ်ရုပ်စုံ မဂ္ဂဇင်း ဩဂုတ် ၁၉၆၉) မှာလဲ အဲဒီကဗျာနဲ့ အစပြုထားတာနဲ့ လာတူနေလို့ ဆရာဇော်ဂျီ၊ ဆရာ တက္ကသိုလ်စိန်တင်နဲ့ ကျွန်တော်တို့ သုံးယောက် ဟာ နှစ်ပေါင်း ကွာခြား (၁၉၃၆၊ ၁၉၉၈၊ ၁၉၉၆) နေကြပေမယ့် ပုဂံကို မြတ်နိုးကြ ဂုဏ်ယူကြ အားမာန်တက်ကြတာမှာတော့ လာတူ နေကြပါသကော။

တက္ကသိုလ်စိန်တင်က

'ပုဂံသည် မြန်မာတို့၏ 'တံခွန်' ဖြစ်သည်။ ပုဂံသည်
မြန်မာတို့၏ 'အောင်လံ' ဖြစ်သည်။ ပုဂံသည် မြန်မာတို့၏
'လမ်းပြကြယ်' ဖြစ်သည်။ ထိုအဆို အမိန့်များကို ဆန့်ကျင်
သူ မြန်မာများ ရှိပါသလား။ ထိုအဆိုအမိန့်ကို ကန့်ကွက်သူ
မြန်မာများရှိပါသ လား။ ထိုအဆိုအမိန့်ကို သဘောမတူသူ
မြန်မာများ ရှိပါသလား' (စာ- ၃)

လို့ လေးလေးနက်နက် မေးထားတာကို ကျွန်တော်က ဒီလို ပြတ်ပြတ် သားသား ဖြေလိုက်ပါတယ်။

'မြန်မာဖြစ်ပါရက်နဲ့ ပုဂံကို အထင်သေးပြီး ရောမ ခေါမကို
အထင်ကြီးလို့ကတော့ ခေတ်စကားနဲ့ သုံးလိုက်ရရင် 'မြောင်း
ထဲရောက်သွားမယ်'

'ပုဂံရှာပုံတော် (၁)' ဖတ်ကြည့်တော့ သက်ဦးဆံပိုင် ပဒေသရာဇ်ဘုရင်စနစ်ရဲ့ အာဏာ၊ တဏှာနဲ့ မာယာစက်ကွင်းကို ထင်းကနဲ လင်းကနဲ မြင်လိုက်ရတယ်။

သွေးတွေ၊ သုတ်ရည်တွေ၊ မျက်ရည်တွေ၊ ချွေးတွေ စီးဆင်းနေတာ မြင်ယောင်လာသလိုလို။ အမိန့်ပေးသံတွေ၊ ကြိမ်းမောင်းသံတွေ၊ တောက်ခတ်သံတွေ၊ အံကြိတ်သံတွေ၊ မြင်းဟီသံတွေ၊ ဆင်အော်သံတွေ၊ ဓားလှံတချွင်ချွင် မြည်သံတွေ၊ လေးမြားတဝှီးဝှီး မြည်သံတွေ ကြားယောင်လာသလိုလို။

အင်မတန် သာယာပြီး စိတ်ကြည်နူးစေတဲ့ ဘုရားဆွဲလွဲသံ တလွင်လွင်နဲ့ ကြေးစည်သံတဝေဝေကိုလဲ ကြားယောင်လာသလိုလို။

"ပုဂံရှာပုံတော် (၁)'. ကို ဖတ်ပြီး ကျွန်တော်ကိုယ်တိုင် ပုဂံရောက်ဖူးလို့ ဆရာ တက္ကသိုလ်စိန်တင် ရေးထားတဲ့ 'အနော်ရထာမင်း၏ အောင်လံ တလူလူလွင့်ခဲ့သော ပုဂံနိုင်ငံတော်ကြီး (စာ- ၄) အရ

**ပုဂံရဲ့အားမာန် အစဉ်ရှင်သန်နေမှာမို့...**

**တော်ဘုရားကလေး (အောင်ဇေ)**
**၁၆၊ ၁၀၊ ၁၉၉၈**
**ည ၁၂း ၃၄ နာရီ။**



www.burmeseclassic.com

www.burmeseclassic.com

## ၁၃။ ကျေးဇူးတင်ပါသည်

**ထီလာ စိုးမြင့်ထယ်**

ရေးဖော်ရောင်းရင်း သူငယ်ချင်းဖြစ်သူ စာရေးဆရာ တက္ကသိုလ်စိန်တင်ထံမှ ပုဂံရှာပုံတော် (၁) စာအုပ်ကို ပေးပို့သဖြင့် ဖတ်ရှုကြည့်ရာ အလွန်ဆွဲဆောင်သော၊ ဖတ်ကောင်းသော စာအုပ်ဖြစ်နေကြောင်း တွေ့ရပါသည်။

ဤစာအုပ်ကို အိမ်ရောက်ရောက်ခြင်း၊ ပထမဆုံး အငယ်ဆုံးသမီးဆယ်တန်းကျောင်းသူ ခင်လပြည့်ထယ်က ယူသွားပြီး အပေါ်ထပ် သူ့အိပ်ခန်းတွင် တစ်ညလုံး ဖတ်တော့သည်။ ကျွန်တော်တို့ တစ်အိမ်သားလုံး စာဖတ်ဝါသနာပါကြပါသည်။ နောက်တစ်နေ့ ရောက်သောအခါ အငယ်ဆုံးသား ဇင်မင်းထယ်က ဖတ်သည်။ နောက်ဆုံးမှ ကျွန်တော့်လက်သို့ ရောက်ရသည်။ ဖတ်လို့ သိပ်ကောင်းတာပဲဟု ဝေဖန်ကြသည်။

ပုဂံသည် မြန်မာတိုင်းအဖို့ နားယဉ်ပြီးသား၊ ကျွမ်းပြီးသား အမည်ဖြစ်သည်။ ကြီးကျယ်သော၊ ခမ်းနားသော ပုဂံကို မြန်မာတိုင်း သိကြသည်။ ပုဂံမှာ ဘုရားတွေ၊ စေတီပုထိုးတွေ လက်ညှိုးထိုးမလွဲ လေးမိုင်ပတ်လည်မှာ ရှိသည်။ လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်းဟု စာဆိုရှိရာ စေတီပုထိုးအရေအတွက် ၄၄၄၆၇၃၃ ရှိခဲ့သည်။

ပုဂံသည် ထင်ရှားပြီး နာမည်ဖြစ်သလို စာရေးဆရာ



တက္ကသိုလ်စိန်တင်သည်လည်း ထင်ရှားပြီး စာရေးဆရာတစ်ယောက်ဖြစ်သည်။ သူနှင့် ကျွန်တော်သည် အထက်တွင် စစချင်း ရေးပြခဲ့သလို ရေးဖော်ရောင်းရင်း သူငယ်ချင်း ဖြစ်ကြပါသည်။ အရွယ် (အသက်အရွယ်) တူ စာရေးဖော် သူငယ်ချင်းလည်း ဖြစ်သဖြင့် သူ့ကို ကောင်းကောင်းသိသည်။ သူသည် စကားပြော အလွန်ကောင်းသလောက် စာရေးလည်း ကောင်းသူဖြစ်သည်။

သူနှင့် ကျွန်တော် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဖွင့်ပွဲညက ပခုက္ကူမြို့မှာ စာပေဟောပြောပွဲလုပ်စဉ် အတူဟောဖူးသည်၊ ကျွန်တော်လည်း ဟော၊ သူလည်းဟောသည်။ သူ့မှာ ‘အာဝဇ္ဇန်း’ ကောင်းသည်။ ထို့အတူ ‘လက်’ ကောင်းသည်။ စာရေးသော လက်ရေးအားကောင်းသည်။ ရေးတတ်သည်။

ပုဂံခေတ်ကြီးဆီသို့ စာဖတ်သူကို ခေါ်သွားပြီး ပုဂံဇာတ်လမ်းများကို ရုပ်ရှင်ပြသလို ရှင်းလင်းစွာ ရေးပြသည်။ ပုဂံကန့်လန့်ကာကြီးကို ဖွင့်လိုက်ပြီး ပုဂံပျက်သွားချိန်တွင် နောက်ဆုံး စိုးစံသွားခဲ့သော နရသီဟပတေ့မင်းမှစ၍ ဇာတ်ကို ဖွင့်ပြထားသည်။

အရေးရှင်းသူမို့ ကွက်ကွက်ကွင်းကွင်း မြင်ကြရသည်။ စာရေးဆရာသည် နှိုက်နှိုက်ချွတ်ချွတ် မြင်တတ် တွေးတတ် ရေးတတ်သည်။ ရှင်ဘုရင်နားကပ်ပြီး သူဘယ်လို ခံစားနေရပုံကို ရေးပြသလို မိဖုရားဘက် ပြေးကပ်ပြီး သူမ ဘယ်လို ခံစားနေရသည်ကိုလည်း ရေးပြသေးသည်။

ရှည်လျားထွေပြားသော ပုဂံဇာတ်လမ်းများကို ဗွီဒီယိုပုံစံဖြင့် စာရေးသက်ရင့်လှပြီဖြစ်သော ဆရာ တက္ကသိုလ်စိန်တင်က အစဉ်တစိုက် ရေးပြသွားမည်ဖြစ်ရာ ကျွန်တော် အပါအဝင် မြန်မာစာဖတ်

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ ပုဂံကိုချစ်သော၊ ကိုယ့်အမိ မြန်မာနိုင်ငံကို ချစ်မြတ်နိုးသော နိုင်ငံသားတိုင်းက စောင့်ကြို ဖတ်ရှုကြရမည် ထင်ပါသည်။

ပုဂံရှာပုံတော်များကို ဖတ်ရင်း ဗဟုသုတများစွာ ရရှိပါသည်။ ပဒေသရာဇ်ခေတ်က လူနေမှုပုံစံများနှင့် ဘဝများကို ဆင်ခြင်သုံးသပ်မိပါသည်။ ပုထုဇဉ်တို့၏ သဘောသဘာဝများကိုလည်း တရားဓမ္မနှင့် ယှဉ်၍ သုံးသပ်မိပါသေးသည်။ 'ယူတတ်လျှင် ရသည်' ဟူသော ဆိုစကားအတိုင်း လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်နီးပါးက ဖြစ်ရပ်များကို ဆင်ခြင်သုံးသပ်ရင်း သံဝေဂတရား ရမိပါသည်။ ဤခံစားချက်များ ဖြစ်ပေါ်အောင် ဖန်တီးသူ ဆရာတက္ကသိုလ်စိန်တင်အား ကျေးဇူးတင်မိပါသည်။

ပုဂံရှာပုံတော် စာအုပ်တွဲများ မုချအောင်မည် ဖြစ်ပါသည်။

**ထီလာစိုးမြင့်ထယ်**

**၁၁၊ ၆၊ ၁၉၉၈**

## ၁၄။ ရှာပုံတော်ကို ရှာဖွေခြင်း

**ချစ်ဦးညို**

'ရှာပုံတော်' ဟူသော စကားဝေါဟာရသည် မြန်မာ့နားတွင် ယဉ်ပါးနေပြီး စကားလုံးဖြစ်ပါသည်။ လူသိအများဆုံး (ကြားဖူးနားဝအရှိဆုံး) မှာ စုံနံ့သာမြိုင် ရှာပုံတော်။ 'စုံနံ့သာမြိုင်၊ ရဂုံတွင်း၊ ထုံသင်းငယ်ကြိုင်၊ ဂနိုင်ဟေမ၊ နွေအစ၊ ရွှေမျှော့ကလျာ၊ ဟိုခင်ကို လျှောက်ပါလို့၊ လင်ပျောက်ကိုရှာခဲ့၊ ဂန္ဓာမာဠူ၊ မြေသလင်း၊ နေမင်းကပူသနဲ့၊ နန်းသူဒေဝီ၊ တွေ့နိုင်ခဲ တာမို့၊ လဲလုပြီ' တောင်တွင်းကြီးရှေ့ဖတ်စာရေး ဆရာကြော့ရေးသော မင်းသမီးငိုချင်းရှည် ရှာပုံတော်ကြီးဟု မြန်မာစာညွှန့်ပေါင်းကျမ်းတွင် တွေ့ရပါသည်။

ထို့နောက် စလင်းမြို့ ဦးမြတ်သာထွန်းရေးသော 'ဟေမဝန်ဖွေ၊ သလွန်မြေ' အစချီ ရှာပုံတော်၊ မုံရွာမြို့ညောင်ခြောက်ဆရာအုံရေးသော 'ကြာညောင်၊ သဋ္ဌာတောင်မှာ' အစချီ ရှာပုံတော်၊ ကျုပင်းမြို့ ဦးသရက်ချန်အမည်ရှိသော ဘုန်းတော်ကြီးရေးသည့် 'မှုံခုနစ်ဆူ ရှိန်အဝါညီး၊ မကာဆီးနိုင်ဘူး' အစချီ ရှာပုံတော်...တို့သည်များကိုလည်း တွေ့နိုင်ပါသည်။ ရှာပုံတော် စာများကို 'ငိုချင်းရှည်' ဟု လည်းကောင်း ပူးတွဲခေါ်ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှာပုံတော်'သည် ထိုကဲ့သို့ အလွမ်းအဆွေး၊ အငိုအမဲ့များဖြင့် တွဲစပ်နေသဖြင့် အချို့စာရေးဆရာကြီးများက ရှာပုံတော်ဟူသော စကားလုံးကို မသုံးဘဲ 'ရှာတော်ပုံ'ဟု သုံးကြောင်းလည်း တွေ့နိုင်ပါသည်။

ရှာပုံတော်၊ ရှာတော်ပုံ။ မည်သည်ကို ရှာသနည်း။

ရှာသည်ဆိုခြင်းမှာ ပျောက်ဆုံးနေသော၊ ဖုံးကွယ်နေသော တိမ်မြုပ်နေသော (ယခင်က ပိုင်ဆိုင်ခဲ့ပြီးမှ လက်လွတ်ဆုံးရှုံးရသော)၊ တိမ်းရှောင်နေသော၊ ပုန်းအောင်းနေသော၊ အရာကို ပြန်လည် တွေ့ရှိ ပိုင်ဆိုင်ရအောင် အားထုတ်ခြင်း ဖြစ်သည်ဟု ဆိုချင်ပါမည်။

ဆရာ တက္ကသိုလ်စိန်တင်သည် သူ၏ ပုဂံရှာပုံတော်တွင် မည်သည့်အရာကို ရှာဖွေသနည်း။ စိတ်ဝင်စားဖွယ် အဖြေများကို လေးစားအပ်သော စာဖတ်သူအနေနှင့် လွတ်လပ်စွာ ကွန့်မြူးစဉ်းစား နိုင်ပါသည်။

သမိုင်း(ပညာရပ်) ကိုရော၊ သမိုင်း (ဖြစ်ရပ်) ကိုပါ ကျွန်တော် ဝင်စား ညွတ်နူးပါသည်။ ထိုခါတ်ခံဖြင့် ကျွန်တော်သည် သမိုင်းနောက်ခံ ဝတ္ထုများကို ခုံမင်စွာ ဖတ်ရှုခဲ့ရာမှ ခုံမင်စွာပင် ရေးသားသူ ဖြစ်လာခဲ့ပါသည်။ သမိုင်းနောက်ခံ ဝတ္ထုတစ်ပုဒ် ရေးခြင်း၏ ကြိုးပမ်းရမှုများ၊ ဝိဝါဒများ၊ မူကွဲများ၊ ရည်ရွယ်ရင်းသို့ (ရသ) ဖြင့် ပို့ဆောင်ပေးရမှုများ၊ လိပ်ပြာကူးဝင်စားရမှုများ.... ဘယ်က လောက် ပင်ပန်းကြီးစွာ အားထုတ်ရသည်ကို ကျွန်တော်သည် ဝတ္ထု ရေးသူ တစ်ဦး၏ အတွေ့အကြုံဖြင့် အတော်အတန် သိထားပါသည်။ သမိုင်းနောက်ခံ ဝတ္ထု၏ ခရီးမှာ အတိတ်ကာလသို့ ပြန်သွားခြင်း မည်ကာမတ္တ မဟုတ်ပါ။ အတိတ်ကာလ၊ အတိတ်ဒေသ၊ ထို့ပြင်



အတိတ်က လူသားများ၏ ကံသုံးပါး အပြုအမူ၊ အတိတ်ဖြစ်ရပ်... များဆီသို့ သဟာဇာတဖြစ်ဖို့ တည်ဆောက်ရသည်မှာလည်း လွန်စွာ 'လက်ဝင်'သော အရာဖြစ်လေသည်။ ထို့ထက်မူ.... သမိုင်း (ပညာရပ်) ဆိုင်ရာ သဘောထား၊ ယင်းသဘောထားကိုစွသည် အတိမ်း အစောင်း မရှိစေရန်မှာ အလွန်အရေးကြီးလှပါသည်။ သမိုင်းဇာတ်ဆောင်များ အပေါ်၊ သမိုင်း ဖြစ်ရပ်များအပေါ်၊ စာရေးဆရာက တတ်နိုင်သမျှ အစွဲပဋိယာဂ ကင်းဖို့ဆိုသည်မှာ တော်ရုံတန်ရုံ သမာဓိဖြင့် မရနိုင်ပါ။ ဓမ္မဓိဋ္ဌာန် ကျမှုဟူသည်မှာ သမိုင်းပညာရှင် (Historian) နှင့်သာ သက်ဆိုင်သည် မဟုတ်။ ရသ ထည့်သွင်းဖော်စပ်သော ဝတ္ထု ရေးသူနှင့်လည်း သက်ဆိုင်ပါသည်။

သမိုင်းကို ဝတ္ထု (ရသ) ပုံစံဖြင့် ရေးသားသူသည် သမိုင်း ဖြစ်ရပ်မှတ်တမ်းများနှင့် ပတ်သက်၍ သမိုင်းပညာရှင်လောက် 'တာ ဝန်ယူရမှု' မကြီးမားဟုဆိုချင်သည်။ သို့သော် သမိုင်းဝတ္ထု ရေးသူ သည် သူ၏ရသပုံစံ အဖွဲ့အနွဲ့ ကွန့်မြူးခွင့်ကို 'လိုင်စင်' ယူ ကာ'တောရမ်းမယ်ဘွဲ့' လုပ်လျှင် မရပါ။ သူသည် သူ၏ အနုပညာ လွတ်လပ်ခွင့်ကို သူ၏အသိပညာ၊ ကလောင်သိက္ခာ၊ ကိုယ်ကျင့်တရား ဖြင့် ပြန်လည် စောင့်ထိန်းရမည် ဖြစ်ပါသည်။

ဤသည်မှာ သမိုင်းနောက်ခံဝတ္ထုနှင့် ပတ်သက်သော သဘောထားကို အကျဉ်းချုပ် တင်ပြခြင်း ဖြစ်ပါသည်။

ဆရာ တက္ကသိုလ်စိန်တင်က သူ၏အမှာစာတွင် 'သမိုင်းဖြစ် ရပ်များကို ဝတ္ထုပုံဟန်ဖြင့် ဆက်လက်ရေးသား တင်ပြသွားမည်'ဟု ဆိုထားပါသည်။ ယခု ပုဂံရှာပုံတော် (၁) သည်လည်း သမိုင်းဖြစ် ရပ်ကို ဝတ္ထုပုံဟန်ဖြင့် ရေးသားတင်ပြချက် ဖြစ်သည်ဟု ကောက်ချက်

www.burmeseclassic.com

www.burmeseclassic.com



ချရပါမည်။

ပုဂံရာပုံတော် (၁) ကို ကျွန်တော် ဖတ်ပါသည်။

ပုဂံအခြေပြု ဝတ္ထုများစွာကို စာရေးဆရာတို့ ရေးခဲ့ကြပြီး ကျွန်တော်လည်း (၅) အုပ်ထက်မနည်း ရေးခဲ့ပြီးပြီ ဖြစ်ပါသည်။

ကျွန်တော် ရေးခဲ့သော သုဝဏ္ဏဘုမ္မိဝေဒနာ၊ မဏိစန္ဒာဉဒါန်း ရာဇကုမာရ၊ တတိယမြောက် အရိန္ဒမာရပ်ပုံလွှာ၊ အရိမဒ္ဒနပုရ မိုး ကောင်းကင်ဝတ္ထုများနှင့် ဆရာ တက္ကသိုလ်စိန်တင်၏ ပုဂံရာပုံတော် (၁) ကို အလိုအလျောက် နှိုင်းယှဉ် (Comparative) စဉ်းစားမိပါ သည်။ (ယှဉ်ပြိုင်ခြင်း၊ တန်ဖိုးဖြတ်ခြင်း မဟုတ်ပါ။)

ထိုအခါ စာရေးဆရာနှစ်ယောက်၏ ကွဲပြားခြားနားသော ချဉ်းကပ်မှု၊ စူးစိုက်မှု၊ သရုပ်ဖော်မှုများကို တွေ့လာရပါသည်။ ဤ သည်မှာလည်း သဘာဝပင် ဖြစ်ပေသည်။

'ကျွန်တော်ကတော့ ဘယ်သို့'ဟူ၍ မိမိကိုယ်မိမိ မပြောအပ် ပါ။ ကျွန်တော်နှင့် ပတ်သက်သော ကောက်ချက်သည် ကျွန်တော် မှအပဖြစ်သော ပုဂ္ဂိုလ်များ၏ အရာသာ ဖြစ်ပါသည်။

ဆရာ တက္ကသိုလ်စိန်တင်၏ ပုဂံရာပုံတော်ကိုတော့ ကျွန် တော်သည် ရေးသူချင်းအဖြစ် လည်းကောင်း၊ ဖတ်သူတစ်ယောက် အဖြစ် လည်းကောင်း ပြောခွင့်ရှိလာပါသည်။

ဆရာ တက္ကသိုလ်စိန်တင်သည် ပုဂံရာပုံတော်ကို ရေးရာဝယ် စူးစိုက်မှုထားသော်လည်း ဖိစီးမှုတစ်ခုခုကို မခံယူဘဲ ပေါ့ပါးစွာ သရုပ်ဖော်ထားသည်ဟု မြင်ပါသည်။ ထို့နောက် သမိုင်းဝင် ဇာတ် ဆောင်များအကြောင်း ဖော်ပြရာမှာလည်း (ကျွန်တော်တို့လို ဆို့ဆို့ နစ်နစ် လိပ်ပြာကူးကာ၊ နာကျင်လှိုက်လှဲစွာ ခံစားဝင်စားသည်



မဟုတ်ဘဲ) 'အပြင်ဘက်တစ်နေရာမှ' သုံးသပ်ချက် အာဝဇ္ဇန်းကောင်း ကောင်းဖြင့် သရုပ်ဖော်သည်ဟု မြင်ပါသည်။ ဤသို့သော သရုပ်ဖော်မှု သည် စာဖတ်သူ၏ နှားထဲသို့ လျှောခနဲ လျှောခနဲ ဝင်သွားမည့် သရုပ်ဖော်မှုမျိုးပင် ဖြစ်သည်ဟု ထင်ပါသည်။

တစ်နည်းပြောရလျှင် ပုဂံရာပုံတော်သည် ဝတ္ထုရသပိုင်းထက် ဖြစ်ရပ်ပိုင်း သရုပ်ဖော်မှုက ပိုမို အလေးကဲသည်ဟု မြင်ပါသည်။ ဤသည်မှာလည်း အောင်မြင်သော အတ္ထုပ္ပတ္တိ စာအုပ်များစွာ ရေး သားခဲ့သည့် စာရေးဆရာ တက္ကသိုလ်စိန်တင်၏ ''ကျင့်သားရနေ သောလက်' ကြောင့် ဖြစ်ပါလိမ့်မည်။

ဆရာ တက္ကသိုလ်စိန်တင်က အမှာစာရေးပေးဖို့ ကျွန်တော့်ကို မေတ္တာရပ်ခံရာ၌ နှစ်သက်ဖွယ် စကားတစ်ခွန်းဆိုခဲ့သည်။ 'မကြိုက် တာကို ရေးပေးစမ်းပါ' တဲ့။ ချီးကျူးဂုဏ်ပြုပေးဖို့ သူ မတောင်းဆို ပါ။ ပြောစရာရှိလျှင် ပြောသာပြော အားမနာနဲ့ဟု သူ 'ဖွင့်' ပေး သည်။

သူပြောသလို 'မကြိုက်တာ' လို့တော့ မဆိုချင်ပါ။

သမိုင်း (ပညာရပ်၊ ဖြစ်ရပ်) ၌ ဝင်စား ညွတ်နူးသော သမိုင်းဝတ္ထုဖတ်ဖို့ ရေးဖို့ ဒါလေ့အထုံစွဲသော၊ ကျွန်တော့်အနေနှင့် ကွဲလွဲချက်အချို့ကို တင်ပြပါသည်။

ပုဂံရာပုံတော်ကို ဖတ်နေစဉ်မှာ (ကျွန်တော့်အတွက်) ပုဂံ အငွေ့အသက် အဟပ်မခံရပါ။ ပုဂံဝိဉာဉ် ပူးဝင်မလာပါ။ သမိုင်း နောက်ခံ ဝတ္ထုတစ်ပုဒ်ဆီမှနေ၍ ကျွန်တော်အလိုရှိသော ချဉ်းခြင်းဆန္ဒ အားကြီးနေတာကြောင့်လည်း ဖြစ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စား၊ သူကြီးဟူသော အသုံးနေရာများ၌ ကာလန်၊ သံပျင်းသော ဝေါဟာရများကို မြင်ချင်နေသည်။ ရွှေခွက်၊ ရွှေဖလား၊ ရွှေမိုးအုပ်ဆောင်း စသော နေရာများ၌ တကောင်း၊ ကလသာအိုး စသည်များကို မြင်ချင်သည့် အင်္ကျီ၊ ထဘီ၊ အနွေးထည် အစား၊ ခါးချပ်၊ သင်တိုင်း၊ တဘက်၊ ဝတ်လုံစသည်များကို မြင်ချင်သည်။ သေတ္တာ အစား၊ တံတင်းဟု ဖတ်ချင်သည်။

ဤအသုံးအနှုန်း ဝေါဟာရများအပါအဝင် နေရာအတော်များများ၌ ကျွန်တော့်ချဉ်ခြင်း မပြည့်ဝဟု ဆိုချင်ပါသည်။ ချဉ်ခြင်းပြင်းပြသော ကျွန်တော့်အဖို့ ဆရာ တက္ကသိုလ်စိန်တင်၏ ပုဂံရှာပုံတော်သည် ပုဂံအငွေ့အသက်၊ ပုဂံဝိဉာဉ် ဖုံးလွှမ်းဝင်စားနေသော ဝတ္ထုတစ်ပုဒ်အဖြစ်ထက် အလွန်သွက်လက် ခမ်းနားစွာ တင်ဆက်နေသည့် ပုဂံနောက်ခံ စင်တင်ဇာတ်ထုပ်ကြီး တစ်ထုပ်ကို ကြည့်နေရသလို၊ ပို၍ သက်ရောက်နေပေသည်။

ပုဂံရှာပုံတော်ရေးသူ၊ (ရေးလတံ့) ဆရာ တက္ကသိုလ်စိန်တင်၏စေတနာနှင့် အားထုတ်မှုကိုကား လေးစားဂုဏ်ပြုရမည် ဖြစ်သည်။ သူသည် ဆက်လက်၍ ရှာပုံတော် ဖွင့်ပေလိမ့်ဦးမည်။ လေးစားအပ်သော စာဖတ်သူတို့ကလည်း သူနှင့်အတူ (သို့မဟုတ်) မိမိဘာသာ ရှာပုံတော်ဖွင့်ကြမည် ဖြစ်ပါသည်။

ရှာပုံတော်ဖွင့်ရာမှ တွေ့ရှိလာမည့် အရာတို့သည် မြစ်ကြီးငါးသွယ်၊ မြင်ငယ်ငါးရာ၊ သီတာခုနစ်တန်တို့ မဟာသမုဒ္ဒရာ၌စီးဝင်ကြသည်ဟူသော စကားလိုပင် 'အမျိုး၊ ဘာသာ၊ သာသနာ' အတွက် ကိုယ်ကျိုးမငဲ့ဘဲ ရှပ်ရှပ်ချွံချွံ ပါဝင်ထမ်းရွက်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်ရေးသို့ ဦးတည်စီးဝင်ကြပေလိမ့်မည်။



ပုဂံရှာပုံတော်သည် ထိုသို့ ဦးတည်အံ့။

ထိုအချက်ဖြင့်ပင် နှစ်သက်ဖွယ် စာဖြစ်ပြီဟု မှချဆိုအပ်ပေသည်။

ချစ်ဦးညို
၁၁၊ ၉၊ ၉၈
(မိုး ဂျာနယ်)

www.burmeseclassic.com

www.burmeseclassic.com

## ၁၅။ မြန်မာတို့၏ ပုဂံ

### မကြွယ်ကြွယ်

မြန်မာမှန်လျှင် ပုဂံကို သိရမည်ဟု ပြောစမှတ် ရှိနေပါသည်။ မြန်မာ တွေ ပုဂံကို ဘယ်မျှအထိ သိပါသနည်းဟူ၍ မေးရပေမည်။

မြန်မာများက လှည်းဝင်ရိုးသံ တညံ့ညံ့ ပုဂံဘုရားပေါင်းဟု ရွတ်ဆိုပြီး ပုဂံမှာ ဘုရားတွေ ပေါကြောင်းပြောကြသည်။ ပုဂံ ဘုရားတွေဟာ လက်ညှိုးထိုးလို့ မလွဲအောင် ပေါတယ်ဟု ပြောသူအား ငါထိုးတဲ့ နေရာမှာ ဘုရားမရှိဘူးဟု ပြောပြီး မြေကြီးပေါ်သို့ လက် ညှိုးထိုးပြခဲ့၏။ ထိုကြောင့် အခြားသူက မြေကြီးကို တူးသောအခါ မြေထဲမှ ရုပ်ပွားတော် တစ်ဆူ ပေါ်ထွက်လာသည်ဟု ပြောသံလည်း ကြားခဲ့ဖူးပါသည်။

ပုဂံကို ဤသို့လျှင် ဘုရားတွေ ပေါများသော ဒေသအဖြစ် လောက်သာ သိထားကြလေသလော။

ပုဂံသည် မြန်မာတို့၏ ရှေးဦးဘဝဖြစ်သည်။ ပုဂံသည် မြန်မာတို့၏အသက်၊ မြန်မာတို့၏ဝိဉာဉ်ဖြစ်သည်။ ထိုပုဂံကို ရှေး ခေတ် ရာဇဝင်ဆရာကြီးများက ခမ်းနားစွာ စာဖွဲ့ခဲ့ကြ၏။ ထူထဲသော သမိုင်းစာအုပ်ကြီးထဲတွင် ပုဂံကို လူတွေ မရှာချင်ကြပါ။ ပုဂံရောက် အောင် သွား၏။ ဘုရားစုံဖူး၏။ နေပူသော ပုဂံတွင် ရာပေါင်းများစွာ သော ဘုရားတွေကို ဖူး၍လည်း ပုဂံကို ရှာမတွေ့နိုင်သေးပါ။



သို့သော် ပုဂံဆိုတာကိုတော့ သိနေပါသည်။ ဂနသေချာစွာ ပုဂံ၏စိတ်ဓာတ် ပုဂံ၏ဝိဉာဉ်ကို သိဖို့ကမူ သမိုင်းပညာရှင်များ၊ သုတေသီများ၊ စိတ်ဝင်စားသူ စာရေးဆရာများ၏ တာဝန်သာ ဖြစ် လေတော့သည်။

ယခုခေတ်သည် ကွန်ပျူတာ ခေတ်၊ စီဒီယွန်ခေတ်၊ တစ်ခုခု ကို လွယ်ကူစွာ မြင်ရမှ၊ မှတ်၍ လွယ်မှ လူငယ်တွေက စိတ်ဝင် စားကြသည်။ မြန်မာတို့၏ ပုဂံကို မြန်မာ့ရင်ထဲတွင် အစဉ်စွဲလန်း စေရန် ကြိုးပမ်းအားထုတ်ရာ၌ လွယ်ကူသော စာပေအရေးအသား ပေါ့ပါးသော အနုပညာသဘောတရား အရေးမျိုးမှစ၍ လူငယ်တို့ နားလည်နိုင်သော အတွေးနှင့်အရေး အပြောတို့နှင့် ဖော်ထုတ်ပေး နိုင်ပါက ပုဂံသည် နောက်ထပ် နှစ်ပေါင်း ၁၀၀၀ မက ကြာရှည် အောင် မြန်မာ့ရင်ထဲတွင် စွဲဝင်ကိန်းဝပ်နေပေလိမ့်မည်ဟု ထင်မိသည်။

ဤသို့ ပုဂံစိတ်ဓာတ်များ မြန်မာလူငယ်တို့၏ နှလုံးအိမ် ဝယ် စွဲဝင်နေနိုင်ရန် ရှေးဆရာကြီးတို့ ကြိုးပမ်းခဲ့ကြဖူးပါသည်။ ဆရာကြီး– ဆရာဇော်ဂျီ၊ ဆရာကြီးဦးလှဖေဝင်း၊ ဆရာကြီး ဦးဖိုး လတ်၊ ဆရာကြီး ဒူးရှိုင်ဆက်မှစ များစွာသော ပညာရှိကြီးများ ပုဂံအရေးကို တွေးတောရေးသားဖော်ထုတ်ခဲ့ကြ၏။ ခေတ်အားဖြင့် ဆိုလျှင် ယနေ့လူငယ်တွေထက် နှစ် ၄၀– ၅၀ ခန့် စောနေပါလိမ့် မည်။

ယနေ့လူငယ်တွေအတွက် ရှေးဆရာကြီးများဖြစ်သော ဆရာ ကြီး ဦးဘိ၊ ဆရာကြီး ဦးဘကျော်၊ ဆရာကြီး ဦးသိန်းတို့ သုတေသင တည်းဖြတ်ခဲ့သည့် သမိုင်းစာအုပ်ကြီးတွေကို မသိတော့၊ ဆရာကြီး ဦးလှဖေဝင်း၊ ဆရာကြီး ဦးဖိုးလတ်၊ ဆရာကြီး ဒူးရှိုင်ဆက်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း မမှတ်မိ၊ ဆရာကြီး ဆရာဇော်ဂျီအတွက်ဖြင့်

'အမယ်မင်းငါ့သား
ယောက်ျားကြီးလုံးလုံး
စစ်သားကြီး ရှူးလောက်ကဲ့
လက်ရုံးနဲ့လက်ပြင်
ကျောချင်က သံချောင်း–' စသော ကဗျာများကို ဖတ်မိ၍သာ မှတ်မိကောင်း မှတ်မိနိုင်ပေမည်။

စိတ်ဓာတ်ရေးရာအားဖြင့် လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာ အားဖြင့် လည်းကောင်း၊ ပုဂံသားတို့၏ စွမ်းဆောင်ရည်သည် အံ့ဖွယ် အတိရှိပါဘိသည်ဟု ဆိုရပါမည်။ ထိုအံ့ဖွယ်အထိ လေးစားဂုဏ်ယူ ဖွယ် အပြည့်ရှိသော ပုဂံသွေး ပုဂံစိတ်ဓာတ် ပုဂံအမွေကို ခံယူရန် ယနေ့လူငယ်တွေက ပုဂံအကြောင်း ကောင်းကောင်းကြီး သိဖို့ လို ပါသည်။ သိရန် ဖော်ထုတ်ပေးဖို့လည်း လိုပါသည်။

ထိုတာဝန်ကို ရေးဖော် တက္ကသိုလ်စိန်တင်သည် ထမ်း ဆောင်လိုက်ပေပြီ။ ပုဂံသရုပ်ကို ဖော်ထုတ်လိုက်သဖြင့် ကျေးဇူးတင် မိ၏။ အားကျမိ၏။

ထို့ပြင်တဝ ပုဂံကို အပျက်က ရှာတာလေးဖြင့် ပြောစရာ များ ဖြစ်လေမလား။ ပုဂံကို အစက ပြန်ရှာပေးပါဟု တောင်းပ ပါရစေ။ သမုဒ္ဒရာဇ်မင်းတို့ ရွာ ၁၉ ရွာစုပြီး ပုဂံတည်ကြရာတွင် စုစည်း ညီညွတ်အောင် မည်သို့အားထုတ်သည် ဆိုတာမျိုးက ပုဂံ ၏ အမြင့်ဆုံးကာလ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ တို့၏ ပုဂံရွှေခေတ်ကြီးကိုပါ ဆက်ရှာဖွေ တင်ပြနိုင်ပါစေဟု ဖတ် သူတစ်ဦးအနေဖြင့် မေတ္တာရပ်ခံပါသည်။



ပြင်ပမှ တကယ့်ပုဂံကို စာအုပ်တွင် ထည့်သွင်းပြီး စာအုပ် ဘွင်းမှ ပုဂံကို လူတိုင်း၏ နှလုံးသားသို့ပို့ပေးလာသော ဆရာ တက္ကသိုလ်စိန်တင် အောင်မြင်ပါစေသောဝ်ဟူ၍။

မကြွယ်ကြွယ်
၂၆၊ ၇၊ ၁၉၉၈

www.burmeseclassic.com

www.burmeseclassic.com

## ၁၆။ ပုဂံနှင့် ပတ်သက်ပြီး

ကျွန်တော်အခု အသက် (၆၀) နား ကပ်နေပါပြီ။ ပုဂံနဲ့ ပတ်သက်ပြီး ကျွန်တော် မသိသေးတာတွေ အများကြီးပါလားဆိုတာ ဆရာ တက္ကသိုလ်စိန်တင်ရဲ့ 'ပုဂံရာပုံတော်' စာအုပ်ဖတ်ပြီးမှ သိရပါတယ်။ ဒီအတွက် 'ပုဂံရာပုံတော်' ရေးသားပြုစုတဲ့ ဆရာ တက္ကသိုလ်စိန်တင်ကို ဦးညွတ်မိပါတယ်။

မောင်တည်ငြိမ်

၁၉၉

## ၁၇။ စာငတ်ပြေ

ကျွန်တော်သည် အတ္ထုပ္ပတ္တိ စာပေများကို ကြိုက်နှစ်သက်သူဖြစ်ရာ ဆရာ တက္ကသိုလ်စိန်တင်၏ စာအုပ်များသည်လည်း ကျွန်တော့် အသည်းစွဲများ ဖြစ်ကြပါသည်။ ယခုလည်း ပုဂံရာပုံတော် (၁) ဖတ်ပြီး ဝေဖန်ပေးပါဟု ဆရာက ဆိုရာ၌ အချိန်အရယူ၍ ဖတ်ဖြစ်ပါသည်။ နရသီဟပတေ့မင်းခေတ် ပုဂံ အခြေအနေကို ဆရာသည် ခဝဖန်ရေးလေးများစွက်၍ ဝတ္ထုသဖွယ် ရေးသားသွားရာ လက်က မချနိုင်ဘဲ ဆုံးမပင် လက်က ချရပါသည်။ ဆရာ့စာကို ဖတ်၍ သတင်းစာဆရာ ဦးသိန်းမောင်၊ ဆရာရွှေစကြာ၊ မောရစ်ကော လစ်တို့၏ စာအုပ်များကို သတိရပါသည်။ ဆရာ့စာသည် စာငတ်ပြေ ခေပါသည်ဟု ဆိုရပါမည်။

ဆရာ ဆထက်တံပိုး စာပေ့ဝန်ထမ်းနိုင်ပါစေ။

ကြော့မောင်မောင်ညွန့်
စာရေးဆရာ၊ ဓာတ်ပုံပညာသည်

www.burmeseclassic.com

www.burmeseclassic.com

## ၁၈။ အံ့စရာ မင်းခွေးချေး

**ရွှေဘိုမိမိကြီး**

ကိုစိန်တင်နဲ့စိမ့်

ပုဂံရာပုံတော် (၁) ရောက်လာတော့ ဝမ်းသာကျေးဇူးတင် အံ့အားသင့်မိပါတယ်၊ အံ့အားသင့်မိတာက သမီးခင်ပွန်း ၂ ယောက် တက်ညီလက်ညီနဲ့ ရေးနိုင်လိုက်ကြတာ၊ ဟောတစ်အုပ်၊ ဟောတစ်အုပ်ပါလားလို့။ ပို့လိုက်တာကို ၃-၄ အုပ်ရှိပြီ ထင်ပါရဲ့၊ အားကျလိုက်တာကွယ်။

ကိုစိန်တင်က သူ့စာအုပ် ဝေဖန်စာ ရေးပေးပါတဲ့၊ အဲဒါ လုပ်သင့်ပါသလား၊ စဉ်းစားဖို့လိုတယ်။ ကိုစိန်တင်က စာအုပ်ပေါင်း အများကြီး ရေးဖူးသူ။ (သို့) စာအုပ်တွေကလည်း အကောင်းချည်းပဲ။

ကိုစိန်တင်က ကဗျာလည်း နိုင်ပုံရတယ်၊ ပုဂံရာပုံတော်မှာ သူ့ဝါကျကလေးတွေက ကာရန်ကလေးတွေ၊ တို့ကာထိကာ၊ ရေသွားလိုက်တာ၊ ဖတ်တဲ့သူ စိတ်ထဲ နားထဲမှာ ချောပြီး ဝင်သွားတာပဲ။ တကယ်ပါ၊ တချို့နေရာတွေဆိုရင် ကိုယ့်ရှေ့တွင် မြင်နေရသလို အရုပ်ပါ ပေါ်လာသလိုပဲ။

မင်းခွေးချေးရှင်ဘုရင် ထဖြစ်လိုက်ပုံကတော့ အံ့စရာပါပဲ။ အစက သည်လောက် မသိပါဘူး။ အခုမှ ရေရေလည်လည် သိတော့



တယ်။ ပုဂံရာပုံတော် (၁) ဆိုတော့ (၂) (၃) တို့ လာဦးမှာပေါ့။ အတွဲများလာရင်တော့ ဦးညိုမြရဲ့ ကုန်းဘောင်ရှာပုံတော်ကြီးလို ဖြစ်တော့မှာ။

ရွှေဘိုမိမိကြီး
၁၅၊ ၆၊ ၉၈

www.burmeseclassic.com

www.burmeseclassic.com

## ၁၉။ ပုဂံနေဝင်ချိန် ရှုခင်း

### ဒေါက်တာသက်လွင်

'ဖေဖေ၊ စာအုပ်ဖတ်နေပြီး ပြုံးလိုက်၊ မဲ့လိုက်၊ စာအုပ်ကြီးကို မျက်နှာပေါ်တင်ပြီး စဉ်းစားလိုက်၊ ရေးလိုက်၊ မှတ်လိုက်နဲ့ ဘာလုပ်နေတာလဲ၊ ထမင်းစားရအောင် ထမင်းဟင်းတွေ ပြင်ပြီးနေပြီ။'

'အေးပါ သမီးတို့ရယ်၊ တက္ကသိုလ်စိန်တင်ရဲ့ စာအုပ်က ဖတ်ကောင်းနေတာနဲ့၊ ထမင်းစားဖို့တောင် သတိမရတော့ပါဘူး'

'ခစ်...ခစ်...ခစ်' ပေါ့၊ ဖေဖေက ရယ်ပြန်ပြီ၊ ဘာတွေ ရေးထားလို့ ရယ်ရတာလဲ၊ သမီးတို့လဲ ရယ်ရအောင် ပြောပြစမ်းပါဦးဟု သမီးငယ်က ဆိုနေ၏။

'နရသီဟပတေ့ဆိုတဲ့ မင်းဟာ၊ စက်တော်ခေါ်ရာမှ နိုးလာတိုင်း အနီးအနားမှာ ခစားနေကြတဲ့ အပျိုတော်လေးတွေကို၊ တစ်ခုခု အပြစ်ရှာပြီး တွေ့ကရာနဲ့ အမြဲပစ်ပေါက်တတ်သတဲ့ကွဲ့။ ရွှေကွမ်းအစ်၊ ရွှေရေကရား၊ ရွှေဆေးခံခွက်၊ ရွှေမီးအုပ်ဆောင်းစတဲ့ ပစ္စည်းတွေနဲ့ ပစ်ပေါက်လို့၊ အပျိုတော်လေးတွေမှာ နေ့စဉ် နေ့တိုင်း ခါးကွဲ၊ နားကွဲ ဖြစ်ရတယ်ဆိုပဲကွဲ့။'

'ရယ်ရတာတော့ ဟုတ်ပါပြီ၊ ဖေဖေမှာ မဲ့ရွဲ့နေလိုက်တာက ဘာပြုတာလဲ' ဟု သမီးငယ်က စပ်စုလိုက်ပြန်၏။

'ဘုရင် နရသီဟပတေ့'မှာ အချစ်ဆုံး မိဖုရားစောလုံဆိုတာ ရှိသတဲ့။ တစ်နေ့တော့ သင်္ကြန်မှာ လူတွေအားလုံး ရေကစားနေကြပေမဲ့ မိဖုရားစောလုံက ရေမကစားတာ၊ ဘုရင်ကြီးက စွတ်အတင်း ဆွဲအခေါ်ခိုင်းပြီး ရေနဲ့ဝိုင်းပြီး ပက်ကြဖို့၊ အမိန့်ပေးတာနဲ့ မိဖုရားစောလုံမှာ အရှက်ကွဲခဲ့တယ်ဆိုပဲ၊ ဒါနဲ့ပဲ မိဖုရားစောလုံက အမှတ်ထားပြီး ဘုရင်ကြီးကို ပွဲတော်တည်ရာမှာ အဆိပ်ခပ်ပြီး လုပ်ကြံခဲ့သတဲ့။ နရသီဟပတေ့ ဘုရင်က သိလိုက်တာနဲ့ အချစ်ဆုံး မိဖုရားစောလုံကို မီးဖိုပေါ်မှာ အရှင်လတ်လတ် တက်စေပြီး သတ်ပစ်ခဲ့တယ်တဲ့။'

'ဖေဖေ စာအုပ်က ဘာစာအုပ်လဲ' တဲ့။

'ပုဂံရှာပုံတော် (၁) တဲ့။'

'ပုဂံရှာပုံတော် (၁) ဆိုတာ ပုဂံမှာ ဘာတွေကို ရှာတာလဲ ဖေဖေ၊ တဝဂုလို ပျောက်နေတဲ့ ဂူဘုရား၊ သိုက်ဘုရားတွေကို ရှာတာလား။'

သမီးငယ်ကမေးမှပဲ၊ တက္ကသိုလ်စိန်တင်၏ စာအုပ်အမည်ကို သတိထားမိပါတော့၏။ ပုဂံရှာပုံတော် (၁) ဆိုတော့ ဘာကိုရှာဖွေပါသလဲ၊ စာအုပ်အမှတ်ကလည်း (၁) ဆိုတော့ (၂) (၃) စသည်ဖြင့် ရှိဦးမည်မှာ ဧကန်။

'ဘာကို ရှာဖွေသည်ကိုတော့ မသိရသေး' ဤစာအုပ်ကို မထုတ်ဝေမီ ပုဂံရှာပုံတော်စာအုပ်အမှတ် (၁) ထုတ်ဝေရန်ဆိုပြီး စာအုပ်တွင် ထည့်သွင်းဖော်ပြရန် ဓာတ်ပုံများ ရိုက်လိုပါသည်ဆိုသဖြင့် ကျွန်တော်နှင့် တက္ကသိုလ်စိန်တင်တို့ ဇနီးမောင်နှံသည် ပုဂံဒေသမှာ နေပူကျဲကျဲမှာပင် သွားလာခဲ့ရ၏။ တက္ကသိုလ်စိန်တင်သည် ပုဂံသိရိပစ္စယာဟိုတယ် အဝင်အနီးမှ မင်္ဂလာစေတီရှေ့တွင် ပိုစ်အမျိုးမျိုးဖြင့် ဂိုက်၊ ဆိုက်ပေးပြီး ဓာတ်ပုံအရိုက်ခိုင်းသဖြင့် ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံကို ရိုက်ပေးခဲ့ရ၏။ ရုပ်ရှင်မင်းသား လျှောက်ထားမလို့လား ပို့စ်ကဒ်ထုတ်မလို့လားဟု ကျွန်တော်က မေးမိခဲ့သည်ကို သူ၏ စာအုပ်ကို ဖတ်ရင်း သတိရ မြင်ယောင်လာနေ၏။ တကယ်တော့ မင်္ဂလာစေတီဆိုသည်က ဘုရင်နရသီဟပတေ့မင်း၏ ကောင်းမှုတော် နိုင်ငံခြားသားများသည် ပုဂံနေဝင်ချိန်၊ နေထွက်ချိန်များကို အရသာ ခံစားလိုသဖြင့် ယခင်က သဗ္ဗညုစေတီပေါ် တက်ပြီး ပုဂံမှာ နေ ကွယ်၊ နေဝင်ကို ကြည့်ခဲ့ကြ၏။ နိုင်ငံခြားသားများ ကြည့်လိုသည်က ဘုရားစေတီပုထိုးများပေါ်မှ နေဝန်းနီနီရဲရဲကြီး ထွက်ပေါ်လာပုံနှင့် တန့်ကြည့်တောင်၊ တောင်စွယ်ကြီးကို မေးတင်ပြီး ဧရာဝတီ မြစ်ပြင် ကျယ်ကြီးနှင့် သဲသောင်ပြင်ကြီးပေါ်မှာ နေလုံးကြီး ပျောက်ကွယ်သွား သည့် မြင်ကွင်းကို ကြည့်ကြ၊ ဓာတ်ပုံရိုက်ကြခြင်း ဖြစ်ပါ၏။ သဗ္ဗညု စေတီပေါ်သို့တက်ပြီး ကြည့်ခွင့်မပြုသောအခါ မင်္ဂလာစေတီပေါ်မှ တက်ပြီး ကြည့်ကြ၊ ဓာတ်ပုံရိုက်ကြ၏။ ဤသည်ကား နိုင်ငံခြားသား များ စိတ်ဝင်စားသော မင်္ဂလာစေတီပေါ်မှ ပုဂံနေဝင်ချိန်။

တက္ကသိုလ်စိန်တင် စိတ်ဝင်စားသည်ကား ဤသို့မဟုတ် မင်္ဂလာစေတီကို တည်ထားသူ ဘုရင် နရသီဟပတေ့မင်းသည် ပုဂံ မင်းဆက် (၅၅) ဆက်တွင် (၅၂) ဆက်မြောက် မင်းဖြစ်၏။ မွန်ဂို စစ်တပ်တို့၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဘုရင် နရသီဟ ပတေ့သည် ပြည်မြို့မှတစ်ဆင့် ပုသိမ်မြို့အထိ ထွက်ပြေးခဲ့ရ၏။ ထို့ကြောင့် ပုဂံရာဇဝင်တွင် တရုတ်ပြေးမင်းဟု ရေးသားတတ်ကြ၏။ ထိုမင်း၏ အရည်အချင်း ညံ့ဖျင်းမှုကြောင့် ပုဂံနိုင်ငံတော်ကြီး ပျက် သုဉ်းခဲ့ရ၏။ တစ်နည်းဆိုရသော် မင်္ဂလာစေတီ၏ ကောင်းမှုရှင် နရသီဟပတေ့မင်း၏ လက်ထက်သည် ပုဂံနေဝင်ချိန် ဖြစ်ပါ၏။



ပုဂံနိုင်ငံတော်ကြီး မည်ကဲ့သို့ နေဝင်သွားရသည်ကို တက္ကသိုလ်စိန်တင် က ရှာဖွေတင်ပြထားခြင်းသာ ဖြစ်ပါ၏။ မင်္ဂလာစေတီပေါ်မှ ပုဂံ နေဝင်ချိန်ကို ကြည့်ကြပုံခြင်းက ကွာခြားလှ၏။ တက္ကသိုလ်စိန်တင် ကြည့်တဲ့၊ မြင်တဲ့၊ တွေးတဲ့၊ ဆွေးတဲ့ မင်္ဂလာစေတီပေါ်မှာ ပုဂံနေ ဝင်ချိန်ရှုခင်းက ပိုပြီး အဓိပ္ပာယ်လေးနက်၏။ ပုဂံရာပုံတော် စာအုပ် သည် ပုဂံနေဝင်ချိန် ရာပုံတော်ဟုဆိုချင်၏။ သူ၏ တင်ပြချက်များ သည် အကြောင်းအရာ တင်ပြပုံ၊ တင်ပြနည်း၊ ရေးသားပုံ အဆက် အစပ်များကောင်းလှသဖြင့် စာဖတ်သူများမှာ အကယ်ဒမီရုပ်ရှင်ဇာတ် ကား တစ်ကားကို ကြည့်နေရသည်နှင့် တူတော့၏။ နရသီပတေ့မင်း ၏ ရာဇဝင်ကြောင်းကလည်း စိတ်ဝင်စားဖွယ်၊ ထူးဆန်းဖွယ်များ ဖြစ်ပါ၏။ သည်ဇာတ်လမ်းမှာ အမတ်ကြီး ရာဇသင်္ကြန်၏ ရန်ငြိုး ကြီးသော စိတ်ထား၊ မာန်မာနထောင်လွှားပြီး ဒေါသကြီးသော အိမ် ရှေ့စံ သီဟသူမင်းသား၊ တောကစားဝါသနာထုံသော ဘုရင်မင်းကြီး ဥဇနာ၊ ကံဇာတာကောင်းသော 'ပန်းပွတ်သည်မြေး' မင်းခွေးချေး ခေါ် နရသီဟပတေ့၊ ဉာဏ်ပညာအမြော်အမြင်ကြီးသော ဆိတ်ထိန်း ကမ်းဖြူရွာသူ 'မိဖုရားဖွားစော'တို့၏ အဖြစ်သနစ်များက ငမ်းသာစရာ၊ ဝမ်းနည်းစရာ၊ ကြေကွဲစရာ၊ ဒေါသဖြစ်စရာ၊ စိတ်ညစ် စရာ၊ ပူဆွေး စရာ၊ သတိသံဝေဂရစရာ၊ သင်ခန်းစာယူစရာများဖြင့် ပြည့်နှက်နေပေ၏။ ဥပမာ– ပုဂံနိုင်ငံတော်ကြီးပျက်ခါနီး အခြေ အနေတွင် 'ခုလို အချိန်မှာ စိတ်ညစ်လွန်းလို့ ရှင်ဘုရင်အဖြစ်မှ စွန့်ပယ်ပြီး နှုတ်ထွက် ခွင့်ရလျှင် နှုတ်ထွက်ချင်ပါရဲ့' ဆိုပြီး စိုင် ကော်လိုခြုံပေါ်ရောက်ခဲ့ရတဲ့ ဘုရင် နရသီဟပတေ့မင်းရဲ့ 'လုတ်ထိမှ အမိတ' တဲ့ စကားများက 'မဲ့စရာ၊ ရွံ့စရာ' ခံစားရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်း၊ အပြုအမူတစ်ခု ကြောင့် အသက်သေ၊ စစ်ပွဲတွေဖြစ် တိုင်းပြည်ကျွန်ဖြစ်ခဲ့ရတဲ့ ဇာတ်လမ်းများကလည်း နှစ်ပေါင်း ခုနှ ရာကျော်ကြာခဲ့ပြီဖြစ်သော်လည်း မေ့ပျောက်လို့ မရနိုင်။ ဥပမာ- ရာဇသင်္ကြန် အမတ်ကြီး၏ အကြံပေါ်သို့ ကွမ်းတံတွေး တစ်ချက်ထွေ ခဲ့မိသဖြင့် အိမ်ရှေ့စံသီဟသူသည် အသက်သေဆုံးရခြင်း၏ အကြောင်းရင်း ဖြစ်နေ၏။ ဟုတ်တိုင်း မှန်ရာကို ပြောသော်လည် 'ပန်းပွတ်သည်မြေး' ဆိုသည့် စကားလုံးတစ်လုံးကို ပြောမိခဲ့သဖြင့် 'စေတီတည်ပြီးရင် ငြိမ်းကို ဖြိုချရတယ်' ဆိုပြီး ကျေးဇူးရှင် ရာဇ သင်္ကြန်အမတ်ကြီးမှာ ဒလမြို့သို့ အပို့ခံခဲ့ရပုံ၊ ဘုရင်ကြီး၏ အချစ်ဆုံး မိဖုရားစောလုံ၊ မီးရှို့အသတ်ခံရပုံ၊ သားတော်ကို လူပုံအလယ်မှာ 'ဝက်လက်ခိုးမရဲ့သား' ဟု ပြောခဲ့တဲ့ အကျိုးဆက်ကြောင့် သားတော် ပြည်မြို့စား သီဟသူက အဆိပ်ကျွေးပြီး အသတ်ခံရတဲ့ နရသီဟ ပတေ့မင်း၏ အဖြစ်များက စကားတစ်လုံးကြောင့် ဒုက္ခရောက် ကြရပုံများကို သင်ခန်းစာယူဖွယ်ရာ ဖြစ်ပါ၏။ ပန်းပဲမောင် တင့်တယ်အစ၊ ရှင်ဒိသာပါမောက္ခအဆုံး၊ မှတ်သား ဖွယ်ရာများ စုံလှ ပါ၏။ အချုပ်ဆိုရ၍ ဘ် တက္ကသိုလ်စိန်တင်သည် ပုဂံရာဇဝင်၏ နေဝင်ချိန်ကို ရှာဖွေဖို့ မင်္ဂလာစေတီရှေ့မှာ ရပ်ပြီး မီးမောင်းထိုး ပြလိုက်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ကြောင်းပါခင်ဗျား။

စာဖတ်သူတို့ ငိုရအောင်၊ ရယ်ရအောင်၊ တွေးရအောင် ဆွေးရအောင် ရေးနိုင်တဲ့ တက္ကသိုလ်စိန်တင်ပါခင်ဗျား။

•

ဒေါက်တာ သက်လွင်

၂၅၊ ၇၊ ၉၈

## ၂၀။ ရှာဖွေလေ တွေ့ရှိလေ

**လေးမြိုင်**

ဟောသက္ကရာဇ် ၁၀၃ ခု၊ သီတင်းကျွတ်လပြည့်နေ့တွင် ဂေါတမ မြတ်စွာဘုရားသည် မိဂဒါဝုန်တောမှ ဥရုဝေဠတောဆီသို့ ကြွတော် မူခဲ့လေ၏။ လမ်းခရီးတောအုပ် တစ်နေရာ၌ ဘဒ္ဒဝဂ္ဂီမင်းသားညီ နောင် သုံးကျိပ်တို့နှင့် တွေ့ဆုံလေ၏။ မင်းသားတို့က

'အရှင်ရဟန်း၊ ဤနေရာမှာ မိန်းမတစ်ယောက် ထွက်ပြေး တာ တွေ့လိုက်ပါသလား၊ အကျွန်ုပ်တို့ ထိုမိန်းမကို လိုက်လံရှာဖွေ နေပါသည်'ဟု မေးမြန်းကြ၏။ ထိုအခါ မြတ်စွာဘုရားက

'အသင်တို့သည် မိန်းမကို လိုက်လံရှာဖွေနေမည့်အစား မိမိ ကိုယ်ကို ရှာဖွေသင့်ပေ၏။ မိမိ၏ခန္ဓာကိုယ်ကို ရှာဖွေသုံးသပ်ခြင်း ဖြင့် ချမ်းသာစစ် ချမ်းသာမှန် အရယူသင့်ပေ၏' စသည်ဖြင့် တရား ခမ္မ ဟောပြတော်မူသဖြင့် ကိလေသာအပူမီး တညီးညီး လောင်မြိုက် ခံနေရသည့် မင်းသားတို့ ထွက်ပြေးသွားသော မိန်းမကို ဆက်လက် မရှာဖွေတော့ပေ။ မြတ်စွာဘုရား လမ်းညွှန်တော်မူသည့်အတိုင်း ခန္ဓာ အရှိကို အမှန်သိ အမှန်မြင်လာအောင် ဆင်ခြင်သုံးသပ်ကြသဖြင့် သခုဘဝမှာပင် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခဲ့ကြလေသည်။

ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတဉာဏ် သစ္စဉာဏ် အမှန်တရား ကို သိမြင်ရေးအတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလတိုင် တိုင် ရှာဖွေခဲ့ပေ၏။ ပစ္ဆိမဘဝ သဗ္ဗညုဘုရားဖြစ်လာသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



သညာဝါတို့၏ သစ္စာဉာဏ် အမှန်တရား ရှာဖွေတတ်အောင် ရှာဖွေ မှားကြရလေအောင် ၄၅ နှစ်တိုင်တိုင် ဝီရိယကြီးစွာဖြင့် ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့လေသည်။

လူသားတိုင်း သတ္တဝါတိုင်းသည် ဘဝတစ်လျှောက်လုံး ရှာ ဖွေနေကြ၏။ မိမိ ရယူလိုမှုဆီသို့ အစဉ်တစိုက် ရှေးရှု ဇောကပ် လျက် ရှာဖွေရင်းဖြင့်သာလျှင် ဘဝတစ်ခု အဆုံးသတ်သွားကြလေ၏။

မိမိ ရယူလိုသည့် အရာသည် အကောင်းလား၊ အဆိုးလား ချမ်းသာမှုလား၊ ဆင်းရဲမှုလားဟူ၍ လည်းကောင်း၊ မိမိ ရှာဖွေမှုသည် လမ်းမှန်လား၊ လမ်းမှားလားဟူ၍ လည်းကောင်း၊ ပုထုဇဉ်သားတို့ သည် ဆင်ခြင်သုံးသပ်မှု ဝိဘဇ္ဇဉာဏ် နည်းပါးကြ၏။ အဟိတ် တိရစ္ဆာန်တို့ကား ထို့ထက်အလွန် လွန်စွာမှ နည်းပါးကြလေ၏။ ထိုကြောင့်ပင် သံသရာ ခရီးကြမ်းကြီးထဲ၌ မောပန်းကြီးစွာ ပြေးလွှား နေကြရခြင်း ဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီးက 'တဏှာ ငန်းတဲ့ အကန်းတွေမှာ အပန်းမပြေ ဟိုက်မောရှာကြလေး' ဟု ဆုံးမခဲ့လေသည်။

ဦးကြော့၏ စုံနံ့သာမြိုင် ရှာပုံတော်ကြီးသည် အကြောင်းအရာ စုံလင်လှ၏။ ရေးဖွဲ့ပုံ၊ အစီအစဉ်ကျန၏။ ရွတ်ဆိုရာ၌ ဖြစ်စေ နားထောင်ရာ၌ဖြစ်စေ ပြေပြစ်ချောမွေ့ပြီး အရသာပေါ်လွင်လှ ၏။ ထို့ကြောင့်လည်း ဂန္ထဝင်စာမျက်နှာပြင်၌ ကမ္ဘည်းတင်ခံရပြီး မမိုန်မပျက် ကမ္ဘည်းတင်နေခြင်းပင် ဖြစ်သည်။

ကဗျာလင်္ကာဘက်မှကြည့်လျှင် ထို စုံနံ့သာမြိုင် ရှာပုံတော် ကြီးကို မည်သို့မျှ ဝေဖန်မှု မပြုလိုပါပေ။ သို့သော် ရှာဖွေမှုသဘော ကို ဓမ္မကြောင်းဘက်လည်း သုံးသပ်ကြည့်ပါက ပြောစရာကလေး



တစ်ကွက် ပေါ်လာပေ၏။ ယင်းတစ်ကွက်ကား စုံနံ့သာမြိုင်၏အဓိက ဦးတည်ချက်သည် 'ပျောက်နေသော လင်ကို လိုက်လံရှာဖွေခြင်းမျှ သာ' ဟုပင် ဖြစ်၏။ (ယခု လတ်တလော အတွေးပေါ်လာ၍ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ အပြစ်ဆို ဝေဖန်ခြင်းမျိုး မဟုတ်ပါ။)

အထက်ဖော်ပြပါ စာစုမှာ 'ပုဂံရှာပုံတော်' စာအုပ်ကို ဖတ်မိ ရာမှ စဉ်းစားမိရာရာ ရေးသားလိုက်ခြင်း ဖြစ်လေသည်။ စာရေးသူ စာများများ မဖတ်ဖြစ်သည်မှာ ကြာပြီ။ အချို့စာများကိုသာ ဖတ်နိုင်– ဖတ်ဖြစ်တော့သည်မှာ ကြာပြီ။ ယခုမူ 'ပုဂံရှာပုံတော်'ကို တွေ့လိုက် သည်နှင့် ဝါသနာအရ ကောက်ကိုင်မိသည်။ မျက်နှာဖုံးကို မြင်ရ ကတည်းက အာရုံစိုက်မိသည်။ ထို့နောက် အထဲကို လှန်လှောကြည့် ပြန်တော့ အာရုံစိုက်မိစရာများ၊ ပေါ်လာပြန်သည်။ ထို့ကြောင့်ပင် ထိုစာအုပ်ကို အစအဆုံး ဖတ်ဖြစ်သွားခဲ့ပါလေသည်။ ဖတ်ဖြစ်ပြန် တော့လည်း ဟစ်ဆက်တည်း တောက်လျှောက် မဟုတ်သော်လည်း အစဉ်တစိုက် အာရုံမပြတ်အောင် ဖတ်လိုက်မိပါလေသည်။

မြန်မာတို့သည် ခေတ်အဆက်ဆက်ကပင် ပုဂံကို ရှာဖွေ ခဲ့ကြ၏။ ယနေ့တိုင် ရှာဖွေနေကြဆဲဖြစ်၏။ နိုင်ငံခြားသားတို့က လည်း ပုဂံကို ရှေးကတည်းကပင် ရှာဖွေခဲ့ကြသည်မှာ ယနေ့တိုင် အောင် ဖြစ်လေသည်။

ပုဂံသတင်းသည် ကြီး၏။ ကမ္ဘာအနှံ့ ပျံ့အောင်ပင် ကြီးပါ ၏။ ထို့ကြောင့်လည်း အချို့က အရောက်လာပြီး ကြည့်ကြသည်။ အချို့က လေ့လာကြသည်။ အချို့ကမူ ရှာဖွေစူးစမ်းကြလေသည်။

ပုဂံမှာ ရှာဖွေစရာတွေ အများကြီး ရှိနေပါသေး၏။ ပုဂံ ၏ အတွင်းသား အတွင်းပိုင်းသည် ရှာဖွေလေ့လာမှ ပို၍ များပြား

www.burmeseclassic.com

www.burmeseclassic.com



[illegible]နိုင်မည်။ ပုဂံ၏ အတွင်းပိုင်းရော အပြင်ပိုင်းရော ရှာဖွေတွေ့ရှိ သမျှဖော်နိုင်လေသမျှ မြန်မာတို့၏ ဂုဏ်သိက္ခာ တက်လေ၊ မြန်မာ သတ္တိ ဥမ်ပကား မြင့်မားလေဟု စာရေးသူ သဘောကျမိပေသည်။

စာရေးဆရာ တက္ကသိုလ်စိန်တင်သည် 'ပုဂံရှာပုံတော်'တွင် ပုဂံ၏ အတွင်းသရုပ်ကို ပခာနပြုပြီး ရှာဖွေတင်ပြထားသည်ဟု စာရေး သူ သုံးသပ်မိ၏။ သို့သော် ဝတ္ထုပုံစံမျိုးဖြင့် ရေးဖွဲ့ တင်ပြထားသဖြင့် ယနေ့လူသားတို့ ပသာဒစက္ခု မျက်စိရိုးရိုးဖြင့် ဘယ်လိုမှ မမြင်နိုင် တော့သည့် ရှေးအတိတ်တော ပုဂံပြည်ကနေရာဒေသ အခင်းအကျင်း အဆောင်အယောင်များကို ဝိညာဏ်စက္ခု စိတ်မျက်စိဖြင့် မြင်နိုင်ကြပေ လိမ့်မည်။ ရေမြေတောတောင် အဆောက်အအုံ အနေအထားများ သာမက စာထဲမှာ ပါဝင်လှုပ်ရှားကြရသည့် ဇာတ်ဆောင်များ၏ လှုပ်ရှားမှု အချင်းအရာ အစုံစုံကိုပါ ခံစားသိဖြင့် မြင်နိုင်တွေ့နိုင်ပေ လိမ့်မည်။ ဥပမာ- မိဖုရားဖွားစော၊ မိဖုရားစောလုံ၊ ဥဇနာမင်း နရသီဟပတေ့မင်း၊ သီဟသူမင်းသား (၂ ယောက်)၊ ရာဇသင်္ကြန် အမတ်ကြီးတို့၏ စိတ်ဓာတ်များ အမြော်အမြင်များ၊ ကိုယ်ကျိုးကို သာကြည့်မှု၊ ပြည်သူကို ဦးစားပေးကြည့်မှု စသည်တို့ဖြစ်သည်။

ဤ'ပုဂံရှာပုံတော်' စာအုပ်ထဲ၌ ခင်းကျင်းပြထားသော မြင် ကွင်းကျယ် ပန်းချီကားချပ်ကြီးပေါ်တွင် ရနံ့သင်းသည့် ပန်းအလှမျိုး စုံနှင့် ပူလောင်ရှိန်ပြင်းသည့် မီးတောက်မီးလျှံများကိုလည်း တွေ့ရ လိမ့်မည်။ အကျင့်သီလနှင့် ပြည့်စုံသူ၊ သူတော်စင်များနှင့် ရက်စက် ကြမ်းကြုတ်သူ သူယုတ်မာများကိုလည်း တွေ့နေရလိမ့်မည်။ လေညင်း လေညင်း တသင်းသင်းကို တွေ့နေရလိမ့်မည်။ မုန်တိုင်းကြမ်းကြမ်း ကြီးကိုလည်း တွေ့နေရလိမ့်မည်။



ဤသည်မှာ စာရေးသူ ခံစားလိုက်မိသည်ကို ထပ်ဆင့်ဖော် ပြလိုက်ခြင်း ဖြစ်ပါ၏။

ဤ'ပုဂံရှာပုံတော်'ကို ဖတ်ပြီး စာရေးသူ အမှတ်ထင်ထင် နိမိတ်ပုံ ထင်နေမိသည့် ပြကွက်တစ်ကွက်ရှိ၏။ ယင်းပြကွက်မှာ နရသီဟပတေ့ဘုရင်က မည်သူ့စကားကိုမျှ နားမထောင် အရေး မထားဘဲ နိုင်ငံခြား သံတမန်အဖွဲ့ကို သတ်မိန့်ပေးလိုက်သည့်အခါ ရာဇသင်္ကြန်အမတ်ကြီးနှင့် မိဖုရားဖွားစောတို့ ရင်ထဲ အမောဆို့သွား ကြပုံ၊ တိုင်းပြည်၏ နောင်ရေး ရင်လေးလွန်းလှသဖြင့် မအိပ်နိုင် မစားနိုင် ပြေးကာ လွှားကာ နည်းလမ်းရှာကြပုံ မြင်ကွင်းဖြစ်၏။ (ဖတ်ကြည့်ခံစားကြည့်စေချင်ပါ၏။)

ဤပုဂံရှာပုံတော်ကို ဖတ်ရှုမိသူသည် မိမိကိုယ်တိုင် အတွက်လည်းကောင်း၊ မိမိနိုင်ငံနှင့် လူမျိုးအတွက်လည်းကောင်း နီးကြားတက်ကြွမှု ဖြစ်ပေါ်လာပေလိမ့်မည်။ လက်ရှိဘဝထက် ပိုမို တိုးတက်မြင့်မားရေးအတွက် တစ်စုံတစ်ခုသော လမ်းစ၊ တစ်စုံတစ် ခုသော အလင်းရောင်ကို လှမ်းမြင်လိုက်ရသကဲ့သို့ ခံစားရပေလိမ့် မည်။

(ဤနေရာ၌ ပုဂံကို ရှာဖွေတင်ပြထားသူ ဆရာဦးစိန်တင်နှင့် ဆုံမိလျှင် မေးကြည့်ချင်သည့်အချက် ရှိပါ၏။ ရာဇသင်္ကြန်အမတ် ကြီး ကွယ်လွန်ခဲ့ရပုံ ဖြစ်သည်။ စစ်ပွဲကို အနိုင်တိုက်ခိုက်ပြီး အပြန် တွင် ငှက်ဖျားရောဂါကြောင့် ကွယ်လွန်ကြောင်း စာရေးသူတို့မှတ် သားထားပါ၏။ ယခု ဤဝတ္ထုတွင် နေပြည်တော် ပုဂံ၌ ကွယ်လွန် ကြောင်း ပါရှိနေပါ၏။ မည်ကဲ့သို့ ကွဲလွဲနေကြောင်း မေးကြည့်ရန် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် 'ရာဇသင်္ကြန်၊ ပညာလျှံ၊ ပုဂံပြည်လုံးကဲ'ဟူသော စာဆိုတော် စိန္တကျော်သူ၏ အဆိုအတိုင်း ဉာဏ်ပညာ အမြော်အမြင်ကြီးမားသော သုခမိန်အမတ်ကြီး ရာဇသင်္ကြန်သည် နိုင်ငံတော်အရေးစိတ်မအေးရ၊ ရင်လေးဖွယ် သောကကြောင့် 'အရက်ကို ပုံပန်းပျက်လောက်အောင် သောက်သုံးကြောင်း' ပါရှိနေသည်မှာ အမှတ်မထင်ပါရှိနေခြင်းလား၊ သို့မဟုတ် ဝတ္ထုသဘောအရ ရေးဖွဲ့လိုက်ခြင်းလားဟူသည်ကိုလည်း ဆုံမိသည့်အခါ မေးမြန်းကြည့်ရန် ဖြစ်ပါ၏။)

ပုဂံကို ဆက်လက် ရှာဖွေတင်ပြပေးပါရန် လေးလေးစားစားလိုလိုလားလား ပန်ကြားပါသည်။

လေးမြိုင်

## ၂၁။ သမိုင်းဝတ္ထု

**မောင်ကောင်းမြင့်**

'သမိုင်းကို ဘာ့ကြောင့် သင်ရသလဲ။ မ အ အောင်လို့ပါ' ဟု ဒါက်တာ သန်းထွန်းက ဆိုပါသည်။

'သမိုင်းဝတ္ထုကို ဘာ့ကြောင့် ဖတ်ကြသလဲ'

'စာရေးဆရာ ဘာကို ဘယ်လို ပြောသလဲ သိချင်လို့ပါ' ဟု ဆိုရပါမည်။

သမိုင်းဝတ္ထုကို မဖတ်မီကတည်းက ဇာတ်လမ်းကို အနည်း ငယ်အများ သိပြီးကြပြီ ဖြစ်ပါသည်။ ထို့ကြောင့် ဇာတ်လမ်း သိရုံ သက်သက်အတွက် ဖတ်ခြင်း မဟုတ်ကြောင်း ထင်ရှားပါသည်။ သိပြီးသော ဇာတ်ကြောင်းတစ်ခုကို ဖတ်ခြင်းမှာ ထိုဇာတ်ကြောင်း အပေါ် စာရေးဆရာက ဘယ်လိုပြောသလဲ၊ ဘယ်လို မြင်သလဲဟူသော စာရေးဆရာ၏ အပြောအမြင်ကို သိလိုသောကြောင့် ဖတ်ခြင်း ဖြစ်ကြောင်းလည်း ထင်ရှားပါသည်။

'သမိုင်းဝတ္ထု' ဟု ဆိုသောကြောင့် 'သမိုင်း' ဖြစ်သလို 'ဝတ္ထု' လည်းဖြစ်ပါသည်။ ထို့ကြောင့် 'သမိုင်း' ဖြစ်ရပ်အမှန်များ ပါသလို ဖန်တီးမှုအတတ်ပညာနှင့် ပေါင်းစပ်ထားသော ဖြစ်တန်ရာ များ သို့မဟုတ် အနုပညာဖန်တီးမှုများ ပါဝင်မည်မှာ သေချာပါ သည်။ ထိုသို့ ပါဝင်လာသောကြောင့် သမိုင်းဝတ္ထုအချို့တွင်လည်း အငြင်း ပွားဖွယ်ရာများ ဖြစ်ရပ်မှန်ကို ကျော်လွန်သည့် သို့မှုများ ရှိလာပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အချို့ဆိုလျှင် အများက သို့မဟုတ် သမိုင်းတွင် အမှန်တရား အရှိတရားဟု တညီတညွတ်တည်း လက်ခံထားပြီး ဖြစ်ထားပြီးသော ဇာတ်ကောင်၏ စရိုက်ကို ဆန့်ကျင်ဘက် အမြင်ဖြင့် တင်ပြမှုတို့ကြောင့် လက်မခံနိုင်ဖွယ်အထိ ဖြစ်လာကြရပါသည်။ သမိုင်းဝတ္ထုသည် ရသမြောက်ရုံဖြင့် မလုံလောက်ဘဲ ဖြစ်ရပ်မှန်အတွင်းကသာ ဖန်တီးသင့်သည်ဟု ထင်ပါသည်။ အဖြစ်မှန်ကို ဆန့်ကျင်တင်ပြခြင်းမျိုးကို စဉ်းစားသင့်ပါသည်။

ဤ 'နရသီဟပတေ့မင်း၊ မိဖုရားစောလုံနှင့် မိဖုရားစော' တို့၏ ဇာတ်ကြောင်းသည် ပင်ကိုယ်ကပင် ဝတ္ထုဆန်ပြီးသော ဖြစ်ရပ်တစ်ခု ဖြစ်နေလေသည်။ အချစ်၊ အလွမ်း၊ စစ် ထုံမွမ်းထားသော ဇာတ်လမ်းကောင်း ဖြစ်ပါသည်။ မင်းသားပါသည်၊ မင်းသမီးပါသည် (မင်းသမီးမှာ နှစ်လက်ဖြစ်၍ စရိုက်နှင့်အလှ မတူသောကြောင့် ဇာတ်အပြဖြင့် ဆိုလျှင် ပြိုင်ဆိုင်ပြီး စွဲမက်စရာကောင်းပြီ ဖြစ်ပါသည်။) လူကြမ်းပါသည်၊ ဇာတ်ရန်မျိုးစုံပါသည်။ ထို့ကြောင့် စရိုက်စုံ လူစုံပါသဖြင့် မြိုင်လှပါသည်။ နောက်ခံကလည်း အချစ်နှစ်ပွဲနှင့် စစ်တစ်ပွဲ ဆိုရအောင် အားဖြည့်ထားပါသေးသည်။ ဇာတ်ကွက်ကလည်း စေ့ပါသည်။ လူကြမ်းနှင့် ဇာတ်ရန်တို့၏ အကွက်များကလည်း လှပါသည်။ ဇာတ်ကောင်၏ စရိုက်ကလည်း ပီပြင်ပြီး ဖြစ်ပါသည်။ ရိုးသားသော အတ္တဆန်သော မာန်မာနကြီးသော အစားကျူးသော ကြောက်ရွံ့ရတတ်သော စရိုက်များအားလုံးပါပြီး သဏ္ဌာန်နည်းသော ပညာမဲ့သူ နရသီဟပတေ့၏ စရိုက်မှာ အထင်ရှားဆုံး ဖြစ်ပါသည်။ မင်းသမီးနှစ်လက်၏ သရုပ်ကလည်း တစ်မျိုး တစ်ဘာသာစီ ကောင်းပါသည်။ မျိုးသိပ်တတ်သော၊ မော်မြင့်တတ်သော



အေးငြိမ်းတည်ကြည်သော မိဖုရားစော၏ စရိုက်နှင့် သွက် လက်သော၊ ထက်မြက်သော၊ မာနရှိသော၊ နောက်မဆုတ်တတ်သော မိဖုရားစောလုံ၏ စရိုက်နှစ်မျိုးကို အပြိုင်တွေ့ရမည် ဖြစ်ပါသည်။

အမျက်ကို စဉ်ထားတတ်သော၊ အမျက်ကို ထုတ်ဖော်တတ်သော၊ အခွင့်အခါကို စောင့်တတ်သော သူတစ်ဦးသည် အမတ်ကြီး ရာဇသင်္ကြန်ကဲ့သို့ ဇာတ်ရန်ကလည်း ဤဇာတ်လမ်းတွင် အဓိက ဇာတ်ပို့ ဖြစ်နေလေသည်။

ထို့ကြောင့် ပင်ကိုယ်လှပြီးဖြစ်သော ဇာတ်လမ်းကို စာရေးဆရာ၏ အတတ်ပညာဖြင့် ဖွဲ့စည်းလိုက်သောအခါ အနုပညာမြောက်သော လှပသော သမိုင်းဝတ္ထု ဖြစ်လာရလေသည်။

သမိုင်းတွင် သီဟသူမင်းသားနှင့် အမတ်ကြီး ရာဇသင်္ကြန်တို့၏ 'ကွမ်းတံတွေး' မှတ်တမ်းကို အကျဉ်းမျှပြပါသည်။ တက္ကသိုလ် မြိန်တင်၏ အရေးတွင်မှု–

'နန်းရင်းဝန် ရာထူးနှင့် အမတ်ကြီးကို ညီလာခံဖိုလ်ပုံအလယ်မှာ အိမ်ရှေ့မင်းသားက ကွမ်းတံတွေးနှင့် ပက်သွားသတဲ့၊ ဘယ့်အလောက်များ ရှက်စရာကောင်းလိုက်ပါသလဲ။ မိမိ၏ သိက္ခာတော်ကို ငယ်ထိပ်မှ ခြေမျက်စိသို့ ဆွဲချလိုက်သော ဖြစ်ရပ်ပါလား'

ရာဇသင်္ကြန်အမတ်ကြီး၏ မျက်လုံးအိမ်တွင် မျက်ရည်များ ဝဲလာ၏။ သို့သော် အမတ်ကြီးသည် မျက်ရည်ပေါက်များကို လူတွေ့ခံ၊ မျက်တောင်တစ်ချက် နှစ်ချက်မျှ ပုတ်ခတ်ရင်း မျက်ရည်စကို သိမ်းလိုက်၏။ 'သေတ္တာတစ်လုံး အမြန်ဆုံး သွားယူခဲ့ကြစမ်း'

ဤအဖွဲ့သည် ရာဇမာန်ကြီးသော သူတို့၏ အနှစ်ကို ပြနိုင်သောအဖွဲ့ ဖြစ်၏။ မျက်ရည်ကို သိမ်း၍ ဒေါသကို သိုကာ

www.burmeseclassic.com

www.burmeseclassic.com



ရန်ငြိုးကို ရှည်စေသော အဖွဲ့ ဖြစ်၏။ ဤလို အဖြစ်မျိုးသည် လောက၌ အများကြီးပင် ဖြစ်သည်။ သို့သော် တချို့က ရန်ငြိုး လက်စားချေခွင့် ရလိုက်၏။ အချို့က မရလိုက်။ အမတ်ကြီး ပထမ စာရင်းတွင် ပါဝင်လာသည်။

'ကဲ အဲသည်သေတ္တာကို ဖွင့်စမ်း'

'ကြည့်ကြစမ်း၊ သည်မှာ ဘာလဲ '

'အဲသည်ဟာ သီဟသူမင်းသားက ကျုပ်ကို ကွမ်းတံတွေး နဲ့ ထွေးတာ ဘုရင်ညီလာခံမှာ သူ ကြွလာတာ မမြင်မိလို့ ကျုပ်က လမ်းမဖယ်ပေးတာနဲ့ မင်းသားက ကျုပ်ကို စော်ကားမော်ကားလုပ်ပြီး ကွမ်းတံတွေးနဲ့ ထွေးခဲ့တာ မှတ်မိကြသေးရဲ့လား'

'အဲသည်တော့'

ဤအဖွဲ့သည် တစ်ဇာတ်လုံး၏ အထွတ်အထိပ် ဖြစ်သည် နှစ်ချီကို အမျက်သိုထားနိုင်သူတစ်ဦး၏ အောင်ပွဲနှင့် ရာဇဝင်တစ် လုံး၏ အလှည့်အပြောင်း ဖြစ်သည်။ တက္ကသိုလ်စိန်တင်၏ အ သည် အပြောကောင်းသော၊ အပြလည်းကောင်းသော 'မျက်လှည့် ဆရာ' တစ်ဦး၏ အပြသနှင့် တူလှ၏။ သူပြောလိုတာ နားထောင်စေပြီး သူပြလိုတာကို ခြေဖျားထောက်ကြည့်အောင် သွားပြသွားသည်မှာ အချိတ်အဆက် မိလှ၏။

တကယ်တော့ ဤအဖြစ်အပျက်မှာ သူငယ်တန်း၊ တစ်တန်း နှစ်တန်းလောက်ကပင် သိပြီး ဖြစ်ပါလိမ့်မည်။ သို့သော် ဆိုခဲ့သည့် အတိုင်း သိပြီးသော ဇာတ်ကြောင်းကို ဘယ်လို ပြသလဲဟူသော စာရေးဆရာ၏ အပြောအပြကို ပြသလိုခြင်းသာ ဖြစ်လေသည်။

တက္ကသိုလ်စိန်တင်၏ 'ပုဂံရှာပုံတော်တွင်' 'ငြိမ်းချမ်း



ခရီးသည် ရှင်ဒိသာပါမောက်'ဟု တစ်ခန်းဖွဲ့၏။ ဆရာတော် ရှင်ဒိသာပါမောက်၏ ကြိုးပမ်းမှုကြောင့် ပုဂံနိုင်ငံတော်သို့ ကျူးကျော်လာသော မွန်ဂိုတပ်ကြီးသည် ပြန်လည် ဆုတ်ခွာသွားခဲ့သည်ဟု ဆို၏။ ရာဇဝင်အစောင်စောင်မှာလည်း ဆိုခဲ့ကြ၏။

တက္ကသိုလ်စိန်တင်၏ အရေးအသားတချို့နှင့် ပတ်သက်၍ ကျွန်တော်သည် 'ဗိုလ်တိုက်ချွန်း'၌လည်း ပြောခဲ့ဖူးသည်။ ပြောစကားများ လှိုင်လှိုင်သုံးတတ်သည်။ ခေတ်ဝတ္ထု၌ မထောင်းသာသော်လည်း သမိုင်းဝတ္ထုတွင်မူ တစ်ခါတစ်ရံ အရသာပျက်သယောင် ဖြစ်ရသည်ဟု ထင်ပါသည်။

တက္ကသိုလ်စိန်တင်၏ စာအုပ်များကို ဖတ်ရှုသော ဆရာမ တစ်ဦးနှင့် တစ်ကြိမ်တွင် ကြုံကြိုက်သဖြင့် စကားစပ်မိကြရာ သူကလည်း ထိုအမြင်မျိုး ပြောဖူးသည်။ ထို့ကြောင့် ရာဇဝင်ဝတ္ထုသည် ခေတ်အသုံးနှင့် လိုက်မလိုက် ရာဇဝင်ဝတ္ထုရေးဆရာ တစ်ဦးအဖို့ စဉ်းစားစရာဖြစ်ကောင်း ဖြစ်လိမ့်မည်ထင်သည်။

အဘယ်ကြောင့်ဆိုသော် 'ပုဂံရှာပုံတော်' အဆုံးတွင် 'အရေး' စကားပြေကြောင့် လှပသည်ဟု ထင်ပါသည်။(တစ်လုံးစ နှစ်လုံးစ 'အပြော' စကားပါနေပါသေးသည်။)

www.burmeseclassic.com

www.burmeseclassic.com



'မိဖုရားသည် ဖျိုင်းအုပ်ပျံသန်းလာသည်ကို အမှတ်မထင် ငေးကြည့်နေမိ၏။ အတောင်ပံသာရှိလျှင်ဖြင့် သည်ဖျိုင်းငှက်ကလေး တွေလိုပဲ ဝေဟင်မှာ လေဟုန်စီးလို့ အဖေ့အိမ်ကို ပြန်သွားချင်ပါ ရဲ့။ အပြင်မှာ အညာညနေ၏ လေနုအေးက သော့သော့မြန်မြန် တိုက်ခတ်နေပါ၏။'

**မောင်ကောင်းမြင့်**

## ၂၂။ ပုဂံရှာပုံတော် (၁)

**အောင်ဝေး**

(ပထမအကြိမ်၊ ၁၉၉၈ ဖေဖော်ဝါရီ၊ အားမာန်သစ်စာပေ မျက်နှာဖုံး ပန်းချီ၊ မောင်မောင်သိုက်၊ တန်ဖိုး ၂၅၀ ကျပ်)

ပုဂံရာဇဝင်ကို တုတ်ထမ်းပြောရမည်ဟု အရပ်စကား၊ လူထု စကားရှိပါသည်။ ပုဂံရာဇဝင် သို့မဟုတ် ပုဂံသမိုင်းကို သုတေသီတွေ ကလည်း ရေးခဲ့ဖူးကြပြီ။ စာပေပညာရှင်တွေကလည်း တင်ပြခဲ့ဖူး ကြပြီ။ ရသဝတ္ထုရေးသူတွေကလည်း ဖွဲ့နွဲ့ခဲ့ကြတာ ရှိပါသည်။ ဆရာ ဇန်းမော်တင်အောင်၏ 'ပုဂံရွှေပြည်'ဝတ္ထု၊ ဆရာမင်းကျော်၏ 'ပုဂံသား' ဝတ္ထုတို့သည် ထင်ရှားသည့် ပုဂံဝတ္ထုများ ဖြစ်သည်။ ယခုလက်ငင်းမှာ ပါမောက္ခ ဒေါက်တာသန်းထွန်းက ပုဂံအကြောင်း ကို ကလျာမဂ္ဂဇင်းမှာ လစဉ်ရေးနေတာကို ဖတ်နိုင်ကြပါသည်။

ယခုစာအုပ်မှာ ဆရာ တက္ကသိုလ်စိန်တင်က 'ပုဂံရှာပုံတော် (၁)' ဆိုပြီး နရသီဟပတေ့မင်း၊ မိဖုရားစောလုံနှင့် မိဖုရားစောတို့၏ ပုဂံခေတ်အကြောင်းကို ရသဟန်နှင့် ရေးဖွဲ့ထားသည့် စာအုပ်ဖြစ် သည်။ သမိုင်းနောက်ခံဝတ္ထုတော့ မဟုတ်ပါ။ သမိုင်းကို ရသဟန် နှင့် ဝတ္ထုဆန်ဆန် ရေးဖွဲ့ထားသည့် အတ္ထုပ္ပတ္တိစာပေတစ်မျိုးဟု ဆိုရပေမည်။ ဆရာတက္ကသိုလ်စိန်တင်သည် အရင်ကလည်း [illegible] မျိုးနှင့် 'အိုဘယ့်အနော်ရထာ' ဆိုသည့် စာအုပ်ကို ရေးသားခဲ့ဖူးပါ

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

'အိုဘယ့်အနော်ရထာ' စာအုပ်နှင့် ပတ်သက်၍ ထိုစဉ်ကာလ က မိုးဝေမဂ္ဂဇင်း စာပေစစ်တမ်းကဏ္ဍမှာ ဆရာဗညားသီဟ (ဒဂုန် တာရာ) က ဝေဖန်ရာမှာ–

'အရေးကြီးသည်ကား သမိုင်းကို ပြည်သူ့ဘက်မှ ပြည်သူတို့ ၏ ခံစားမှုဘက်မှ ကြည့်မြင်ကြရမည်သာ။ ဘုရင်မင်းမြတ်၏ဘက်က ရာဇဝင်ရေးမည်လော။ ကျယ်ဝန်းနက်ရှိုင်းသော သမိုင်းသုတေသန အကြင်မင်းတရားလက်ထက် ပြည်သူများ၏ ဘဝသည် ပျော်ရွှင် ချမ်းမြေ့သာယာဝပြောသော ဘဝလော။ ပြည်သူ့ဘက်မှ သမိုင်း သုတေသနလုပ်ငန်းများကား များစွာ ကျန်ရှိပေသေးသည်'ဟူ၍ ရေး သားခဲ့ဖူးပေသည်။

ယခု 'ပုဂံရှာပုံတော် (၁)' စာအုပ်မှာတော့ ဆရာ တက္ကသိုလ် စိန်တင်က ပုဂံရာဇဝင်လာ အမတ်ကြီး ရာဇသင်္ကြန်နှင့် ဥဇနာသား အိမ်ရှေ့စံ သီဟသူမင်းသားတို့၏ ကွမ်းတံတွေး တစ်ကွက် ဇာတ်လမ်း မှသည် နောက်ဆုံး နရသီဟပတေ့မင်းကြီးနှင့် သားတော် ပြည်စား မင်းသား သီဟသူတို့အကြားက အဆိပ်ဟင်းတစ်ခွက် ဇာတ်လမ်း အထိ ရေးဖွဲ့သွားပေသည်။

ဇာတ်လမ်းစဉ်ကတော့ ဆန်းဒါလှသည် မဟုတ်။ အရင်က အရပ်သားတိုင်းလိုလို ကြားဖူးနားဝ ရှိနှင့်နေသည့် ပုဂံပုံပြင်ရှည်ကြီး သာပါ။ ဆိုပါတော့၊ ရာဇသင်္ကြန်အမတ်ကြီး ဒလသို့ နယ်နှင်ဒဏ် ခံရသည့်အကြောင်း၊၊ ပုပ္ပားတောင် ပန်းပဲမောင်တင့်တယ်နှင့် ရှင်ဧ လှမောင်နှမအကြောင်း၊၊ သင်္ကြန်မှာ အမျက်ထွက်ရာက အသက်ပါ ပါသွားရသည့် မိဖုရားစောလုံအကြောင်း စသဖြင့် ပုဂံဒဏ္ဍာရီ



လွှမ်းချင်းရှည်ကြီးတစ်ပုဒ်ဟု ဆိုနိုင်ပါသည်။ ဆရာ တက္ကသိုလ် စိန်တင်၏ အရေးအဖွဲ့ကတော့ (ဇာတ်လမ်းသိပြီးသား စာဖတ် သူကိုပင်) ဆွဲခေါ်သွားနိုင်သည်။ အထိ ညင်ညင်ညက်ညက် ရှိပါ သည်။ ပုဂံသမိုင်းကို ရသဟန်ဖြင့် ပြန်လည်ရေးသားထားသည် ဆိုသော်လည်း ယခုစာအုပ်ထဲတွင် ဖြစ်ရပ်မှန် (Non-Fiction) ဟု ဆိုရမည့် သမိုင်းကို ထိုးဇာတ် (Fiction) သဘောမျိုးဆန် ဆန် ဖန်တီးထားတာလေးများတော့ ပါပါသည်။

သမိုင်းကတော့ အစစ်အမှန်သမိုင်း (ပုဂံသမိုင်း) ဖြစ်သည်။ စိတ်ကူးကတော့ စာရေးသူ (တက္ကသိုလ်စိန်တင်)၏ စိတ်ကူးသာဖြစ် သည်။ ဆရာတက္ကသိုလ်စိန်တင်က သူ့စိတ်ကူးနှင့်သူ ပုဂံသမိုင်းကို ပြန်ပြောပြသည့်သဘော။

မိဖုရားဖွားစော၏ ချစ်ခြင်းမေတ္တာနှင့် ဉာဏ်ပညာကြီးပုံတို့ကို လည်း ပီပီပြင်ပြင် ခြယ်သသွားနိုင်တာ တွေ့ရသကဲ့သို့ နရသီပတေ့ မင်းကြီး၏ ညံ့ချက်ရှော်ချက်တို့ကိုလည်း ပေါ်လွင်အောင် ရေးဖွဲ့သွား နိုင်ပေသည်။

'စာအုပ်ပြုစုသူ၏ အမှာစာ' ဆိုပြီး ရေးရာမှာ ဆရာ တက္ကသိုလ် စိန်တင်က

*'မြန်မာတို့သည် အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့ကို နည်းယူစံပြုဂုဏ်ယူနေကြသည်။ စလေငခွေးလို၊ နရသူလို၊ နရသီပ ပတေ့လို အားနည်းချို့တဲ့သော အုပ်ချုပ်သူများ၏ လက်ထက်တွင် ရှုမြင်မကောင်းအောင် ပြိုလဲကျဆုံးခဲ့သော ဖြစ်ရပ်များအတွက် သင်ခန်း စာ ယူကြရမည် မဟုတ်လား' ဟု ဖော်ပြထားပေသည်။ ဒါသည် စာရေးသူ၏ စေတနာ ဖြစ်နိုင်ပါသည်။*

www.burmeseclassic.com

www.burmeseclassic.com



ယင်းစေတနာကို စာအုပ်၏ နောက်ဆုံးအခန်း သားတော်ပြည်စား သီဟသူမင်းသားက ခမည်းတော် နရသီဟပတေ့မင်းကြီးကို အဆိပ်ကျွေး အဆုံးစီရင်သည့် ဇာတ်လမ်းမှာ တက္ကသိုလ်စိန်တင် ရေးဖွဲ့ထားပုံမှာ ယခုလို ဖြစ်သည်။

*'ခမည်းတော် ပွဲတော်တည်ပါတော့။ သည်ဟင်းကို စားမှ ဖြစ်မယ်။ သွေးထွက်သံယိုဖြစ်ပြီး နတ်ရွာမစံချင်ရင် သည်ဟင်းပွဲကို စားပြီး အေးအေးသာပဲ နတ်ရွာစံတော်မူပါ ခမည်းတော်၊ သားတော် တောင်းပန်ပရစေ' တဲ့။ (စာ–၁၉၆)*

သားဖြစ်သူက အဖဖြစ်သူအပေါ် ကောက်ချက်ချပုံကတော့ သီဟသူမင်းသားက မိဖုရားဖွားစောကို ပြောသည့် စကားထဲမှာ–

*'မိဖုရားခေါင်ကြီးကို အားနာလှပါတယ်။ မပြောမဖြစ်တော့လဲ ပြောရပါတော့မယ်။ ဒီနေရာမှာ ခမည်းတော်ဘဝ နိဂုံးချုပ်မှ ဖြစ်တော့မှာပါ။ ခမည်းတော်ဟာ သူ့အပြစ်သူ စီရင်သင့်တာ ကြာပါပြီ။ ကြည့်ပါတော့ မိဖုရားကြီး။ နိုင်ငံတော်ကို ပြည်ပရန်က ခုခံကာကွယ်မပေးနိုင်တဲ့ ပြစ်မှုအတွက် ထိုက်သင့်တဲ့ ပြစ်ဒဏ်ကို ခံယူသင့်တာ ဘယ်သူလဲ' (စာ– ၁၉၆)*

မင်းသား၏ စွဲချက်ကတော့ သမိုင်းယုတ္တိအတန်အသင့် ရှိပေသည်။ မွန်ဂိုကူဗလေခန်၏ ရန်ကို ရည်ညွှန်း၍ ပြောခြင်း ဖြစ်သည်။ 'နိုင်ငံတော်ကို ပြည်ပရန်က ခုခံကာကွယ်မပေးနိုင်တဲ့ ပြစ်မှုအတွက် ထိုက်သင့်တဲ့ ပြစ်ဒဏ်' ဟု ပြတ်ပြတ်သားသား ဖွင့်ချသည်။

ဘာပဲဖြစ်ဖြစ် ပုဂံသမိုင်းဆိုတာလည်း လူတွေ၏ သမိုင်းပဲ



ဖြစ်လေရာ ပုဂံခေတ်က လူတွေအကြောင်းကို ဆရာတက္ကသိုလ်စိန်တင်က တင်ပြထားခြင်း ဖြစ်သည်ဟု ဆိုရပါမည်။

'ပုဂံရှာပုံတော် (၁)' နှင့် ပတ်သက်၍ အနည်းငယ်ဆိုစရာ ရှိသည်မှာ သမိုင်းဆိုင်ရာ စာအုပ်တစ်အုပ်အနေဖြင့် (၁) ခုနှစ် သက္ကရာဇ်အထောက်အထား ဘာတစ်ခုမျှ မပါခြင်း၊ (ဆိုရလျှင် ဘယ်နှစ်ရာစု၊ ဘယ်အချိန်လောက်ကစသည်ဖြင့် အရေးကြီးသော ခုနှစ် သက္ကရာဇ်တို့ကိုတော့ ဖော်ပြသင့်တာမျိုး)နှင့် (၂) စာရေးသူက မည်သည့်စာအုပ်များကို ကိုးကားညွှန်းပြုရေးသားပါသည်ဟု ဖော်ပြမထားခြင်း၊ (ဒါလည်း အချက်အလက် အခြေခံကျောရိုးရယူသည့် ရာဇဝင်ကျမ်း၊ သမိုင်းစာအုပ်အချို့ကို သုတေသနသဘော ဖော်ပြသင့်သည်)

**အောင်ဝေး**

**ရွက်နုဝေမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

## ၂၃။ စင်တင်စာအုပ်များ

**လင်းယုန်မောင်မောင်**

| | |
|---|---|
| စာအုပ်အမည် | = ပုဂံရှာပုံတော် (၁) |
| ရေးသူ | = တက္ကသိုလ်စိန်တင် |
| ထုတ်ဝေသူ | = အားမာန်သစ်စာပေ |
| စာမျက်နှာ | = ၁၉၉ (ကရောင်း ၁၀ ချိုး) |
| မျက်နှာဖုံး | = မောင်မောင်သိုက် |

**ဆေးရောင်စုံမြင်ကွင်းကျယ် ရုပ်ရှင်ကားကြီး**

မှတ်မှတ်ရရ ဩဂုတ်လ ၁၇ ရက်နေ့က တက္ကသိုလ်စိန်တင်ထံမှ စာအုပ်တစ်အုပ် (ပုဂံရှာပုံတော် ၁) လက်ဆောင်ရသည်။ သူ့ထံမှ စာအုပ်မေတ္တာလက်ဆောင် မရသည်မှာ နှစ်ပရိစ္ဆေဒ ကြာခဲ့ပြီမို့ အမှတ်တရပေးလိုက်သော ထိုစာအုပ်ကလေးအတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိသည်။ ရေးဖော်ရေးဘက် အချင်းချင်း တက္ကသိုလ်စိန်တင်နှင့် ခင်မင်ရင်းနှီးခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီဖြစ်သည်။ ဒီအတွင်း လွန်ခဲ့သော ၁၀ နှစ်ကျော် ၁၅ နှစ်ခန့်က သူ့ထံမှ မေတ္တာလက်ဆောင်စာအုပ် အတော်များများ ရခဲ့ဖူး၍ ကျွန်တော့် စာအုပ်စင်တွင် ယနေ့တိုင် တွေ့နိုင်သေးသည်။ 'ဖက်ဆစ်တော်လှန်ရေးသမိုင်း၊ ရဲဘော်သုံးကျိပ်မော်ကွန်း၊ အောင်ဆန်းသူရိယ



တိုက်ချွန်း၊ မုန်တိုင်းဗိုလ်ရဲဒင်' စသည် စသည်ဖြင့်။

ဒီဘက်ပိုင်းတွင် သူနှင့် လူချင်း အဆက်အသွယ်ပြတ်သလိုဖြစ်သွားခဲ့သော်လည်း သူ့စာအုပ်များက အဆက်မပြတ် ထွက်နေသည်ကို သိရသည်၊ ကြားရသည်။ သူ့စာအုပ်ကြော်ငြာများကို သတင်းစာများတွင် ရံဖန်ရံခါ တွေ့ရသည်။ လူချင်း အလှမ်းဝေးသလို ဖြစ်သွားသော်လည်း တက္ကသိုလ်စိန်တင်တစ်ယောက် စာရေးမပျက် စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ထွက်နေသည်ကို တွေ့ရ၊ သိရ၊ ကြားရသဖြင့် စာရေးသူအချင်းချင်း မုဒိတာပွားမိသည်။ ဒီကြားထဲက လွတ်လပ်ရေးကြိုးပမ်းမှုများ၊နိုင်ငံရေးသမိုင်းနောက်ခံ ဖြစ်ရပ်များနှင့် အတ္ထုပ္ပတ္တိစာအုပ်များကိုသာ ရေးသားနေသော တက္ကသိုလ်စိန်တင်သည် 'ကန့်ကော်မြိုင်တန်း လွမ်းပန်းဝေဝေ၊ သီဂီဆောင် အခန်းအမှတ်၃၊ မိန်းမချောကလေးများမချစ်ရ' ဟူသော အမည်များဖြင့် စာအုပ်များ ရေးလာသည်ကို တွေ့ရသဖြင့် ထူးဆန်းသလိုလို ဖြစ်မိသည်။ ထိုစာအုပ်များသည် ဝတ္ထုတွေလား ဘာလား ဆိုတာကိုတော့ ဖတ်ရသဖြင့် မသိလိုက်ရ။ ဒါပေမယ့် ကျွန်တော်ကိုယ် ကျွန်တော် ပြန်ကြည့်တော့လည်း 'ဒိုင်ယာနာဖြစ်ရပ်မှန် ဇာတ်လမ်း၊ လွမ်းမောဖွယ်ရာ ဒိုင်ယာနာ၊ ဂျက်ကီ (ဂျက်ကလင်းကနေဒီ)' စသည့် စာအုပ်များ ရေးနေရသဖြင့် ကိုယ်ချင်းစာမိသည်။

တက္ကသိုလ်စိန်တင်ကို ကျွန်တော် စောင့်ကြည့်မိသလောက် သူသည် ခေတ်ကို မျက်ခြေပြတ်မခံဘဲ ခေတ်ကြီးနှင့် အမီလိုက်နေသည့် ခေတ်မီစာရေးဆရာတစ်ယောက်အဖြစ် မြင်မိသည်။ 'ကျွန်တော်တို့အမေ' 'ပခုက္ကူဦးအုံးဖေ' စသည့် စာအုပ်များကိုကြည့်၍ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် ဒီလို မြင်ခဲ့ခြင်း ဖြစ်သည်။

ဒီဘက်ပိုင်းတွင် ၃၃ လမ်းသို့ဖြတ်သွား ဖြတ်လာလုပ်ရင်းက တက္ကသိုလ်စိန်တင်ကို ဂုဏ်ထူးစာအုပ်ဆိုင်တွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်လျက်သား မကြာခဏ တွေ့ရသည်။ တွေ့သည့်အခါတိုင်း ကျွန်တော့်အား ဖက်လှဲတကင်း ဆီးကြိုနှုတ်ဆက်၍ လက်ဖက်ရည် တိုက်လေ့ရှိသည်။ ထိုစဉ်က တက္ကသိုလ်စိန်တင်သည် စာအုပ်တွေ တန်းစီရေးရန် စဉ်းစားနေဟန်ဖြင့် တည်ငြိမ်အေးဆေးလှသည်ကို သတိပြုမိသည်။

သို့သော် လွန်ခဲ့သော တစ်နှစ်၊ နှစ်နှစ်ခန့်မှစ၍ သူ့အမူအယာမှာ ယခင်ကထက်ပို၍ သွက်လက်လှုပ်ရှားလာသည်ကို တွေ့ရသည်။ ဒီအတောအတွင်း အိုးဝေ ဦးညိုမြကွယ်လွန်သည့် ၁၀နှစ်မြောက် အခမ်းအနားကျင်းပရာ ကိုပညာ (အမရပူရ) ၏ တောင်လေးလုံးကျောင်းတိုက်သို့ သူတို့ဇနီးမောင်နှံနှင့်အတူ ခရီးသွားခဲ့ရသေးသည်။

ဒီနောက် သူ့စာအုပ်အဟောင်းတွေ တစ်အုပ်ပြီးတစ်အုပ် ပြန်လည် ပုံနှိပ်ထုတ်ဝေလာသည်ကို တွေ့ရသည်။ 'ဟစ်တလာ၏ သစ္စာဇကေရီ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ပိသုကာဦးသန့်၊ ဇကေရီစုဖုရား' မကြာမီ စာအုပ်အသစ်တစ်အုပ် ထွက်လာပြန်သည်။ 'ပုဂံရှာပုံတော် (၁)'

တစ်နှစ်လုံးနေလို့မှ စာအုပ်အသစ်တစ်အုပ် မထွက်နိုင်ဘဲ ငုတ်တုတ်ထိုင်နေရသော ကျွန်တော်သည် စာအုပ်အဟောင်းများနှင့် အသစ်ပါထွက်လာသော တက္ကသိုလ်စိန်တင်၏ သွက်လက်လှုပ်ရှားကြိုးစား တက်ကြွနေသော သူ့ရုပ်ပုံလွှာကို ကြည့်ကာ မုဒိတာပွား၍ အားကျနေမိသည်။



(၂)

'ဒီစာအုပ်ဖတ်ပြီး ဥက္ကဋ္ဌကြီးရဲ့ ထင်မြင်ချက်ကလေး ရေးပေးစေချင်ပါတယ်၊ ဒေါက်တာမောင်မောင်ညိုတို့၊ ချစ်ဦးညိုတို့ဆီကိုလည်း ထင်မြင်ချက်တွေ တောင်းထားပါတယ်။ မောင်မောင်ညိုကဆိုရင် အားရပါးရ ခုနစ်မျက်နှာတောင် ရေးပေးထားပါတယ်' တက္ကသိုလ်စိန်တင်က 'ပုဂံ အလှရှာပုံတော် (၁) ကို လက်ဆောင်ပေးရင်း ကျွန်တော့်ထံမှ စာမူ တောင်းခဲ့သည်။'ကိုစိန်တင်တော့ လူပေါင်းများပြီ'ဟု ကျွန်တော်က တွေးလိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် သမိုင်းက ပြောသော ပုဂံကို စိတ်ဝင်စားမှု ရှိခဲ့သော်လည်း ပုဂံကပြောသော သမိုင်းကိုမူ စိတ်ဝင်စားမှု မရှိသောကြောင့် ဖြစ်သည်။ အထက်တန်းကျောင်းသားဘဝ နှစ်ချီကြာခဲ့ပြီဖြစ်သဖြင့် အေးအေးဆေးဆေး အလေးအနက်ထား၍ ဖတ်ရှုခဲ့ရသည်။ ပြီးတော့ သူက 'သမိုင်းဖြစ်ရပ်များကို ဝတ္ထုဟန်ဖြင့်' ရေးသားထားသည်ဟုဆိုခြင်းကြောင့် အရေးအသားကို အလေးထား၍ ဂရုပြုဖတ်ရှုခဲ့သည်။

(၃)

ဤတွင် ဝတ္ထုရေးဆရာတို့၏ အစဉ်အလာအတိုင်း ဖန်တီးချက် (Creation)များကို တွေ့ရသည်။ ဝတ္ထုစလျှင် စချင်း ဥဇနာမင်းတရား၏ ညီလာခံတွင် သီဟသူမင်းက ရာဇသင်္ကြန်အမတ်ကြီးအ

www.burmeseclassic.com



ဝတ်ရုံလွှာ အင်္ကျီလက်တွင် ကွမ်းတံတွေးဖြင့် ထွေးခဲ့သည့်အခန်းမှာ စာရေးသူ၏ စိတ်ကူးယဉ် ဖန်တီးချက်ဖြင့် အခန်းဖွင့်ထားသည်ကို တွေ့ရသည်။ စာရေးသူ တက္ကသိုလ်စိန်တင်သည် ဤမဖွယ်မရာ အသေးအဖွဲ ဖြစ်ရပ်ကလေးကို ပြည်တည်ကာ ပုဂံသမိုင်းဖြစ်ရပ်များကို သူ၏ အတတ်ပညာဖြင့် စာဖတ်သူကို ခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် ပုဂံပုပ္ပားတောင်အနီးမှ ဆိတ်ထိန်းကမ်းဖြူရွာသူကလေး ဖွားစောအား မြွေငန်းကြီးတစ်ကောင်က ရစ်ပတ်အုပ်မိုးထားသည့် ပုံပြင်ဆန်ဆန် ဖြစ်ရပ်ကိုလည်း အမှန်တကယ် ထင်မှတ်အောင် ဖန်တီးနိုင်ခဲ့သည်။ တောင်တော်မောင်နှမ ပူဇော်ပွဲတွင် ကျားရဲ နှစ်ကောင် ဝင်ရောက်သောင်းကျန်းသည့် ဖြစ်ရပ်မှာလည်း ဒဏ္ဍာရီဆန်သော်လည်း ဝတ္ထုပုံစံ၊ ဝတ္ထုဟန်ဖြင့် ဖန်တီးထားသော အရေးအသားကြောင့် အသည်းယားစရာ ကောင်းလှသည်။

တစ်ဖန် ကမ်းဖြူရွာသူ လှပျိုဖြူကလေး ဖွားစော၏ မြတ်လေးပန်းပင်မှ ပုန်းညက်၊ စကားနှင့် ခရေပန်းပွင့်များ တစ်ပြိုင်တည်း စုပြုံပွင့်ခဲ့ကြသော ပန်းသုံးမျိုးမှာလည်း သမိုင်းသုတေသီများ၏ သုတေသနပြုချက်များအရ တက္ကသိုလ်စိန်တင် အကွက်ကျကျ ရေးဖွဲ့ပြခဲ့သည်မှာ သက်ဝင်လှုပ်ရှား၍ အမှန်တကယ်ဟု၍ပင် ခံစားရသည်။

ဤနေရာတွင် မိဖုရားစောလုံအတွက် ကြမ္မာငင်ခဲ့သော သင်္ကြန်ရေသဘင်ပွဲကို ဆင်နွဲရာ၌ သီးသန့်စံနန်းတော်နှင့် မဏ္ဍပ်ကြီးများအပြင် စောင်းတန်းကြီး သုံးသွယ်နှင့် ရေကန်ကြီး ဆောက်လုပ်ထားပုံများမှာ အသေးစိတ် ကျလွန်းလှသဖြင့် အဆိုပါ နရသီဟပတေ့၏ ရေသဘင်ပွဲအတွက် ဇာတ်ခုံများ၊ မဏ္ဍပ်များ ဆောက်လုပ်



ခဲ့ရာ၌ ထိုစဉ်က သင်္ကြန်မဏ္ဍပ် ဆောက်လုပ်ရေး ကော်မတီတွင် တက္ကသိုလ်စိန်တင်ကိုယ်တိုင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့လေသလားဟု ထင်ယောင်ထင်မှား ဖြစ်ရလောက်အောင် တိကျသေချာ စေ့စပ်လှသည်။

သို့သော် ပုဂံရာပုံတော်တွင် တက္ကသိုလ်စိန်တင်၏ အရေးအသားကို အသေးစိတ် ဖတ်ရှုလေ့လာခဲ့ရာ၌ ထူးခြားချက်မှာ 'ကြည့်' ဆိုသောစကားလုံးကို ဖောခြင်း သောခြင်း သုံးထားသည်ကို တွေ့ရခြင်းပင် ဖြစ်သည်။ ပို၍ တိကျသေချာစေရန် တက္ကသိုလ်စိန်တင်၏ပုဂံရာပုံတော် စာအုပ်တွင် 'ကြည့်' ဆိုသော စကားများကို ဘုန်းဘောလအော အောက်ပါအတိုင်း တွေ့ရသည်။

(၁) **ယခုပင်ကြည့်** သီဟသူမင်းသားနှင့် ရာဇသင်္ကြန်အမတ်ကြီးတို့ ပဋိပက္ခအကြောင်းကို (စာမျက်နှာ ၁၆)

(၂) **စဉ်းစားကြည့်ပါတော့** ရှင်ဘုရင်သားဆိုပြီး မှူးမတ်တွေအပေါ် သည့်နှယ်စော်ကားလို့ ဖြစ်သတဲ့လား (စာမျက်နှာ ၁၈)

(၃) **ကြည့်ပါတော့** မိုးအကုန် ဆောင်းအကူး မြောက်လေမြူးသည့် အညာဒေသ၏ ရာသီဥတုက ချစ်စရာ (စာမျက်နှာ ၂၇)

(၄) **ကြည့်ပါတော့** ပုပ္ပားတောင်ကြီး တစ်ခုလုံး မီးဟုန်းဟုန်းတောက်နေသည့် ပုံမှာ မမြင်ရက်စရာ (စာမျက်နှာ ၃၆)

(၅) **ခုလည်းကြည့်ပါတော့** ဘုရင်မင်းတရား ကျားစာဖြစ်မည့် ဘေးမှ သီသီကလေး လွတ်ခဲ့သည်မို့ (စာမျက်နှာ ၅၂)

(၆) **ခုလည်းကြည့်ပါဦး** ဒလဘက်မှ ဆင်ဖြူတော်ပေါ်ပြီဆိုသည်နှင့် စိတ်ကူးအယဉ်ကြီး ယဉ်ပြီး (စာမျက်နှာ ၅၂)

www.burmeseclassic.com

www.burmeseclassic.com



(၇) **ကြည့်လေ** မိဖုရားလည်း ကျမ်းတတ်ပေတတ် ပညာရှင်တစ်ဦးပေမို့ (စာမျက်နှာ ၇၁)

(၈) **ကြည့်လေ** ခမည်းတော် ဥဇနာမင်းတရားလက်ထက်က ကျန်ခဲ့သော နန်းတွင်းရှိ မှူးကြီးမတ်ကြီးတွေ (စာမျက်နှာ ၈၄)

(၉) **ကြည့်တော့** မင်းတရား ဒီနေ့ ညီလာခံအပြီးမှာ စက်ရာဆောင်သို့ဝင်ပြီး မေးစက်လေ့ရှိသည်။ စာမျက်နှာ (၉၀)

(၁၀) **ကြည့်လေ** သိလို့ပဲ ရာဇသကြ်န်အမတ်ကြီးကို နေပြည်တော်ပြန်ခေါ်မှာ (စာမျက်နှာ ၁၁၆–၁၁၇)

(၁၁) **ကြည့်ပါ** စောလုံ၏ အပြစ်လား၊ သာမန်ပြစ်မှုမဟုတ်ရှင်ဘုရင်ကို အသေကြံမှာ မဟုတ်လား။ (စာမျက်နှာ ၁၃၅)

(၁၂) **ကြည့်လေ** မင်းတရားသည် စက်ရာဆောင်မှ ညဉ့်တိုင်းလိုလို နိုးတစ်ဝက် အိပ်မက်များ မက်လို့။ (စာမျက်နှာ ၁၃၆)

(၁၃) **ခုလည်းကြည့်** စိတ်ကနွမ်းနယ်၊ လူက ပင်ပန်းနှင့်စက်ရာခန်းမှာ အနားယူမယ်ကြံသေး။ (စာမျက်နှာ ၁၅၆)

(၁၄) **ကြည့်လေ** အမတ်ကြီးသည် သူ မကွယ်လွန်မီ နံနက်က ဘုရင်မင်းရှေ့တော်မှာ ပြစ်မှားခဲ့သည်။ (စာမျက်နှာ ၁၆၀)

(၁၅) **ကြည့်လေ** ပုဂံဆင်တပ်ကြီးက ဖရိုဖရဲ အလဲလဲအကွဲကွဲ ပြေးပြီဆိုတော့ (စာမျက်နှာ )

(၁၆) **ကြည့်ပါဦး** နရသီဟပတေ့မင်းတရား မိန့်ကြားကြေညာလိုက်သည်က (စာမျက်နှာ ၁၆၈)

(၁၇) **ခုလည်းကြည့်လေ** တစ်ချိန်က ပုဂံနိုင်ငံတော်၏ သက်ဦးဆံပိုင် ပဒေသရာဇ်ဘုရင်မင်းတရားမှာ (စာမျက်နှာ ၁၇၁)

တက္ကသိုလ်စိန်တင်၏ 'ကြည့်' ဆိုသော စကားလုံးများ



ဘုံးသောလအော သုံးထားသည်ကို တွေ့ရသောအခါ တစ်ခါက ဗန်းမော်တင်အောင်၏ ဝတ္ထုတစ်ပုဒ်တွင် 'ဘဲ' ဘယ်နှစ်လုံးပါသည်ကို ရေတွက်ကြည့်ခဲ့ရသည်နှင့် နှိုင်းယှဉ်ခံစားမိသည်။ ဒီစာအုပ်တွင်မှ 'ကြည့် ကြည့် ကြည့်' ဆိုပြီး ကြည့်တွေ အရမ်းသုံးထားသည်ကို တွေ့ရသဖြင့် တက္ကသိုလ်စိန်တင်သည် ပုဂံရာပုံတော်ကို မော်ဒန်ရေးနည်းဖြင့် ရေးထားလေမလားဟု စဉ်းစားမိသည်။ ဘာပဲဖြစ်ဖြစ် ပုဂံရာပုံတော်တွင် တက္ကသိုလ်စိန်တင်၏ အရေးအသားမှာ စကားပြောနှင့် စကားပြေ နှစ်ထွေရောရေ၍ ရေးသားထားသော မော်ဒန်ဝတ္ထုတစ်ပုဒ်ကို ဖတ်ရသလို သွက်လက်လှသည်။ အထူးသဖြင့် ကျွန်တော်တို့နားစွန်နားဖျား ကြားဖူးနားဝရှိနေကြသော မိဖုရားစောလုံ မီးဖိုကျင်းထိုးသတ်သည့် ဖြစ်ရပ်၊ မွန်ဂိုစစ်သည်တော်များနှင့် ပုဂံတပ်သားများ၏ ငဆောင်ချမ်းတိုက်ပွဲ၊ ဥဇနာမင်း ဆင်ထိ၍ နတ်ရွာစံတော်မူရသည့်အဖြစ်အပျက်များကို မြင်ကွင်းကျယ် ပိတ်ကားကြီးပေါ်တွင် ဆေးရောင်စုံပိတ်ကားကြီးပေါ်တွင် ရုပ်ရှင်ကားကြီးတစ်ကားကို ကြည့်ရသလို ခံစားမိသည်။

အလားတူပင် ဥဇနာမင်း၊ နရသီဟပတေ့နှင့် သီဟသူ စသည့် ပုဂံမင်းများအကြားတွင် ဖျာများခဲ့ရသော မိဖုရားစော၏ လွမ်းမောဖွယ်ရာ ဖြစ်ရပ်များကိုလည်း နောက်ပိုင်း ဇာတ်ထုပ်ကြီးလို ကြီးကျယ် ခမ်းနားခြင်း မရှိသော်လည်း ဇာတ်လမ်းအချိတ်အဆက်နှင့် ဇာတ်ကွက် အကူးအပြောင်းများဖြင့် သွက်လက်လှုပ်ရှားနေသည့် ရှေ့ပိုင်း ပြဇာတ်ကောင်းတစ်ပုဒ်ကို ကြည့်ရသလို ရင်တထိတ်ထိတ်၊ စိတ်တစ်ထင့်ထင့် ခံစားရသည်အထိ တက္ကသိုလ်စိန်တင်၏ အရေးအသားက ဖျတ်လတ်တက်ကြွလှသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

ပုဂံရာပုံတော်စာအုပ်နှင့် ပတ်သက်၍ မေ့လျော့ချန်လှပ်ထား၍ မဖြစ်သည့် အချက်တစ်ချက်ဖြစ်သည့် ၎င်းမှာ စာအုပ်မျက်နှာဖုံးမှအစ အတွင်းစာတ်ပုံများနှင့် စက္ကူအကောင်းစားနှင့် သေသပ်စွာ ပုံနှိပ်ထုတ်ဝေလိုက်သော အားမာန်သစ် စာပေ၏ ကြိုးပမ်းမှုကို ကျေးဇူးတင် မှတ်တမ်းပြုရန်ပင် ဖြစ်သည်။ ကျွန်တော် သတိပြုမိသလောက် အားမာန်သစ်စာပေ၏ စာအုပ်ထုတ်ဝေရေး သက်တမ်းတစ်လျှောက်တွင် ယခု တက္ကသိုလ်စိန်တင်၏ ပုဂံရာပုံတော်စာအုပ်လောက် သပ်ရပ်လှပ၍ သေသပ်ခန့်ညားသည့် စာအုပ်များ ယခင်က ထုတ်ဝေခဲ့ဖူးခြင်း မရှိဟူ၍ပင် ထင်မိသည်။ (ကမ္ဘာငြိမ်းချမ်းရေး ပီသုကာ ဦးသန့်အတ္ထုပ္ပတ္တိ၊ တက္ကသိုလ်စိန်တင်၏ လက်ရာပင်ဖြစ်သည်) စာအုပ်မှာ နိုင်ငံတကာအဆင့်မီ စာအုပ်တစ်အုပ်ပင် ဖြစ်သည်)

သို့ဖြစ်၍လည်း စာမျက်နှာ ၁၉၉ မျှသာရှိ၍ တန်ဖိုး ၂၅၀ ကျပ်ဖြင့် 'ပုဂံရာပုံတော်' စာအုပ် ဈေးကွက်တွင် ပြတ်ထွက်သွားသည်မှာ စာအုပ်ထုတ်လုပ်မှု ကောင်းမွန်ခြင်းကြောင့်ဟူ၍ ကျွန်တော် တစ်ထစ်ချ ဆိုလိုက်ချင်သည်။

(စာကြွင်း။ ။ ကဲ ကိုစိန်တင်ရေ့ ပုဂံရာပုံတော်စာအုပ်ကို ဉက္ကဋ္ဌကြီး ကြိုက်သလို မြင်သလို ရေးလိုက်စမ်းပါဆိုလို့ လက်ကျန်နှိုက်ပြီး စိတ်ကြိုက်ရေးလိုက်ပါတယ်။ တက္ကသိုလ်စိန်တင်ဆိုတဲ့ စာရေးဆရာဟာ တော်ကြောင်း၊ ကောင်းကြောင်း၊ အရမ်းတော်ကြောင်း၊ အရမ်းကောင်းကြောင်း ကျီးနှင့် ဘုတ်ကို အပြန်အလှန် မြှောက်ပင့်



ရေးလိုက်တာ မဟုတ်လို့ ခင်ဗျားရော၊ ကျွန်တော်ပါ သိက္ခာရှိမယ့် အရေးအသားလို့ အလေးအနက် ယုံကြည်ပါတယ်။ လွန်တာရှိလည်း ဝန္ဒာမိပေါ့ဗျာ။ မှန်တာရှိလည်း ခံပါဘိပေါ့။ ပုဂံရာပုံတော် (၂) ကိုလည်း ကြိုးစားရေးပါဦး)

လင်းယုန်မောင်မောင်

www.burmeseclassic.com

www.burmeseclassic.com

## ၂၄။ ပုဂံရှာပုံတော်အညွှန်း

### သုတေသီတစ်ဦး

၁၉၅၉ ခုနှစ် ဧပြီလ ၄ ရက်နေ့မှ ၁၀ ရက်နေ့ထိ ပုဂံဗိုလ်တဲ၌ သုတေသီပုဂ္ဂိုလ်များ စုဝေး၍ ပုဂံရက်သတ္တပတ်ပွဲကို ပြုလုပ်ခဲ့ပါသည်။ ရှေးဟောင်း သုတေသန (ကျောက်စာ) ဌာနက ဆောင်ရွက်လုပ်ကိုင်ခြင်းဖြစ်၍ ညွှန်ကြားရေးဝန် ဆရာကြီး ဦးဖိုးလတ်က ဦးဆောင်ဦးရွက်ပြုပါသည်။

ထိုပွဲတွင် ကျွန်တော်သည် အတွင်းရေးမှူးလည်းဖြစ်၍ အခမ်းအနားမှူးလည်း ဖြစ်ပါသည်။ နံနက်တစ်ချိန် ညနေ တစ်ချိန် လေ့လာရေး ခရီးထွက်ပါသည်။ ညစာစားပြီးလျှင် စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲကို ပြုလုပ်သည်။ ဦးဖိုးလတ်၊ ဦးအောင်သော်၊ ဦးချစ်သိန်း၊ ဦးစိန်မောင်ဦး၊ ဦးဗိုကေနှင့် ကျောက်စာဝန်ဟောင်း ဘကြီးမြတို့က စာတမ်းဖတ်ကြသည်။ ဘကြီးမြ၊ ဦးစိန်မောင်ဦးနှင့် ဦးချစ်သိန်းတို့၏ စာတမ်းကို ကျွန်တော်က ဖတ်ရသည်။

စာရေးဆရာ၊ သတင်းစာဆရာ၊ ကျောင်းဆရာ၊ ဆရာမ သမိုင်းဘာသာသင်ယူနေသူ ကျောင်းသားများအားလုံး ၆၀ ကျော် တက်ရောက်ကြသည်။ ပညာရေးဌာန အထူးအရာရှိကြီး ဦးသံဗျင်၊ ဆရာ ဦးသိန်းဖေမြင့်၊ သာသနာရေးဌာနမှ ဦးစောထွန်းမှတ်ဝင်း၊ စီးပွားရေး သတင်းစာ အယ်ဒီတာ ဦးမြင့်ဦး၊ ဓာတ်ပုံဆရာ ကိုတင်ဦး၊ ရန်ကုန်၌ နိုင်ငံခြား စာအုပ်များကို ကိုယ်စားလှယ်ယူ၍ စာအုပ်



ဆိုင် ဖွင့်နေသူ ဗြိတိသျှလူမျိုး မစ္စတာဘွန်းတို့ တက်ရောက်လာကြသည်။

ရက်သတ္တပတ်အတွင်း ဘုရားပေါင်း ၁၂၀ ကျော်ကို ရှေးဟောင်း သုတေသနအရာရှိများက လိုက်လံပြသကြပါသည်။ ပုဂံကို လူအများ စိတ်ဝင်စားလာအောင် ပြုလုပ်ခြင်း ဖြစ်သည်။ သို့ရာတွင် သိပ်မအောင်မြင်ပါ။ ထိုစဉ်က နိုင်ငံရေး မတည်ငြိမ်သဖြင့် လူတွေ အသွားအလာနည်းသည်။ ၁၉၅၉ ခုနှစ် ဒီဇင်ဘာလတွင် လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို အိမ်စောင့်အစိုးရက ကြီးမှူးကျင်းပပေးသည်။ ပထစ အဖွဲ့နိုင်သည်။ ၁၉၆၀ ခုနှစ် ဇန္နဝါရီလတွင် ဦးနု အစိုးရ တက်လာသည်။

သို့ရာတွင် စည်းလုံးညီညွတ်မှု မရှိ၊ ဦး၊ ဗိုလ်၊ သခင်ကွဲကြပြန်သည်။ သို့နှင့် ၁၉၆၂ ခု၊ မတ်လ (၂) ရက်နေ့ တော်လှန်ရေးကောင်စီတက်လာသည်။

ကျွန်တော်သည် ပုဂံက ပြန်လာပြီးနောက် ၁၉၅၉ ခုနှစ် စာဆိုတော်နေ့တွင် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းအတွက် 'မြဝတီ'အသံလွှင့် ဇာတ်လမ်းကို ရေး၍ ထုတ်လွှင့်ခဲ့သည်။ ဆရာ ရန်နိုင်စိန်တို့ အစိုးရပြဇာတ်ဌာနခွဲအတွက် ဝေဠုဝတီ ပြဇာတ် ဇာတ်ညွှန်းကို ရေးပေးခဲ့သည်။

ကျွန်တော်တို့ထက်စော၍ ပုဂံကို စိတ်ဝင်စားသူမှာ သတင်းစာဆရာ ဦးသိမ်းမောင်ဖြစ်သည်။ စစ်ကြိုခေတ် ရဲမြန်မာစာစဉ်မှ မြန်မာ့သူရဲကောင်းများ အတ္ထုပ္ပတ္တိစာအုပ်ကို ထုတ်ဝေခဲ့ရာတွင် ပန်းတော်ဦး၊ ရဲမြန်မာဝတ္ထုဖြင့် အရည်းကြီးတော်လှန်ရေး စာပေကို ရေးခဲ့သည်။ ရာဇသင်္ကြန်အမတ်ကြီး၏ အတ္ထုပ္ပတ္တိဖြင့် ပုဂံခေတ်

www.burmeseclassic.com

www.burmeseclassic.com



၏ နေဝင်ချိန်ကို ဖော်ပြခဲ့သည်။ နိုင်ငံခြားသား တစ်ဦးကလည်း (Lacquer Lady) စာအုပ်ဖြင့် မိဖုရားစော၏ ဝတ္ထုကို ရေးထားသည်။ ပုဂံတွင် ဇာတ်လမ်းပေါင်း အများကြီး ရှိပါသည်။ ဆရာတက္ကသိုလ်စိန်တင် ပုဂံရာပုံတော်ကို ရေးလျှင် ကုန်နိုင်မည် မထင်ပါ။ ဦးညိုမြ ရေးသည့် 'ကုန်းဘောင်ရာပုံတော်' စာအုပ်ကြီးမှာပင် နိုင်ငံခြားသားတွေ ဝင်လာရှုတ်သည့် ဘကြီးတော် စကိုင်းမင်းလက်ထက်မှ သီပေါမင်း လက်ထက်သာ ပါရှိပါသည်။

BURMESE CLASSIC

ဆရာဇော်ဂျီသည် မဆလခေတ်ကို ငြီးငွေ့ဟန်တူသည်။ ပုဂံကိုသွား၍ ပုဂံဘုရားတွေကို ဖူးကာ ပုဂံကဗျာများကို ရေးသည်။ သူ့ကဗျာများသည် ရာဇဝင်ကြီးကို ပြန်ရွတ်ပြနေခြင်း မဟုတ်။ ပုဂံ ပြည်သူများ၏ လူ့သဘာဝ (Humanism) ကို ပြောနေခြင်း ဖြစ်သည်။ ထိုကဗျာများတွင် ဇာတ်လမ်းတွေ အများကြီး ပါဝင်ပါသည်။

ဆရာ တက္ကသိုလ်စိန်တင်က နရသီဟပတေ့ခေါ် မင်းခွေးချေးအကြောင်းကို ဝတ္ထုဟန် ဖွဲ့ထားသည်မှာ ဖတ်ပျော်ပါ၏။ သိလွယ်ပါ၏။ လူငယ်တွေဆီ ရောက်မရောက်ကိုတော့ မသိနိုင်ပါ။ ပိဋကတ်တော်ကို စွယ်စုံကျွမ်းကျင်၍ ငါးပါးသီလကို စောင့်ထိန်းကြရန် တစ်နိုင်ငံလုံး အမိန့်တော် ပြန်တမ်းများထုတ်၍ ကျောက်စာရေးထိုးခဲ့သူ ကျစွာမင်းကြီး၏ သားဥဇနာသည် အဘယ့်ကြောင့် ဤမျှ ညံ့ဖျင်းရသနည်း။ နရသီဟပတေ့မှာမူ ဘီလူးက မင်းဖြစ်လာသည်ဆို၍ ရှိပါစေတော့။

မြတ်စွာဘုရား၏ ဗျာဒိတ်ရ ဘီလူးမင်းသုံးပါးသည် ပုဂံပြည်



သူတွေကို ဒုက္ခပေးသွားကြသည်သာ ဖြစ်သည်။ အကျိုးကျေးဇူးဖြစ်အောင် လုပ်ဆောင်မသွားချေ။ သူတို့သည် အကုသိုလ်ဒြဲသာ မွေ့လျော်သည်။ သေလွန်ပြီးနောက် အပါယ်လေးပါးက တံခါးဖွင့်ထားပေလိမ့်မည်။ တကယ်တော်သော မင်းများလည်း ပုဂံခေတ်တွင် ရှိပါသည်။ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးကို ဆည်ပိုးသွားကြသည်။ ဆရာ တက္ကသိုလ်စိန်တင်ပင်ရေးသည့် 'အိုဘယ့်အနော်ရထာ' ဖြစ်ပါသည်။ ကျန်စစ်သားအကြောင်းကို ဝတ္ထုရှည်ကြီး ဖွဲ့နိုင်ပါသည်။ ကျန်စစ်သားသည် တော်လှန်ရေးသမားလည်းဖြစ်၍ ငြိမ်းချမ်းရေးသမားလည်း ဖြစ်သည်။

ပုဂံရာပုံတော် (၁) တွင်မူ ဘီလူးမင်း တတိယဆက် နရသီဟပတေ့၏ အကြောင်းကိုသာ ပြောထားသည်ဖြစ်ခြင်းကြောင့် ကျွန်တော် ရေးခဲ့ဖူးသည့် ကဗျာကလေး (၁) ပုဒ်နှင့်ပင် ဖြည့်စွက်ထောက်ခံပေးလိုက်ပါသည်။

**ဘီလူးမင်းသုံးဆက်**

* သူငယ်ချင်း
သုံးလူ့ထွတ်တင်၊ ဘုရားရှင်သည်
မြော်မြင်အတိတ်၊ တန့်ကြည်ထိပ်မှ
ဗျာဒိတ်စကား၊ မြွက်ဖော်ကြားသည်
ရှေးဖျားပုဂံပြည် ဖြစ်လတ့်–
* ထိုအခါ၌၊ ခုပါဘီလူး
အင်ဖက်ရှူး၍၊ ကြည်နူးသဒ္ဒါ

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓါဆို၊ နေကာမိုး၍ ပေးခဲ၏။
* ယင်းအညာလိုလ်စိတ်၊ အကြောင်းဟိတ်ကြောင့်
နိမိတ်တွင်းပြန်၊ ပြည်ပုဂံ၌
ဘုန်းကံကြီးခြင်း၊ ဘီလူးမင်းဟု
သောင်းတွင်း ကြေညာခဲ့ရသည်။
* စလေငွေး၊ နာမည်မွေးသား
ကျင့်ရေးပျက်ချော်၊ မသူတော်သည်
မလျော်အသေချက်၊ နွံအိုင်ဗွက်၌
အသက်ဆုံးရှုံးခဲ့ရသည်။
* ခမည်းတော်သတ်၊ ဓာတသတ်ဟု
နန်းရပ်လုယူ၊ နရသူသည်
ကျင့်မှုသိမ်ဖျင်း၊ ယုတ်ညံ့ခြင်းကြောင့်
ရှစ်သင်းကုလား၊ ရှစ်စင်းဓားဖြင့်
လွှားလွှားပိုင်း၍ သေခဲ့သည်။
* မင်းခွေးချေးဟု၊ ပျံ့မွေးဂုဏ်ရည်
နရသီလည်း မကြည်မသာ
မလိမ္မာ၍၊ လွန်စွာအမှား
ပြုသောအားဖြင့်၊ များပြားစစ်သည်
တရုတ်တပ်ချီက၊ နေပြည်အောက်ရွာ
ထွက်ပြေးပါသော်၊ ရွှေတ္တရာမြို့စား
ရန်ငြိုးထားလျက်၊ သားတော်အဆိပ်ခတ်
လုပ်ကြံသတ်၍



သက်ပြတ်ခန္ဓာကြွေရသည်။
* သူငယ်ချင်း
မင်းစဉ်းစားကြည့်၊ မင်းလည်း သိ၏
ဘုန်းရှိကံရှိ၊ မှန်ပါဘိလည်း
ယုတ်၏ မာ၏၊ စဉ်းလဲ၏မို့
မချိုပြည်သူ၊ အိုးသို့ပူခဲ့
သုံးဆူမင်းညစ်၊ ဘီလူးခေတ်တွင်
ပြည်သစ်ပုဂံ၊ တည်ရစ်မဟုန်သည်
ကံဆိုးခဲ့ကြသည့် ပုဂံပြည်သူများ။ ။

သုတေသီတစ်ဦး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ၂၅။ ပုဂံကို ပျက်စေသူအကြောင်း

မြန်မာ့သမိုင်းတွင် ပုဂံကို ထည့်မပြော၍ ရကို မရပါ။ ပုဂံသည် ယခုထိ မြန်မာပြည်တွင် မျက်မြင်ထင်ရှား လက်ညှိုးထိုးပြ၍ ရနေဆဲ သမိုင်းစင်စစ် ဖြစ်ပါ၏။ ပုဂံအကြောင်းပြောလျှင် ပုဂံကို 'ဖြစ်' စေခဲ့သော အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူတို့ကို မည်သူမျှ မထားပစ်ခဲ့ကြပါ။ သည်သို့ဆိုလျှင် 'ပျက်' စေခဲ့သော သူအကြောင်းကိုလည်း ပြောကို ပြောရပါလိမ့်မည်။

'နရသီဟပတေ့' ဆိုလျှင် 'ဟင်းခွက်သုံးရာ' ကိုတော့ ကြားဖူးကြသည်။ မြန်မာမင်းတစ်ပါးအကြောင်း စဉ်းစားရာတွင် အစားကြီးသည် ဆိုရုံလောက်နှင့်တော့ မပြီးသေးပါ။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၊ အစဉ်အလာ တစ်ခုကို ပျက်စေခဲ့သူဆိုတော့ ယင်းပျက်ခြင်းကို စေ့ဆော်ပေးသည့် သူ၏ ဖြစ်တည်ရာ၊ သူ၏ အကျင့်စရိုက်၊ ဦးနှောက်အသိ၊ ပတ်ဝန်းကျင်တို့ကို သိရပေမည်။

ယခု ဆရာ တက္ကသိုလ်စိန်တင်က ယင်းတို့အကြောင်း ရေးလိုက်ခဲ့ပြီးပြီ။ ဖတ်သူက တန်ဖိုးရှိသော အချိန်ကို 'ရင်း' ၍ ဖတ်သည်။ ယင်းသို့ ရင်းပြီးချိန်တွင် တစ်ခုခု 'ရ' လိုက်ပြီဆိုလျှင်တော့ စာရေးဆရာ တကယ်ပင် 'ပေး' လိုက်နိုင်ခဲ့ပါပြီ။

မမြင့်နိုင်

၉၊ ၅၊ ၂၀၀၀

www.burmeseclassic.com